# အခြေခံဥပဒေရေးရာဂျာနယ်

Journal of CONSTITUTIONAL AFFAIRS

No. 17, December 2003 ISSN 1513-9182

## အခြေခံဥပဒေရေးရာ

- လူမျိုးစုပြဿနာနှင့် အခြေခံဥပဒေရေးရာအဖြေများ
- ဥပဒေနှင့် လူထုဆက်သွယ်ရေး
- အခြေခံဥပဒေရေးရာ သတင်းအတိုအထွာများ

## အမျိုးသားညီလာခံ

- နအဖအမျိုးသားညီလာခံ အဘယ်ပန်းတိုင်ဆီသို့နည်း

## တရားစီရင်ရေး

- ဆက်ဒမ်ဟူစိန် တရားစီရင်ရေးအခက်အခဲ

## တွေ့ဆုံမေးမြန်းခန်း

- ဒေါ်စန်းစန်းနှင့် တွေ့ဆုံမေးမြန်းခြင်း

## ပိုင်းခြားစိပ်ဖြာ သုံးသပ်ရာ

- အကာအကွယ်မဲ့နေသည့် အကြမ်းဖက်ခံ မြန်မာအမျိုးသမီးများ
- မေ (၃၀) ဒီပဲယင်းလုပ်ကြံမှုကြီး၏ နောက်ကွယ်ဖြစ်ရပ်များနှင့် တရားမျှတမှု

အမှတ်စဉ် (၁၇) - ၂၀၀၃ ဒီဇင်ဘာ လ

**မြန်မာနိုင်ငံရှေ့နေများကောင်စီ**
P.O. Box 29 Huamark Post Office, Bangkok 10243, Thailand
E-mail <blcsan@ksc.th.com>

**အခြေခံဥပဒေရေးရာစာစောင်၊ အမှတ်စဉ်(၁၇) ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ**

# မာတိကာ

## အခြေခံဥပဒေရေးရာ

- ◆ လူမျိုးစုပြဿနာနှင့် အခြေခံဥပဒေရေးရာအဖြေများ ၁
- ◆ ဥပဒေနှင့် လူထုဆက်သွယ်ရေး ၁၇
- ◆ အခြေခံဥပဒေရေးရာ သတင်းအတိုအထွာများ ၆၆

## အမျိုးသားညီလာခံ

- ◆ နအဖအမျိုးသားညီလာခံ အဘယ်ပန်းတိုင်ဆီသို့နည်း ၃၄

## တရားစီရင်ရေး

- ◆ ဆတ်ဒမ်ဟူစိန် တရားစီရင်ရေးအခက်အခဲ ၄၁

## တွေ့ဆုံမေးမြန်းခန်း

- ◆ ဒေါ်စန်းစန်းနှင့် တွေ့ဆုံမေးမြန်းခြင်း ၅၇

## ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

- ◆ အကာအကွယ်မဲ့နေသည့် အကြမ်းဖက်ခံ မြန်မာအမျိုးသမီးများ ၄၅
- ◆ မေ(၃၀)ဒီပဲယင်းလုပ်ကြံမှုကြီး၏ နောက်ကွယ်ဖြစ်ရပ်များနှင့် တရားမျှတမှု ၅၁

ထုတ်ဝေဖြန့်ချိ – မြန်မာနိုင်ငံရှေ့နေများကောင်စီ
မူပိုင် – မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် စာမူရှင်များ
မျက်နှာဖုံးဒီဇိုင်း – ဘမောင်ဇင်
ကွန်ပြူတာစာစီ – အဲလ်ဖရက်နိုးနို

ပညာပေးရေးအတွက် ထပ်ဆင့်ကူးယူဖြန့်ချိမှုများကိုအားပေးသည်။

အခြေခံဥပဒေရေးရာ

# လူမျိုးစုပြဿနာနှင့်အခြေခံဥပဒေရေးရာအမြင်များ

အာလံန် စမစ်

လူမျိုးစုများ၏နိုင်ငံရေး

လက်ရှိကာလတွင် အပြန်အလှန်ရန်လိုနေကြသော သို့မဟုတ် သံသယဝင်နေကြသော မြန်မာ့အဖွဲ့အစည်းများ၏ အထင်ကရ ခေါင်းဆောင်များသည် အနေးနှင့်အမြန်ဆိုသလို အခြေခံဥပဒေပုံစံသစ်တရပ်ကို ရေးဆွဲကြတော့မှာဖြစ်သည်။ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းသည် လွတ်လပ်ရေးရယူစဉ်က ရေးဆွဲခဲ့သော (၁၉၆၂ ခုနှစ်တွင် ဦးနေဝင်းက ပယ်ဖျက်ခဲ့သည့်) ၁၉၄၇ အခြေခံဥပဒေ၊ (ဦးနေဝင်း ဦးဆောင်ရေးဆွဲခဲ့သည့်) တပါတီစနစ်အောက်က ၁၉၇၄ အခြေခံဥပဒေတို့အပေါ် ချိန်ထိုးရေးဆွဲကြပါမည်။ ထို့အပြင် ပြည်ပရောက် အတိုက်အခံများကပြင်ဆင်ထားသော ဖက်ဒရယ်အခြေခံဥပဒေနှင့်နအဖစစ်အစိုးရက ၁၉၉၂ ခုနှစ်တွင် အမျိုးသားညီလာခံ (ယခုအခါ ရပ်ဆိုင်းနေသည့်) ခေါ်ယူကာ ချမှတ်ထားသော အခြေခံဥပဒေဆိုင်ရာမူများအပေါ်လည်း စဉ်းစားကြရပေမည်။ အခြေခံဥပဒေသစ်သည် တရားဥပဒေ စိုးမိုးရေးသို့ကူးပြောင်းရေးနှင့် မြန်မာပြည် ဒီမိုကရေစီနိုင်ငံရေး၊ ဒီမိုကရေစီအစိုးရဖြစ်ပေါ်ရေးအတွက် နည်းလမ်းများ ဖွင့်ပေးမှာဖြစ်သည်။ မြန်မာနိုင်ငံလူမျိုးစုခေါင်းဆောင်များကမူ ထိုထက်ပို၍၊ ၎င်းတို့အသိအမှတ်ပြုနိုင်သည့် မြန်မာနိုင်ငံသစ်တမျိုးကို လိုလားလျှက်ရှိကြသည်။ သို့သော်လည်း မြန်မာနိုင်ငံ၏လူမျိုးနွယ်စုများ မတူကွဲပြားခြင်းနှင့်၊ နိုင်ငံရေးအာဏာဗဟိုပြုမှုသမိုင်းကြောင်းနောက်ခံအရ ကွဲပြားခြင်းတို့ကြောင့် အနာဂတ်မြန်မာနိုင်ငံတွင် ၎င်းတို့၏ပါတ်သက်ဆက်ဆံမှုနှင့် စပ်လျဉ်း၍ ၎င်းတို့ဆန္ဒကို ကျယ်ပြန့်စွာ ပြောဆိုနေကြသည်။

မြန်မာတိုင်းရင်းသားလူမျိုးစု လူ့အသိုင်းအဝိုင်းအတွင်း၊ နိုင်ငံရေးအမြင်များစွာကိုလည်း တွေ့နိုင်သည်။ လူမျိုးစုအဖွဲ့အသိုင်းအဝိုင်းများအတွင်း၌လည်း (လူမျိုးစုဖြစ်ခြင်းနှင့်မသက်ဆိုင်ဘဲ) နိုင်ငံရေးအမြင်အရ သဘောတူညီချက်များရှိသလို သဘောမတူညီသည်များ

လည်းရှိသည်။ သို့သော်ငြားလည်း ဗမာမဟုတ်သောလူမျိုးစုများ တစုချင်းသည် ထူးခြားသည့် လူမျိုးစုလက္ခဏာရှိကြောင်းနှင့် ထိုလူမျိုးစုများထဲမှ တဦးဦးက ၎င်းတို့လူမျိုးစုကို ထိရောက်စွာ ကိုယ်စားပြုနိုင်ကြောင်း အမြင်များရှိထားကြသည်။ သို့သော် လူများစုဗမာများကမူ တိုင်းရင်းသားများလို လူမျိုးစုလက္ခဏာထုတ်ဖော်ခြင်းမရှိသလို၊ နိုင်ငံရေးအရ ကိုယ်စားပြုရန် အားထုတ်ခြင်းလည်းမရှိကြပေ။ မြန်မာနိုင်ငံသည် လူမျိုးစုများနှင့်ဖွဲ့စည်းထားသည့် လူမျိုးနိုင်ငံ(Nation-State) နိုင်ငံဖြစ်သည့်အတွက် ဗမာလူမျိုးများကမူ နိုင်ငံရေးတွင် လူမျိုးဖြစ်ခြင်းကို သိပ်ထည့်မစဉ်းစားပေ။ ထို့အပြင် ဗမာများဖြင့် ဖွဲ့စည်းထားသော နိုင်ငံရေးအဖွဲ့အစည်းများသည်လည်း သဘာဝအားဖြင့် အများအားဖြင့် မြန်မာတနိုင်ငံလုံးကို ကိုယ်စားပြုကြသည်။ ဗမာများသည် ပါတီစုံဒီမိုကရေစီကိုရှုမြင်ရာတွင် နိုင်ငံရေးသည် လူမျိုးစုမဲရွေးချယ်ပွဲထက် ဒေသအတိုင်းအတာ၊ တနိုင်ငံလုံး အတိုင်းအတာဖြင့် ထောက်ခံမှုရ ယူရာတွင် နိုင်ငံရေးပါတီများအကြား ပြိုင်ဆိုင်ပွဲဟုမြင်ကြသည်။ ဗမာများသည် မြန်မာ အမျိုးသားရေးဝါဒီဆီသို့ ဦးတည်ကြသည်။

လူမျိုးစုအဖွဲ့အစည်းများအတွင်း နိုင်ငံရေးနိုးကြွမှုရှိသောအစုများအား လူမျိုးစုပြဿနာဆိုသည် ဘာကိုဆိုလိုသလဲဟု မေးမြန်းရာတွင် ပြဿနာသုံးရပ်ကို ထပ်ခါတလဲလဲ ရှင်းပြကြသည်။

– လူမျိုးစုဒေသ (ပြည်နယ်) များလုယူခံရခြင်း (သို့) လစ်လျူရှုခံရခြင်း

ဗမာလူမျိုးလွှမ်းမိုးသည့် အစိုးရ၏မူများနှင့် လက်တွေ့လုပ်ဆောင်ချက်များကို ထင်ဟပ်လျက် လူမျိုးစုဒေသများမှာ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းနှင့် နောက်ကျကျန်နေရစ်ခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခံနေရခြင်းဟူသောခံစားချက်က လူမျိုးစုများတွင်ရှိသည်မှာ သံသယမရှိပေ။ ၎င်းတို့၏ဒေသများတွင် အခြေခံအဆောက်အအုံများ၊ စီးပွားရေးအခွင့်အလမ်းများ ကင်းနေသည် သို့မဟုတ် ၎င်းတို့ဒေသ၏ သဘာဝအရင်းအမြစ်များကိုသာ ထုတ်နုတ်ယူသွားကြပြီး အဆုံးအဖြတ်ပေးရမည့်နေရာများတွင်၊ အကျိုးအမြတ်ခံစားရမည့်နေရာများတွင် ဒေသခံများမရကြဟု လူမျိုးစုများက မြင်ကြသည်။ အဆိုပါအချက်များက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုမှုကိုအားပေးသော အချက်များဖြစ်သည်။

– နိုင်ငံဦးဆောင်မှုအဆင့် (အစိုးရအဆင့်) တွင် လူမျိုးစုခေါင်းဆောင်များ ကိုယ်စားပြုမခံရခြင်း

ဗမာလူမျိုးများအနေဖြင့် နိုင်ငံအဆင့် (National level) တွင် ဦးဆောင်ရန်အခွင့်အရေးနှင့် တာဝန်ရှိသည်ဟု ဗမာခေါင်းဆောင်များက ယူဆကြကြောင်း၊ ဗမာ့နိုင်ငံရေးနှင့် နိုင်ငံရေးခေါင်းဆောင်များက သွေးစည်းညီညွတ်မှုကိုပြလျက် မည်မျှအပြုသဘောဆက်ဆံစေကာမူ ၎င်းတို့အား မယုံကြည်သည့်အမြင်များ လူမျိုးစုခေါင်းဆောင်များတွင်ရှိကြသည်။ လူမျိုးစုခေါင်းဆောင်များကို နိုင်ငံအဆင့်ဦးဆောင်ရေးတွင် တိုကင် (နံပါတ်စဉ်ပုံစံ) ဖြင့်သာ

ပါဝင်ကြရကြောင်း မကြာခဏတွေ့ရသည်။

လူမျိုးစုများအခွင့်အရေးနှင့် အဆိုပါအခွင့်အရေးကို ဘယ်လူမျိုးအဖွဲ့အား ပေးအပ်သင့်သလဲ။

လူမျိုးစုအခွင့်အရေးကင်းမဲ့မှုကို ဖေါ်ထုတ်ပြသူများ၏ စဉ်းစားချက်များသည် ဗမာများလွှမ်းမိုးထားသည့်အစိုးရ (အစိုးရနှင့် စစ်တပ်အပါအဝင် အစိုးရ၏ဌာနအသီးသီး) သည် လူမျိုးစုများကို မမျှတစွာဆက်ဆံသည့် အနေအထားအမျိုးမျိုးကို ပေါ်လွင်စေသည်။

ဆိုလိုရင်းမှာ ဗမာလူမျိုးမဟုတ်သည့် လူမျိုးစုအသိုင်းအဝိုင်းများသည် မိမိတို့လူမျိုးနှင့် အခြားလူမျိုးစုအဖွဲ့အစည်းများပူးပေါင်း၍ ဗမာလူမျိုးများနှင့် အပြန်အလှန်ဆက်ဆံမှုမည်သို့တိုးတက်ဖေါ်ဆောင်မည်ဆိုသည်ကို အာရုံစိုက်ရပေမည်။ ဤတွင်လူမျိုးစုများ တိုင်းရင်းသားလူမျိုးစုများ၏ နိုင်ငံရေးသည် လူမျိုးစုလူ့အသိုင်းအဝိုင်းများအကြား ဆက်ဆံရေး၊ ဗမာနှင့် ဗမာမဟုတ်သူအသိုင်းအဝိုင်းများအကြား ညီမျှမှုရရှိရေးနှင့် စစ်မှန်သော ကိုယ်ပိုင်အုပ်ချုပ်မှုရရေးနှင့် အသိအမှတ်ပြုရေးတို့အပေါ်တွင်သာ တဝဲလည်လည် ဖြစ်နေသည်။ ဗမာမဟုတ်သောလူမျိုးများက လူမျိုးစုအမျိုးသားရေးဆီသို့ ဦးတည်ကြသည်။

လူမျိုးစုများ၏ဆန္ဒများနှင့် နစ်နာချက်များတရားဝင်ဖြစ်ရေးကိစ္စနှင့် ပါတ်သက်၍ ဗမာအထင်ကရနိုင်ငံရေးသမားများအကြား သဘောကွဲလွဲမှုရှိသည်။ ဗမာကြီးစိုးသည့် စစ်တပ်ကမူ မြန်မာပြည်မှ လူမျိုးစုခွဲထွက်ရေးကြိုးပန်းမှုကို တိုက်ဖျက်ရန်အလို့ငှာ ဗမာလူမျိုးအဖြစ်သွပ်သွင်းရေး (Burmanization) မှတဆင့် ဗမာအမျိုးသားရေးဝါဒီ ထုထောင်လိုကြသည်။ အတိုက်အခံ ဗမာခေါင်းဆောင်များကမူ ဗမာမဟုတ်သူများ၏နစ်နာချက်ကို အသိအမှတ်ပြုလိုကြသည်။ ဗမာမဟုတ်သူများ၏ လိုလားချက်ဆန္ဒကို ကျေနပ်စေဖို့ နည်းလမ်းများရှာဖွေသွားရန် သဘောထားရှိသည်။

ဤအရာအားလုံးတို့သည့် အနာဂတ်မြန်မာပြည်အတွက်အခြေခံဥပဒေရေးဆွဲရေး အစီအစဉ်တွင်ပြောဆိုကြရမည့် ခက်ခဲလှသော အကြောင်းအရာများဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် အမျိုးသားညီလာခံတွင် ဒီမိုကရေစီမကျမှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသားညီလာခံကို သပိတ်မှောက်ခဲ့ပြီး၊ ၎င်းဖာသာ အခြေခံဥပဒေသစ်တရပ်ကို ရေးဆွဲရန် ရည်ရွယ်ကြောင်းဆိုသည်။ စစ်အစိုးရက ဤသည်ကိုတုံ့ပြန်သည့်အနေဖြင့် အမျိုးသားညီလာခံကရေးဆွဲသော အခြေခံဥပဒေမှတပါး အခြားအခြေခံဥပဒေတခု ရေးဆွဲခြင်းကို တားမြစ်ခဲ့သည်။ အကျိုးဆက်အားဖြင့် အနာဂတ်မြန်မာနိုင်ငံ၏ အခြေခံဥပဒေနှင့် ပါတ်သက်၍ ပြည်ပရောက် အင်အားစုများက စတင်လှုပ်ရှားဆောင်ရွက်နေကြပြီး ဖက်ဒရယ်ရေးရာကိစ္စကို ပြည်ပရောက်လူမျိုးစုများနှင့် ဒီမိုကရေစီအင်အားစုများက ငြင်းခုံဆွေးနွေးလျက်ရှိကြသည်။ လူမျိုးစုလက်နက်ကိုင်တော်လှန်ရေးအုပ်စုများဖြင့် မဟာမိတ်ဖွဲ့ထားသော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) သည် ၁၉၇၆ ခုနှစ်တွင် တပ်ပေါင်းစုဖွဲ့ပြီးများမကြာမီ၌ ဖက်ဒရယ်စနစ်ကို လက်ခံလိုက်ကြသည်။ ၁၉၈၈ ခုနှစ်

မအောင်မြင်သော လူထုအုံကြွမှုကြီးဖြစ်ပွားပြီးနောက် နယ်စပ်ဒေသတွင် လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်ပရောက်ဒီမိုကရေစီထောက်ခံသူများက ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစုကြီး **(DAB)** ကို ဖွဲ့စည်းခဲ့ကြပြီးသောအခါ ဖက်ဒရယ်အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်ကို စတင်ခဲ့သည်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို နဝတကငြင်းဆိုခဲ့ပြီးသည့်နောက်ပိုင်း နယ်စပ်ဒေသသို့ ထွက်ပြေးလာကြသော လွှတ်တော်အမတ်များဖြင့် နယ်စပ်ဒေသအတိုက်အခံ များပါဝင်သည့် အမျိုးသားကောင်စီ **(NCUB)** ကို ဖွဲ့စည်းခဲ့ကြသည်။ တပ်ပေါင်းစုသစ်သည် ဒီအေဘီ၏ ဖက်ဒရယ်ပရိုဂျက် အစီအစဉ် ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပြည်ပရောက်လူမျိုးစုခေါင်းဆောင်များသည် **DAB-NCUB** ဖက်ဒရယ်အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်နှင့် အခြားလုပ်ဆောင်ချက်များစွာတို့တွင်ပါဝင်၍ လေ့လာမှုအတော်အတန်လုပ်ဖြစ်ခဲ့ကြသည်။ မကြာသေးမီက ပြည်နယ်အခြေခံဥပဒေရေးဆွဲရေးကိုလည်း တဆင့်တက် ကျိုးပမ်းလုပ်ဆောင်လာကြသည်။ ထို့ကြောင့် ပြည်ပရောက်လူမျိုးစုခေါင်းဆောင်များသည် မြန်မာပြည် အခြေခံဥပဒေသစ်နှင့်ပါတ်သက်၍ ၎င်းတို့နှင့်အဓိကသက်ဆိုင်သောအမြင်နှင့် သဘောထားအသံများကို တိုးမြှင့်ဆောင်ရွက်နိုင်သော အခွင့်အလမ်းများရှိခဲ့ကြသည်။ ၎င်းတို့အား ကျေနပ်နိုင်စေမည့် ဖက်ဒရယ် အခြေခံဥပဒေကိုမည့်သို့ပုံစံဖေါ်မည်ဆိုသည်နှင့်ပတ်သက်၍လည်း ၎င်းတို့၏အမြင်များကို ဖေါ်ပြလေ့ရှိကြသည်။ တခါတရံတွင် ထိုအမြင်ကို ပြည်ထောင်စုစစ်စစ်ဟူသောဝေါဟာရ ဖြင့်ဖေါ်ပြကြသည်။ တခါတရံတွင် (၁၉၄၇ ခုနှစ်က ဖွဲ့စည်းသည့် ပြည်ထောင်စုမြန်မာနိုင်ငံကဲ့သို့ အတုအယောင် ပြည်ထောင်စုနှင့်ကွဲပြားသည့်) တိတိကျကျတင်ပြချက်များရှိသည်။ ဥပမာ – အာဏာခွဲဝေရေး သို့မဟုတ် ဖက်ဒရယ်ပါလီမန်ဖွဲ့စည်းမှု။

အကျိုးရလဒ်အားဖြင့် လူမျိုးစုများ၏လိုအပ်ချက်ကိုရရှိစေနိုင်သည့် ရွေးချယ်စရာနည်းလမ်းမှာ နယ်ကျဉ်းစွာဖြင့် အခြေခံဥပဒေအရ ရွေးချယ်ခြင်းနည်းလမ်းမျှသာလျှင်ဖြစ်ကြောင်း ပြည်ပရောက်အုပ်စုများအကြား လက်ခံလာစေခဲ့သည်။ အဆိုပါကဲ့သို့ ကျဉ်းစွာရွေးချယ်မှုမှာ ဟန်ကျပုံမရ။ ထို့အပြင် ဤနေရာတွင်ရည်ရွယ်ရင်းမှာ ဖက်ဒရယ်အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင်ဖေါ်ပြရမည့် လူမျိုးစုခေါင်းဆောင်များနှင့် တိုင်းရင်းသားလူ့အသိုင်းအဝိုင်း၏ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထားသော ၎င်းတို့၏လိုလားချက် များကိုအာရုံစိုက်ရေးအစား လျော့ကန်သောအဖြေရရေးဖြစ်သည်။ ဤသည်မှာ ဘယ်လိုအခြေခံဥပဒေအရိုးခံကို ရေးဆွဲမလဲ ဆိုသည်ကိုခဏထား၍ ၎င်းတို့နှင့်စပ်ဆိုင်သော ပြဿနာရပ်များတွက် တုံ့ပြန်ရန်လိုအပ်ချက်များကို စဉ်းစားပေးရာရောက်သည်ဖြစ်၍ အတိုက်အခံများအတွက် လုပ်ပိုင်ခွင့်ရှိစေမည်ဖြစ်သည်။

## လူမျိုးစု၊ ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ရေးနှင့်ဖက်ဒရယ်စနစ်

လူမျိုးနွယ်စုအုပ်စုများနှင့် မျိုးနွယ်အုပ်စုခွဲများစွာရှိသော်ငြားလည်း နိုင်ငံရေးအရ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်စသည်ဖြင့် ဗမာမဟုတ်သည့် လူမျိုးစု (၇) စုအတွက် အသိအမှတ်

ပြုမှု တရားဝင်ရေးအတွက် သဘောတူညီမှုရှိခဲ့ကြသည်။ ၎င်းပြည်နယ်များသည် တောင်တန်းဒေသများဖြစ်ပြီး ဗမာအများစုရှိသည့် (ဗြိတိသျှခေတ်က ပြည်မဒေသဟုခေါ်သည့်) မြေပြန့်ဒေသကို ဝိုင်းရံထားသည်။ တနင်္သာရီတိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသတွင်ကဲ့သို့ ရန်ကုန်တွင် လူမျိုးများရောပြွန်းနေကြသော်လည်း အထက်ဆိုခဲ့သော လူမျိုးစုဒေသများတွင်မူ ဗမာမဟုတ်သောလူမျိုးများ အများဆုံးနေထိုင်ကြသည်။

ဖက်ဒရယ်အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်သော လူမျိုးစုခေါင်းဆောင်များသည် လူမျိုးစုပြည်နယ်များဖြင့် ဖွဲ့စည်းထားသော ပြည့်စုံသည့် ပြည်ထောင်စုဖြစ်စေရန် မြန်မာပြည်ခေါ် လူမျိုးစုနိုင်ငံရေးမြေပုံပေါ်တွင် ဗမာပြည်နယ်တခုရှိသင့်ကြောင်း အသိအမှတ်ပြုရေးကို လိုလားကြသည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေကို (တခါတရံ ပြည်ထောင်စုမကျတကျ အခြေခံဥပဒေ) ဟုညွှန်းကြသည်။ ထိုဥပဒေအရ ယွင်သီးခြားအုပ်ချုပ်ရေးရှိခဲ့သော ရှမ်းနှင့် ကရင်နီပြည်နယ်တို့သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ဖြစ်လာလျှက် မြန်မာပြည်မအပြင်၊ ကချင်ပြည်နယ်ကို ဖန်တီးခဲ့သည်။

ကရင်ပြည်နယ်ဖွဲ့စည်းရေးကို ခြွင်းချက်အဖြစ် ပြဌာန်းခဲ့သည်။ သဘောတူညီချက်အတိုင်း ချင်းပြည်ကို ချင်းဝိသေသတိုင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။ မြန်မာပြည်မဟုခေါ်သော ကျန်ဒေသများကို ဗဟိုအစိုးရနှင့် ၎င်း၏ဌာနဆိုင်ရာများက တိုက်ရိုက်အုပ်ချုပ်သည်။ (မွန်နှင့် ရခိုင်ပြည်နယ်တောင်းဆိုမှုကို ၁၉၆၀ ခုနှစ်အထိ အသိအမှတ်မပြုခဲ့)။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေသည် တပြည်ထောင်စနစ်ပုံစံဖြစ်သည်။ ၎င်းအခြေခံဥပဒေအရ အုပ်ချုပ်ရေးဇုံ ၁၄ ခု ထားရှိသည်။ ထို ၁၄ ခုအနက် ပြည်နယ် ၇ ခုကို လူမျိုးစုပြည်နယ်ဟုခေါ်ဆိုသည်။ လက်ရှိစစ်အစိုးရသည် ပြည်နယ် ၇ ခုနှင့် တိုင်း ၇ ခု ပေါ်မြူလာကို ပြန်သုံးရန် စဉ်းစားထားကြောင်း အမျိုးသားညီလာခံ၌ ဖေါ်ထုတ်ထားသည်။

အမျိုးသားကောင်စီ၏ အခြေခံဥပဒေမူကြမ်းသည် လူမျိုးစုပြည်နယ်များနှင့် ရောပြွန်းနေထိုင်သော လူမျိုးစုများ၏ ပြည်နယ်များ **(Muliti - ethnic states)** များဟု ပြဌာန်းထားသည်။ ၎င်းအခြေခံဥပဒေက ဗမာပြည်နယ်အပါအဝင် ပြည်နယ် ၈ ခုနှင့် ပြည်နယ်သစ်များအတွက် စဉ်းစားထားသည်။ (၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေများ ပြဌာန်းချက်များကို ထင်ဟပ်ဖေါ်ပြလျက်) အမျိုးသားကောင်စီနှင့် အမျိုးသားညီလာခံတို့က ပါလီမန်၏အထက်လွှတ်တော်ကို လူမျိုးစုအမျိုးသားများက ကိုယ်စားပြုရန် ပြဌာန်းထားသည်။ လူမျိုးစုများလွှမ်းမိုးပြီးအားကောင်းသည့် အထက်လွှတ်တော်မှတဆင့် ဗမာအများစုလွှမ်းမိုးသည့် အစိုးရကို ဆန့်ကျင်မည့် မဟာဗျူဟာကို ပြည်နယ် ၁၄ ခု ဖေါ်မြူ လာက ဥပေက္ခာပြုလိုက်သည်ဖြစ်၍ ပြည်နယ် ၈ ခုဖေါ်မြူလာနှင့် ပြည်နယ် ၁၄ ခုဖေါ်မြူ လာပြဿနာမှာ အပူတပြင်း ပြဿနာတရပ်ဖြစ်သည်။

## ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ဖက်ဒရယ်စနစ်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုသည်မှာ အများစုကို အများနှင့်ဆိုင်သော အကျိုးတရားလွှမ်းခြုံစေမည့်အာဏာများ အပ်နှင်းထားစဉ် လူမျိုးစုတိုင်းရင်းသားများနှင့်အထူးသက်ဆိုင်သောကိစ္စရပ်ကို ၎င်းတို့ကိုယ်တိုင် တိုက်ရိုက်ကျင့်သုံးနိုင်ရေး တောင်းဆိုနေကြသော လူမျိုးစု

တိုင်းရင်းသားများအားခွင့်ပြုရန် ဖန်တီးသောကရိယာပင်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကွဲပြားခြားနားသော တရားဝင်ပုံစံများဖြင့် သတ်မှတ်နိုင်သည်။ (Yash Ghai ၂၀၀၀ စာ–၈)

ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ရေးဆိုသည်မှာ ပထဝီနယ်မြေအလိုက် စုစည်းနေထိုင်ကြသော လူမျိုးအုပ်စုတခု သို့မဟုတ် တခုထက်ပိုသော လူမျိုးစုများရှိရာဒေသအတွက် အာဏာချုပ်ကိုင်မှုလျှော့ချပေးသော စနစ်ဖြစ်သည်။ ထို့အပြင် အဆိုပါအုပ်စုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေသတ်မှတ်ပေးနိုင်သည်။ (နယ်မြေအရ စုစည်းနေထိုင်ခြင်းထက် ပြန့်ကျဲနေထိုင်သော လူမျိုးစုများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုကြသည့် သာဓကများရှိသည်။ ဤနေရာတွင် ထိုသာဓကများကို စဉ်းစားမည်မဟုတ်ပါ။) ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တပြည်ထောင်စနစ်အတွင်းမှာလည်း ကျင့်သုံးနိုင်သည်။ အမှန်အားဖြင့် ၁၉၄၇ ခုနှစ် အခြေခံဥပဒေကို ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးပြဋ္ဌာန်းချက်အချို့ပါသော တပြည်ထောင်စနစ် အခြေခံဥပဒေဖြစ်သည်ဟု စဉ်းစားကောင်း စဉ်းစားနိုင်သည်။ ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုသည်မှာ နိုင်ငံတခုလုံးအတွင်းက အထူးဒေသတခု သို့မဟုတ် တခုထက်ပိုသောဒေသများကို ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ ပေးအပ်သည့် စနစ်တခုဖြစ်သည်။ (တခါတရံ အခြေခံဥပဒေဖြင့်ပြဋ္ဌာန်း သတ်မှတ်လေ့ရှိသည်။)

ပြည်ပရောက်မြန်မာအတိုက်အခံများ အာရုံအစိုက်ဆုံးမှာ ဖက်ဒရယ်စနစ်ပင်ဖြစ်သည်။ ဖက်ဒရယ်စနစ်ဟူသည် အစိုးရအဆင့်ဆင့်များအကြားတွင် အခြေခံဥပဒေအရ အာဏာချုပ်ကိုင်မှု လျှော့ချ ခွဲဝေပေးသည့် စနစ်ဖြစ်သည်။ အဆိုပါစနစ်တွင် အစိုးရအဆင့်တခုချင်းစီသည် ၎င်း၏စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း၌ အမြင့်ဆုံးဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေသည် ကိုယ်ပိုင်အုပ်ချုပ်ရေးယူနစ်များ (states, provinces စသည်ဖြင့်) သတ်မှတ်ပေးသည်။ ထို့အပြင် အခြေခံဥပဒေအရ သတ်မှတ်ထားသော ယူနစ်များအတွက် ပြည်ထောင်စု၏ အဆောက်အအုံအတွင်းမှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ပြဋ္ဌာန်းပေးသည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် လုံးဝကွဲပြားခြားနားသော ဖြစ်စဉ်နှစ်ခုမှ ပေါ်ပေါက်လာနိုင်သည်။ အစဉ်အလာအရ ဖက်ဒရယ်စနစ် (Classic federal system) သည် ပြည်ထောင်များစုပေါင်းခြင်းဖြစ်စဉ် (federating process)မှပေါ်ပေါက်လာသည်။ ဤဖြစ်စဉ်အရ တိုင်းပြည်များစုပေါင်းရာတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရှိထားသော တိုင်းပြည်ယူနစ်များသည် နိုင်ငံတော် (ဖက်ဒရယ်) အစိုးရ ပေါ်ပေါက်လာရေးနှင့်၊ စုပေါင်းလာသော ယူနစ်များနှင့် ဖက်ဒရယ်အစိုးရ အဆင့်အကြား အာဏာများကို ခွဲဝေရေးအတွက် ဆွေးနွေးပြီး အခြေခံဥပဒေတရပ်ရေးဆွဲကာ ပူးပေါင်းကြခြင်းဖြစ်သည်။

ဤပုံစံဖက်ဒရယ်ဖွဲ့စည်းမှုတွင် ပါဝင်ကြသောပြည်နယ်(ယူနစ်)များကို အချုပ်အခြာပြည်နယ်များဟုသဘောထားသည်။ ပေါ်ထွန်းလာသော ပြည်ထောင်စုကြီးသည်လည်း အချုပ်အခြာအာဏာပိုင်ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်တခုတွင်မူ အချုပ်အခြာအာဏာကိုခွဲခြား သို့မဟုတ် ဖြန့်ခွဲထားသည်။ ပြည်ထောင်စုဖွဲ့စည်းခြင်းသည် လူမျိုးစုခေါင်းဆောင်များကလိုလားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးပုံစံပင်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် အချုပ်အခြာအာဏာအတွက်၎င်းတို့၏သမိုင်းဝင် တောင်းဆိုချက်များ၊ ပြည်ထောင်စုတွင်ပါဝင်ခြင်း သို့မဟုတ် မပါဝင်ဘဲနေခြင်း (ပြည်ထောင်စုမှခွဲကောင်းခွဲထွက်ခြင်း) စသည့် ၎င်းတို့၏အခွင့်အရေးများကို သဘောပေါက် နားလည်ဟန်ရှိသောကြောင့်ဖြစ်သည်။ သို့သော် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းခြင်းပုံစံကို အချုပ်အခြာ ပြည်ထောင်များစုပေါင်းခြင်းဖြင့်မဟုတ်ဘဲ ဗဟိုချုပ်ကိုင်မှုအာဏာလျှော့ချခြင်း (decentralizing) ဖြင့်လည်းဖွဲ့စည်းနိုင်သည်။ ရှိပြီးဖြစ်သောနိုင်ငံတခုကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပုံစံ၊ ဒေသအကန့်များ (ပြည်နယ်ယူနစ်များ) ပိုင်းခြားသည့်ပုံစံဖြင့် ဒုတိယဆင့် အစိုးရကိုဖွဲ့ကာ အာဏာများခွဲဝေပေးခြင်းဖြင့် လည်း ဖက်ဒရယ်ပြည်ထောင်စုဖွဲ့နိုင်သည်။ ၎င်းကို ဖက်ဒရယ်ပုံစံပြုယူခြင်း (Federalizing process) ဖြစ်စဉ်ဟု ခေါ်နိုင်သည်။ (Smith 1997)

ပြည်ထောင်များ စုပေါင်းခြင်းဖြင့် ဖွဲ့စည်းသောဖြစ်စဉ်တွင် ယူနစ်အဖွဲ့ဝင်များက ဖက်ဒရယ်အစိုးရ ဖြစ်ပေါ်စေသည်။ ဖက်ဒရယ်ပုံစံ ပြုယူခြင်းဖြစ်စဉ်တွင် နိုင်ငံတော်အစိုးရက ပြည်နယ်များကို ဖေါ်ဆောင်သည်။ အနာဂတ်မြန်မာနိုင်ငံပြည်ထောင်စုဖွဲ့ရေးကို ဆွေးနွေးရာတွင် ရွေးချယ်စရာအဖြစ် (ခင်မောင်ဝင်း ၂၀၀၁) က ပြည်ထောင်များစုပေါင်းခြင်းဖြစ်စဉ်နှင့် ပြည်ထောင်စုပုံစံပြုယူခြင်း ဖြစ်စဉ်များကို ညွှန်းဆိုထားသည်။

## အချိုးညီနှင့်အချိုးညီမဟုတ်သောစနစ်များ **( Symmetrical and Asymmetrical System)**

အစဉ်အလာ ဖက်ဒရယ်စနစ် (Federating Preocess) သည် အချိုးညီစနစ်ဟု ဆိုနိုင်သည်။ ပြည်နယ်ယူနစ်အားလုံးတို့သည် ဥပမာ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စု အစိုးရအကြား ညီတူညီမျှအာဏာခွဲဝေမှု ရှိရမည်ဖြစ်သည် (ပုံစံ က)။ ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်သည် အချိုးညီမဟုတ်သောစနစ်ဟုဆိုနိုင်သည်။ ဥပမာ – နိုင်ငံ တော်အချို့အစိတ်အပိုင်းများသာ ကိုယ်ပိုင်အုပ်ချုပ်မှုအစီအမံရရှိသည်။ သို့မဟုတ် မတူညီ သောဒေသများအတွက် မတူညီသော ကိုယ်ပိုင်အုပ်ချုပ်မှုအာဏာရရှိခြင်းမျိုးဖြစ်သည်။ (ပုံစံ ခ)

(ပုံစံ က)  အချိုးညီဖက်ဒရယ်စနစ်



A၊ B၊ C၊ Dနှင့် E တို့သည် ပြည်ထောင်စုတွင်ပူးပေါင်းပါဝင်ကြသော ပြည်နယ်များ ဖြစ်ပြီး ဖက်ဒရယ်အစိုးရ (F)ကို ဖွဲ့ထားကြသည်။ ဖက်ဒရယ် အခြေခံဥပဒေအရ ပြည် နယ်များသည် ပြည်ထောင်စုအစိုးရနှင့် ဆက်ဆံရေးတွင် တန်းတူရည်တူအခွင့်ရှိကြသည်။

(ပုံစံ ၁) ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေး




တိုင်းပြည် (S) သည် ထူးခြားသော ဒေသ (၂) ခုကို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသအဖြစ် အသိအမှတ်ပြုပြီး၊ ၎င်းတို့၏ ပြည်နယ်တွင်းရေးရာကိစ္စများအတွက် ကိုယ်ပိုင် အစိုးရဖွဲ့ခွင့် ခွင့်ပြုထားသည်။

အမှန်အားဖြင့် ဖက်ဒရယ်စနစ်တွင် ဘာကြောင့်အချိုးမညီ မဖြစ်နိုင်ဆိုသည်ကိုမူ ခိုင်လုံသော အကြောင်းပြချက်မရှိပေ။ (ပုံစံအားဖြင့် ဖက်ဒရယ်စနစ်အတွင်းမှာမတူညီသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်အဆင့်များ ရရှိနေကြသည့် မတူညီသောပြည်နယ်များ သို့မဟုတ် ပြည်နယ်တခုချင်းစီ သတ်မှတ်ထားသော အာဏာခွဲဝေရရှိမှုများ။) ဤအချက်ကို Alfred Stepan က ၂၀၀၁ ခု ဇွန်လတွင် ကျင်းပသော "မြန်မာနိုင်ငံအသွင်းကူးပြောင်းရေးစီမံခြင်း" ဆွေးနွေးပွဲတွင် တင်ပြခဲ့သည်။ ၎င်းက မြန်မာနိုင်ငံအခြေအနေအရ လိုအပ်မှုနှင့်ပိုကိုက်ညီ သောစနစ်မှာ ဖက်ဒရယ်ဖွဲ့စည်းခြင်း (Symmetrical) ထက် အာဏာလျှော့ချဖွဲ့စည်း သည့် (Asymme-trical) စနစ်ဖြစ်ကြောင်း တင်ပြခဲ့သည်။ (Stepan 2002: Zaw Oo 2002) က NCUB အခြေခံဥပဒေကြမ်းတွင် ဖေါ်ပြထားသော (၈) ပြည်နယ် (Sym-metrical) ပုံစံနှင့်ပတ်သက်၍ ခြင်းချက်ထားကာ မြန်မာ့ခေါင်းဆောင်များက မွမ်းမံထား သော Asymmetrical ပုံစံ ဘယ်လဂျီယံနှင့် စပိန် ပြည်ထောင်စုပုံစံကို ပို၍အကြွမ်းတဝင် ရှိကြောင်း အပြုသဘော တင်ပြထားသည်။

(ပုံစံ ၄) အချိုးအစားမညီ ပြည်ထောင်စု (Asymmetrical Federation)



V၊ W၊ X၊ Yနှင့် Z တို့သည် ဖက်ဒရယ်အဖွဲ့ဝင်ပြည်နယ်ယူနစ်များဖြစ်ကြပြီး (C) ဟူသောပြည်ထောင်စုအစိုးရရှိသည်။ ပြည်နယ်တခုခြင်းသည် ပြည်ထောင်စုနှင့် ဆက်ဆံရာတွင် (အာဏာခွဲဝေမှုအရ) မတူညီကြပေ။

မြန်မာနိုင်ငံအတွက် လူမျိုးစုကိုယ်ပိုင်အုပ်ချုပ်ရေး စဉ်းစားကြရန်ပုံ

မြန်မာပြည်၏သမိုင်းမှန်ကို တိတိပပ ပြောဆိုရန် လွယ်ကူလှသည်မဟုတ်ပါ။ ဥပမာ လွတ်လပ်ရေးကြိုးပန်းမှုကာလ၏ရလဒ်နှင့် အခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ်များကို မည်ကဲ့သို့ ပြန်လည်တင်ပြမည်ဆိုသည့်ကိစ္စမျိုး။ မြန်မာပြည်သည် ပြည်ထောင်များစုပေါင်းခြင်းဖြစ်စဉ် **(Federating process)** သီးသန့်လည်းမဟုတ်သလို အာဏာလျှော့ချပေးခြင်းသီးသန့် **(Decentralization procees)** မျိုးလည်းမဟုတ်ပေ။(နှစ်မျိုးစလုံးရောနှောပါဝင်နေသည်။) ပြည်ထောင်စုမြန်မာနိုင်ငံသည် တကယ်ပင် အစဉ်အလာအရ **(Symmetrical)** ဖြစ်သော ဖက်ဒရယ်စနစ်မဟုတ်ပေ။ သို့သော် မြန်မာတိုင်းရင်းသား အသိုင်းအဝိုင်းများက ၎င်းတို့ထင်ထားခဲ့သည်ကို၊ ၎င်းတို့ရရှိနေကြပြီဟုလည်းကောင်း၊ သို့မဟုတ် အကျိုးဖြစ်ထွန်းလာလိမ့်မည်ဟုလည်းကောင်း ယုံကြည်ခဲ့ဟန်တူသည်။ ဗြိတိသျှအစိုးရက မြန်မာပြည်ကို မြေပြန့်ဒေသ(ပြည်မဒေသ) **(Burma Proper)** နှင့် တောင်တန်းဒေသ **(Frontier Area)** ဟူ၍ ကွဲပြားသောပုံစံနှစ်မျိုးနှင့် အုပ်ချုပ်ခဲ့သည်။ ထို့အပြင် (တောင်တန်းဒေသများ၏ လွတ်လပ်ရေးတောင်းဆိုမှုကို ထောက်ခံခြင်းထက်) ထိုအုပ်ချုပ်ရေး ၂ မျိုးအောက်ရှိ ဒေသများအားပေါင်းစည်းစေရန် အမျိုးသားရေးလှုပ်ရှားမှုကို ဦးဆောင်ခဲ့သော ဖဆပလနှင့် သဘောတူညီမှုရခဲ့သည်။ ဗြိတိသျှ ဘာမားဟူသောဝိသေသလက္ခဏာ ၂ ခုနှင့်ပတ်သက်၍ ဗြိတိသျှတို့၏အမြင်ကို တောင်တန်းဒေသစုံစမ်းရေးကော်မတီ အစီရင်ခံစာ ၁၉၄၇ အပိုင်း ၁ တွင်တွေ့နိုင်သည် (ကရင်နီသည် မြေပြန့်ဒေသနှင့်ရော တောင်တန်းဒေသအုပ်ချုပ်ရေးနှင့်ပါ ကင်းလွတ်နေသည်။ သို့သော်လည်း ဗြိတိသျှတို့၏ သြဇာခံဖြစ်၍ ဗမာ့လွတ်လပ်ရေးအစီအစဉ်တွင် ဖိတ်ခေါ်ထားသည်။)

ဗမာများဦးဆောင်သည်ဟုဆိုနိုင်သော ဖဆပလ အမျိုးသားရေးလှုပ်ရှားမှုအဖွဲ့က အထက်ကပုံစံ ပြည်ထောင်စုမျိုးကိုလိုလားသည်။ သို့သော် တောင်တန်းဒေသလူမျိုးစုအချို့နှင့် (မြေပြန့်ဒေသလူမျိုးစုခေါင်းဆောင်အချို့) တို့က မလိုလားပေ။ ပင်လုံညီလာခံတွင် ဆွေးနွေးညှိနှိုင်းမှုနှင့် တောင်တန်းဒေသစုံစမ်းမှုတို့က ခွဲထွက်ခွင့်တောင်းဆိုချက်နှင့် သဘောဆန္ဒအလျောက် အစဉ်အလာအရ ပြည်ထောင်စုဖွဲ့ရေး အစီအစဉ် **(Federating process)** ကို အဖန်တလဲလဲ ညွှန်းဆိုထားသည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် အခြေခံဥပဒေရေးဆွဲကြသောအခါ ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ရေးပါသော အာဏာလျှော့ချရေး ပုံစံ၊ ပြည်ထောင်စုကို ပုံဖော်ခဲ့သည်။ ဖက်ဒရယ်အဆင့် အစိုးရသစ်ပေါ်ပေါက်လာခြင်းမရှိပေ။ ထိုမျှမက ပြည်မအစိုးရကို ပြည်ထောင်စုဟုခေါ်သော အစိုးရ၏အခန်း ကဏ္ဍအဖြစ် မှတ်ယူကြသည်။ ထိုပြည်ထောင်စုတွင် ရေီယာ (အစိတ်အပိုင်း) တချို့ကို ကိုယ်ပိုင်အုပ်ချုပ်ရေးရသော ပြည်နယ်အဆင့် ခွင့်ပြုပေးထားသည်။ အခြေခံဥပဒေက အချိန်အတိုင်းအတာဆွဲ၍

ခွဲထွက်ခွင့်ကို ပြဋ္ဌာန်းပေးခဲ့သည်။ ဤသည်မှာ လူမျိုးစုခေါင်းဆောင်များ၏ တစုံတရာ မျှော်လင့်ချက်ကို အခြေခံဥပဒေမူကြမ်းတွင် လမ်းညွှန်ထား၍ လူမျိုးစုများက အနိမ့်ဆုံးစည်းကမ်းချက်များဖြင့် လက်ခံခဲ့ခြင်းကို ရောင်ပြန်ဟပ်ခဲ့ပုံရသည်။ (၁၉၄၇ ခုအခြေခံဥပဒေ၏ ဆန်းပြားချက်များအကျဉ်း၊ ဂျိုးဇက်ဆေလ်းဗားစတိန်း ၁၉၉၉၊ စာ ၁၂–၁၃)၊ ဖက်ဒရယ်ပြည်ထောင်စုထက် ဒေသဆိုင်ရာအုပ်ချုပ်ရေးသို့ ဦးတည်ခဲ့သော တိုင်းပြုပြည်ပြုလွှတ်တော် ပဏာမ အစည်းအဝေးနှင့် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးများနှင့်ပတ်သက်၍ ဆွေးနွေးချက်များအတွက် (မောင်မောင်– ၁၉၅၉ တွင် ကြည့်ပါ)၊ တိုင်းရင်းသားများအမြင်နှင့် ပတ်သက်၍ (လျှံဆာခေါင် ENSCC ၂၀၀၂ များသို့ ကြည့်ပါရန်)။

စစ်မှန်သော ဖက်ဒရယ်အခြေခံဥပဒေပေါ်ထွန်းခြင်းမရှိသေးသည့်အတွက် လူမျိုးစုပြဿနာကို စီစစ်ရန် လူမျိုးစုခေါင်းဆောင်များအတွက် ယခုအချိန်အထိ အလားအလာရှိနေသေးသည်။ မြန်မာပြည် အခြေခံဥပဒေပေါ်ပေါက်ရေး အထမမြောက်သေးမှုမှာ ၁၉၄၇ နှစ်က အခြေခံဥပဒေလက်ခံခဲ့သောပုံစံသာမက အသေးစိတ်အချက်များနှင့် ထိုအချိန်က နိုင်ငံရေးတွင်ပါဝင်တို့ အခြေခံဥပဒေနှင့်အညီဆောင်ရွက်ရန် ပျက်ကွက် ခဲ့ကြခြင်းတို့အပေါ် အငြင်းပွားနိုင်ကြသည်။ (Federating process) အရ ကြီးမားသော အကျိုးကျေးဇူးမှာ အပြန်အလှန် လေးစားသော ခေါင်းဆောင်များအကြားဆွေးနွေးရေးလုပ်ငန်းစဉ်အတွက် သဘောတူညီမှုတခုကို ကြိုတင်ကြံဆခြင်းဖြစ်သည်။ သဘောတူညီမှုရသည်အထိ ဆွေးနွေးရန် တာဝန်ခံမှုနှင့် အပြန်အလှန်လေးစားမှုရှိကြလျှင် (ဤအခြေအနေမျိုးတွင် အသေးစိတ်အချက်များသည် ကျေနပ်ဘွယ်ရာမရှိသေးလျှင်ပင် ပြန်လည်၍ညှိနှိုင်းနိုင်သည်ဟု မှတ်ယူနိုင်သည့်အတွက်) အခြေခံဥပဒေ အတည်ပြုရေးနည်းလမ်းသည် အရေးကြီးမည် မဟုတ်ပါ။

လက်ရှိတွင် မြန်မာပြည်ကို အစဉ်အလာဖက်ဒရေးရှင်းပုံစံမျိုး (ပြည်နယ်တိုင်းက မိမိသဘောအရ ပြည်ထောင်စုမှာပါဝင်ခြင်း)နှင့် ကိုက်ညီအောင် ပြန်လည်ဖွဲ့စည်းရန်လူမျိုးစုခေါင်းဆောင်များက ဆန္ဒရှိနေကြပုံရသည်။ ထိုပုံစံသည် Symmetrical ပုံစံဖြစ်သည်။ ဥပမာ – ဖက်ဒရေးရှင်းထဲတွင် ဗမာပြည်နယ်တနယ်ရှိမည်။ ထိုပြည်နယ်သည် အခြားပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးအဆင့်တူမည်ဖြစ်သည်။ ဤသည်မှာ ဗဟို (ဖက်ဒရယ်) အစိုးရသစ်တရပ် ဖန်တီးလိုပုံရသည်။ ဤပုံစံသည် အမျိုးသားကောင်စီက ရေးဆွဲသော အခြေခံဥပဒေမူကြမ်းက လက်ခံသည့်ပုံစံဖြစ်သည်။ ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ မြန်မာစစ်တပ်၏ အတိတ်မှ မှတ်တမ်းများအရဆိုလျှင် အဆိုပါပုံစံကို သဘောတူရန်ခက်ခဲပေမည်။ အမျိုးသားညီလာခံ၌ ပြည်ထောင်စုအစိုးရသစ်ပုံကိုမဖေါ်ဘဲ ပြည်နယ် ၇ ခု နှင့် တိုင်း ၇ ခု (ပြည်မဒေသ)ဖြင့် အာဏာချုပ်ကိုင်မှုလျှော့ချရေး (Asymmetrically ပုံမျိုး) ပြဋ္ဌာန်းချက်များပါစေမည့်ပုံစံကို စွဲစွဲမြဲမြဲ ဖေါ်ဆောင်နေပုံရသည်။

ဤသည်ကို ညှိနှိုင်းမ၍ရနိုင်တော့သော သဘောမတူညီနိုင်မှုဆီသို့ ဦးတည်နေပြီဟု ရှုမြင်ရန် မလိုအပ်ပေ။ အခြေခံဥပဒေဆိုင်ရာ အဆောက်အအုံဆိုသည်မှာညှိနှိုင်းမှုဖြစ်စဉ်နှင့် ပုံဖေါ်မှု၏အခြေခံများမှ ရလာသော အဖြေပင်ဖြစ်သည်။ ညှိနှိုင်းမှုလုပ်ငန်းစဉ်သည် လုပ်ငန်း

စဉ်တွင်ပါဝင်သော ပုဂ္ဂိုလ်များ၏ ဆက်ဆံရေးစွမ်းရည်မှန်ပေါ်တွင် တစုံတရာအတိုင်းအတာအထိ ရောင်ပြန်ဟပ်ပေမည်။ သို့သော် ထိုပုဂ္ဂိုလ်များ၏ ဆွေးနွေးမှုစွမ်းရည်နှင့် အယူအဆများပေါ်တွင်လည်း ရောင်ပြန်ဟပ်ပေမည်။ စွမ်းရည်မှန်ကြောင့်သက်သက်ဖြင့် လူမျိုးစုခေါင်းဆောင်များ ဆန္ဒရှိနေသော Symmetrical ဖက်ဒရယ်ပုံစံမျိုးအမိအရဆုတ်ကိုင်နိုင်ဦးမည်မဟုတ်ပေ။ သို့သော် လူမျိုးစုလူ့အသိုင်းအဝိုင်းများ၏ အကျိုးစီးပွားမရရှိနိုင်တော့ပေဟူ၍ဖြင့် ကောက်ချက်မဆွဲသင့်ပေ။ အမှန်အားဖြင့် လူမျိုးစုလူ့အသိုင်းအဝိုင်းများအတွက် အခြေခံဥပဒေဆိုင်ရာ အဆောက်အအုံပုံစံက အခြားပုံစံထက် ပိုမိုကောင်းသော အကျိုးရလဒ်ကို မလွှဲမရှောင်သာ ပေးစွမ်းနိုင်သောအရာဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းမရှိပေ။ အကျိုးရလဒ်သည် ဆန္ဒနှင့် အသေးစိတ်အချက်အလက်များပေါ်တွင်သာ မူတည်သည်။

ညှိနှိုင်းဆွေးနွေးမှုတွင်ပါဝင်သော ပုဂ္ဂိုလ်များက ၎င်းတို့၏ လိုလားမှု၊ ဦးစားပေးမှုများနှင့်စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်းရှိထားပါက ၎င်းတို့၏ရည်ရွယ် ချက်များနှင့် ကိုက်ညီအောင် အခြားပုံစံများကိုလည်း ပြုပြင်တိုးချဲ့သွားနိုင်သည်။ လူမျိုးစုလူ့အသိုင်းအဝိုင်းများကိုကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် အာဏာချုပ်ကိုင်မှုများလျှော့ချပေးရန် လိုအပ်သောသဘော တူညီချက်ရနိုင်လျှင် လူမျိုးစုအကျိုးစီးပွားများရရေးကို ကိုယ်စားပြုတင်ပြတောင်းဆိုနေသူများအတွက် အခွင့်အလမ်းရရှိခြင်းပင်ဖြစ်သည်။ အာဏာခွဲဝေမှုနှင့် အရင်းအမြစ်များ သုံးစွဲခွင့်က ကိုယ်ပိုင်ပြဌာန်းခွင့်၏ ထိရောက်မှုကို ဆုံးဖြတ်မည်ဖြစ်သည်။ ထို့အပြင် ထိုအရာများသည် တပြည်ထောင်စနစ်တွင်သော်လည်းကောင်း၊ သို့မဟုတ်ဖက်ဒရယ်ပုံစံစနစ်တွင်သော်လည်းကောင်း သို့မဟုတ် ဖက်ဒရယ် မကျတကျပုံစံတွင်သော်လည်းကောင်း အခြေခံဥပဒေနှင့်အညီ ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်မှုများမှတဆင့် ရရှိနိုင်သည်။ သို့သော် အဓိကပြဿနာရပ်များနှင့်ပတ်သက်၍ လူမျိုးစုခေါင်းဆောင်များအတွင်း သဘောတူညီချက်ရရေး၊ ရပ်တည်ချက်တူရေးတို့မှာ ကြိုတင်လိုအပ်ချက်ဖြစ်သည်။ ခေါင်းဆောင်များအနေဖြင့် လူမျိုးစုအသိုင်းအဝိုင်းများ၏အကျိုးစီးပွားနှင့်လိုလားချက်များကို မည်သည့်ကိစ္စများက ထိခိုက်စေနိုင်သည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းသိရှိထားရပေမည်။ ထို့အပြင် စုပေါင်း၍သော်လည်းကောင်း၊ သီးခြားသော်လည်းကောင်း ဆွေးနွေးညှိနှိုင်းရန် အချိန်ရောက်လာပါက ထိရောက်သည့် ဆုံးဖြတ်ချက်များချနိုင်ရန် အဆင်သင့်ဖြစ်နေရမည်ဖြစ်သည်။

## လူမျိုးစုခေါင်းဆောင်များနှင့်ပြည်ထောင်စုအစိုးရ **(Ethnic leaders and national government)**

လူမျိုးစုခေါင်းဆောင်အချို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက်ပိုမို စိတ်ဝင်စားကြပုံပေါက်သည်။ ၎င်းတို့၏လူမျိုးအဖွဲ့အစည်းကို လွှမ်းမိုးခံရခြင်းမှ ကင်းဝေးလိုကြသည်။ အချို့က အမျိုးသားရေးဘဝတွင် ၎င်းတို့၏အခန်းကဏ္ဍကိုဖော်ဆောင်လိုကြသည်။ထိုသို့ဖော်ဆောင်ရာတွင် စစ်အာဏာရှင်များက ဟန့်တားနေသလို အာဏာရှင်လူများစုတို့ကလည်း ဟန့်တားမည်ဟုယုံကြည်နေကြသည်။ လူမျိုးစုခေါင်းဆောင်များ၏အမြင်မှာ ဗမာက

လူများစုဖြစ်နေ၍ လူမျိုးစုများ၏ဆန္ဒနှင့်လိုလားချက်များကို ထိုလူများစုနှင့် ၎င်းတို့၏ခေါင်းဆောင်များက လွှမ်းမိုးသွားမည်ကို အစိုးရိမ်ဆုံးဖြစ်သည်။ အစိုးရကို ဗမာလူများစုက အမြဲလွှမ်းမိုးထားသည်ဟု အမြင်ရှိကြသည်။ ဒီမိုကရေစီဆိုသည်က ၁၉၅၀ ခုနှစ်များက လူထုရွေးကောက်တင်မြောက်ခဲ့သည့် ပါလီမာန်ကို ဗမာလူများစုအားထိန်းချုပ်ခွင့်ပြုခဲ့သလို ဗမာလူများစုလွှမ်းမိုးရေးကို တရားဝင်ဖြစ်စေမည်ဟု မြင်ကြသည်။ DAB - NCUBဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေရေးဆွဲရေးတွင် ပါဝင်ကြသော လူမျိုးစုခေါင်းဆောင်များက ၁၉၄၇ ခုနှစ်အခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေနှင့် အခြား ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံများမှ လေ့လာရရှိထားသောဗဟုသုတများဖြင့် အခြေခံဥပဒေကိုရေးဆွဲကြရာ၌ အထက်လွှတ်တော် (လူမျိုးစုလွှတ်တော်)တွင် ဗမာမဟုတ်သော လူမျိုးစုများကလွှမ်းမိုးစေမည့် အားကောင်းသော အထက်လွှတ်တော်ဖြစ်ရန် အဆိုပြုကြသည်။

သို့သော်လည်း အထက်လွှတ်တော်ကတဆင့် လူမျိုးစုအကျိုးစီပွား ကာကွယ်ရေးကိုရှာသည့် မဟာဗျူဟာသည် အန္တရာယ်ရှိသည်ဟု ပြောရမှာဖြစ်သည်။ ထိုဗျူဟာမှာ ကာလတိုတွင် ပြည်နယ် ၈ ခုနှင့် ၁၄ ခု ဖေါ်မြူလာနှင့် ကာလရှည်တွင် လွှတ်တော် ၂ရပ်အကြား လူမျိုးစုအခြေပြု ပြိုင်ဆိုင်မှုနှင့် အစိုးရရပ်ဆိုင်းသွားမှု အလားအလာများဖြစ်စေမည့် ခါးသီးသည့် ထိပ်တိုက်ရင်ဆိုင်ရေးဆီသို့ ဦးတည်လျှက်ရှိသည်။ အထက်လွှတ်တော်ကို လူမျိုးစုများလွှမ်းမိုးရေးဆိုသည်မျိုးထက် ဗမာလွှမ်းမိုးရေးကိုမလိုလားဟူသည်ကို ၎င်းတို့အား တိုက်ရိုက်ပြောလိုက်လျှင် ပို၍အပြုသဘော မဆောင်ပေဘူးလား။

နောက်ချဉ်းကပ်နည်းတခုမှာ လူမျိုးစုများအား နိုင်ငံတော်အဆင့်အဖွဲ့အစည်းများမှ ဖယ်ချန်ထားခြင်းမရှိစေရန် အမျိုးမျိုးသော ရွေးကောက်ပွဲစနစ်များဖြင့် ကြိုးစားနိုင်သည်။ မဲဆန္ဒနယ်တနယ် ကိုယ်စားလှယ်တဦးစနစ်ကိုသုံးလျှင် နယ်မြေကို အစွဲပြုထောက်ခံကြမည်ဖြစ်၍ လူမျိုးစုပါတီ သို့မဟုတ် ကိုယ်စားလှယ်များ ကိုယ်စားပြုနိုင်မှာသေချာသည်။ သို့သော် ကိုယ်စားလှယ်ရရှိမှု လျော့နည်းကောင်း လျော့နည်းနေမည်။ အကယ်၍ ထောက်ခံမည့်မဲဆန္ဒရှင်များက ပျံ့နှံ့တည်ရှိနေမည်ဆိုလျှင် လူမျိုးစုပါတီများ၊ ကိုယ်စားလှယ်များက ကိုယ်စားပြုမှုဆုံးရှုံးသွားနိုင်သည်။ ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုမဲပေးစနစ်ကို သုံးပါက ၎င်းတို့ကိုထောက်ခံမှုအရ လူမျိုးစုပါတီများက ကိုယ်စားပြုနိုင်သည်။ ရွေးကောက်ပွဲစနစ်အမျိုးမျိုးနှင့်ပတ်သက်၍ Reynolds နှင့် Reilly (1997) စာအုပ်တွင်ကြည့်ပါ။ ပိုင်းခြားထားသည့် လူ့အဖွဲ့အစည်းများတွင် မတူညီသော ရွေးကောက်ပွဲစနစ်များသုံးခြင်း၏ အကျိုးဆက်ကို Reilly and Reynolds (1998) စာအုပ်တွင်တွေ့နိုင်သည်။ အနာဂတ်တွင် မြန်မာပြည်၌ မတူညီသော ရွေးကောက်ပွဲစနစ်ကိုသုံးခြင်း၏ အကျိုးဆက်နှင့်ပတ်သက်၍ Reynolds က ၂၀၀၁ ဇူလိုင်လတွင် ဘန်ကောက်၌ကျင်းပသော "Managing De-mocratic Transition in Burma" တွင် တင်ပြခဲ့သည်။ (ဇော်ဦး ၂၀၀၂) ရွေးကောက်ပွဲအခြေပြု ချဉ်းကပ်မှုနောက်တခုမှာ လူမျိုးစုလူ့အသိုင်းအဝိုင်းများအတွက် ကိုယ်စားပြုမှုပုံဖေါ်ခြင်းကို အာမခံချက်ရှိရန်အလို့ငှာ အစုအဖွဲ့ပုံစံ ကိုယ်စားပြုစနစ် သို့မဟုတ် လူမျိုးစုအထူးမဲစာရင်းများပုံစံဖြင့် လူမျိုးစုများ ကိုယ်စားပြုနိုင်ရန် အထူးပြဋ္ဌာန်းချက်ထားရှိရေး ဖြစ်သည်။ (Kymlicka 1995 အခန်း ၇)

လူမျိုးစုများ စုပေါင်းလိုက်လျှင်ပင် လူနည်းစုဖြစ်နေသေးသည့် မြန်မာနိုင်ငံ၌မူပြည်ထောင်စုအဆင့်တွင် အောက်လွှတ်တော် ရွေးကောက်ပွဲမှတဆင့် ပြည်ထောင်စုအစိုးရနှင့် အောက်လွှတ်တော်တွင် ဗမာများကလွှမ်းမိုးလိမ့်မည်ဟု လူမျိုးစုတိုင်းရင်းသားခေါင်းဆောင် များကယူဆနေကြသည်။

ခေါင်းဆောင်မှုအပိုင်းတွင် အဆက်မပြတ် ညှိနှိုင်းဆွေးနွေးခြင်း၏ အရေးကြီးမှုတိုးတက်ဖြစ်ထွန်းစေသည့် ဖက်ဒရယ်စနစ်လို ပို၍ အခြေခံကျသောအဖြေတရပ်မှာ လူ့အဖွဲ့အစည်း (community) အားလုံး၏ ဆန္ဒပါဝင်သောစနစ် (consociationalism) အဖြစ်အသိများသည့် ယူနစ်အဖွဲ့ဝင်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်စနစ်ကို လက်ခံခြင်း၊အချိုးချရွေးကောက်ပွဲစနစ်ကို လက်ခံခြင်း၊ ကိုတာ ခွဲတမ်းနှင့် အကျိုးတူ ဗီတိုအာဏာကျင့်သုံးမှုကိုလက်ခံခြင်းတို့ဖြစ်သည်။ ဤစနစ်တွင် အရင်းအမြစ်များကို လူဦးရေပေါ်တွင် အခြေခံ၍ ကိုတာ သဘောတူညီချက်ဖြင့် လူမျိုးစုအဖွဲ့အစည်းများအကြား သို့မဟုတ် နယ်မြေဒေသဆိုင်ရာများအကြား ခွဲဝေကြရသည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါတီအားလုံး၏ ကိုယ်စားလှယ်များ၏သဘောထား သို့မဟုတ် ဤကိစ္စတွင် လူမျိုးစု အသိုင်းအဝိုင်းတို့၏ သဘောထားများပါဝင်ရန် လိုအပ်သည်။ (Reilly and Reynald ၁၉၉၈ စာ ၁၉၆ Lijphart ၁၉၉၇) အများစု လွှမ်းမိုးသည့်စနစ်ဟုယူဆခြင်း၊ အစိုးရနှင့် အောက်လွှတ်တော်ရှိ အများစုအာဏာရှင်ကို အင်အားကောင်းသော အထက် လွှတ်တော်ကတဆင့် တန်ပြန်ရန်ပြင်ဆင်ခြင်းတို့အစား အစိုးရ (အုပ်ချုပ်ရေး သို့မဟုတ် ကက်ဘိနက်) တွင် လူမျိုးစုကိုယ်စားလှယ်များကိုကိုယ်စားပြုသည့် အစိုးရမျိုးဖြစ်စေရေးအတွက် (Consociational approach) ချဉ်းကပ်ရန်လိုအပ်သည်။ Lijphart 1984 စာ ၂၃ တွင် အကြံပြုထားသည်မှာ –

"လူမျိုးစုံလူ့အဖွဲ့အစည်းများတွင် ......... အများစုအုပ်ချုပ်ခြင်းသည် အများစုအာဏာရှင်ကိုဖြစ်စေပြီး၊ ဒီမိုကရေစီထက် ပဋိပက္ခဖြစ်ပွားမှုကို ဖြစ်စေသည်။ အဆိုပါလူ့အဖွဲ့အစည်းက လိုလားသည်မှာ အတိုက်အခံပြုခြင်းထက် လူမျိုးအသီးသီးတို့၏ သဘောဆန္ဒကို အလေးထားသည့်၊ ဘေးဖယ်ထားခြင်းထက် ပါဝင်ပတ်သက်ခွင့်ပြုသည့်၊ အများစုရရုံသက်သက်ဖြင့် ကျေနပ်နေခြင်းထက် လူမျိုးအများစုအုပ်ချုပ်သည့် ပမာဏကို အများဆုံးဖြစ်အောင် ကြိုးပန်းသည့် ဒီမိုကရေစီအစိုးရမျိုးဖြစ်သည်။ (Consensus democracy) မျိုးဖြစ်သည်။"

Lijphart က ဒီမိုကရေစီ (၅၁) နိုင်ငံကို စစ်တမ်းကောက်၍ အများစုလွှမ်းမိုးသည့်ပုံစံ (majoritarian model) နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် လူမျိုးအသီးသီး၏ဆန္ဒပါဝင်သော (Consensus model) ဒီမိုကရေစီပုံစံကို အထောက်အကူပြုသောလက်တွေ့လုပ်ဆောင်ချက်များကို ရှင်းရှင်းလင်းလင်းဖေါ်ပြရန် ကြိုးပန်းခဲ့သည်။ မြန်မာပြည်ကိစ္စဆွေးနွေးချက်နှင့်ပတ်သက်၍ ၎င်း၏အရေးကြီးဆုံး မြင်တွေ့ချက်မှာ ဖက်ဒရယ်စနစ်များမှာအများစုလွှမ်းမိုးရေးမျှသာဖြစ်ပြီး တပြည်ထောင်စနစ်သည် လူအသီးသီး၏ တစိတ်တသဘောတည်းဖြစ်မှုကိုဆောင်စေနိုင်သည်ဟူ၍ ဖြစ်သည်။

မြန်မာလူမျိုးစုခေါင်းဆောင်များအဖို့မူ ဖက်ဒရယ်စစ်စစ်ပုံစံအပေါ် အလေးအနက် တိုက်တွန်းခြင်းထက် နိုင်ငံတော်အဆင့် **(National level)** တွင် ဆုံးဖြတ်ချက်ချရာ၌ လူမျိုးအသီးသီး၏သဘောထားအားလုံးပါဝင်သည့်ပုံစံမျိုးလိုအပ်သည်ကို အလေးအနက် ထားရန် ပိုအရေးကြီးသည်။ ထို့အပြင် ကိုယ်ပိုင်အုပ်ချုပ်ရေး၏ အခြေခံအစစ်အမှန်များနှင့် လူနည်းစုအခွင့်အရေး ကာကွယ်ရေးတို့အတွက်လည်း အလေးထားရန် အရေးကြီးပေသည်ဟု ကောက်ချက်ချနိုင်သည်။

## လူမျိုးစုအခွင့်အရေး

လူမျိုးစုအခွင့်အရေးကိစ္စရပ်သည် အမှန်ပင်ရှုတ်ထွေးသည်။ ရှုဒေါင့်အမျိုးမျိုးရှိသည်။ လူမျိုးစုများ၏ နစ်နာချက်သည် မြန်မာ့တပ်မတော်နှင့် လူမျိုးစုသူပုန်များတိုက်ပွဲဖြစ်နေသည့် ဒေသများတွင် လူမျိုးစုအရပ်သားများအပေါ် မဟုတ်မတရားပြုခြင်းမှသည် မျက်ကန်းမျိုးချစ် အစိုးရ ပေါ်လစီမူဝါဒများနှင့် အပြုအမူများမှတဆင့် လူမျိုးစုများအား (ဥပမာ ဘာသာ စကားပေါ်လစီ၊ အစိုးရဝန်ထမ်းလုပ်ငန်းတွင် ရာထူးတိုးပေးခြင်း၊ ဝန်ထမ်းသစ်များခန့်အပ် ခြင်းတို့၌) ခွဲခြားဆက်ဆံနေသည်အထိ တန်းစီပြီးရှိနေသည်။

လက်နက်ကိုင် ပဋိပက္ခဖြစ်နေသောဒေသများတွင် အရပ်သားများအခွင့်အရေး ချိုးဖေါက်ခံရမှုအတွက် အထောက်အထားများကို ခိုင်ခိုင်လုံလုံ စုဆောင်းထားရှိကြသည်။ ထိုအထောက်အထားများမှာ စစ်ဖြစ်နေသောဒေသတွင် စစ်သားများ၏ ဆောင်ရွက်မှုများကို တာဝန်ရှိသူများနှင့်တပ်မှူးက အပြည်ပြည်ဆိုင်ရာဥပဒေနှင့် လူထုအား ပဏာမခန့်ပြုမှုကြောင်းထင်ဟပ်စေမည့် စနစ်တကျ လုပ်ဆောင်ထားသောအထောက်အထားများဖြစ်ပုံရသည်။ အဆုံးတွင် သက်ဆိုင်ရာအခွင့်အရေးများသည် ပြည်တွင်းစစ်ကာလနှင့် ပြည်တွင်းစစ်ဖြစ်သည့်နေရာရှိ အရပ်သားများ၏ အခွင့်အရေးဖြစ်သည်။ ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိစေရန်အလို့ငှာ အရပ်သားများကို လေးစားလာအောင် စစ်သားများအား ပြန်လည်သင်တန်းပေးခြင်း၊ ပြည်တွင်းလုံခြုံရေးကိစ္စတွင် စစ်တပ်အဖွဲ့အစည်းများ၏ တာဝန်ရှိမှုကို ဖယ်ရှားခြင်းနှင့် သူပုန်ထရမှုအကြောင်းကို ရှင်းပြစေခြင်းဖြင့် ရေရှည်တွင် ကုစားခွင့်နိုင်ပုံရှိသည်။

ဤသည်တို့မှာ တစုံတရာအားဖြင့် အနာဂတ်အစိုးရသစ်မှ တာဝန်ယူလုပ်ဆောင်ရမည်။ သို့သော် အဆိုပါကိစ္စရပ်များကို လုပ်ဆောင်ရန်အတွက် အစိုးရအပြောင်းအလဲဖြစ်သည်အထိ စောင့်ဆိုင်းနေရန်မလိုပါ။ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲအပါအဝင်စစ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးခွင့်ကြုံသည့်အခါတိုင်း လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများက အဆိုပါကိစ္စကို တင်ပြဆွေးနွေးသင့်သည်။ ရွာများထဲမှ စစ်သားများထွက်ခွာပေးရေးနှင့်၊ လက်နက်ကိုင်အဖွဲ့များနှင့် အရပ်သားများအပြန်အလှန်ရှိရမည့် ကျင့်ဝတ်တို့အတွက်သဘောတူညီမှုရအောင် အပြင်းအထန် ဆောင်ရွက်ခြင်းသည်လည်း ယခုရရှိပြီးသောအဆင့်ထက် ပိုမိုအပြုသဘောဆောင်သော အပစ်အခတ်ရပ်စဲရေး ရရှိစေမည့် နည်းလမ်းတခုဖြစ်ပေသည်။ ဒုက္ခသည်များပြန်လည်ပို့ဆောင်ရေးကိုလည်း ကြိုတင်လိုအပ်ချက်တရပ်အနေနှင့်

သဘောထားသင့်သည်။

သို့သော်လည်း အမှန်တကယ်လူမျိုးစုအခွင့်အရေးပြဿနာရပ်များသည် လက်နက်ကိုင် ပဋိပက္ခများကိုဖြစ်ပွားစေခဲ့သည်။ လူမျိုးစုအခွင့်အရေးများတွင် လွတ်လပ်ရေးရစက အမည်မျှသာအသိအမှတ်ပြုရခဲ့ပြီး နောက်ပိုင်းတွင် လစ်လျူရှုခြင်းခံခဲ့ရသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်၊ ခွဲခြားမှုကိုကာကွယ်ခြင်းနှင့် လူမျိုးစုများအခြေအနေ၊ ဘာသာရေးအရ ဘာသာစကားကွဲပြားမှုအရ လူနည်းစုများ အခြေအနေကို မြှင့်တင်ခြင်းတို့ရည်ရွယ်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးပြဋ္ဌာန်းချက်များ ပါဝင်သည်။ လက်နက်ကိုင်လှုပ်ရှားသော အဖွဲ့ခေါင်းဆောင်များကမူ လူနည်းစုများ၏ စာပေ၊ ဘာသာစကားအသုံးပြုမှုကို နှစ်မြို့ခြင်းမရှိပေ။ ၎င်းတို့က ထို့ထက်ပိုကျယ်ပြန့်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုစေလိုကြသည်။ ဤအချက်ကိုနားလည်သော်လည်း လူမျိုးစု၊ လူနည်းစုများနှင့်စပ်လျဉ်း၍ အမြင်မတူညီကြမှုအပေါ် အကြောင်းမလှဖြစ်နေကြရသည်။

ဩစတြေလျပုံစံ၊ အမေရိကန်ပုံစံထက် မြန်မာနိုင်ငံလို **(National minorities)** လိုပုံစံမျိုးရှိနိုင်ငံတွင် လူနည်းစုအခွင့်အရေးကို (ဥပမာ – ၁၉၉၂ ခုနှစ် ကုလသမဂ္ဂလူနည်းစုကြေညာချက်) လူနည်းစုများ၏ မတူညီသော ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဘာသာရေးတို့ကို ဖြစ်နိုင်သမျှ ထိမ်းသိမ်းနိုင်ရန် ဆောင်ရွက်ပေးရမည့်အခြေအနေများဟု အဓိပ္ပါယ်ဖွင့်ဆိုကြသည်။ ထိုသို့ ထိန်းသိမ်းနိုင်ရန် တစုံတရာသော အခြေအနေအောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးပြဋ္ဌာန်းပေးခြင်းဖြင့် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ လူနည်းစုအခွင့်အရေး **"…** အပြည်ပြည် ဆိုင်ရာဆက်ဆံရေးတွင် ထင်ထင်ရှားရှားပြန်ဖြစ်လာခဲ့သည်။**" (kymlicka 1995 p.5)** လူနည်းစုများနှင့်ပတ်သက်၍ ဖြစ်ထွန်းလာသော အပြည်ပြည်ဆိုင်ရာစံများဖြင့် အသိအမှတ်ပြုနိုင်ရန် ပြည်ပရှိ လူမျိုးစုခေါင်းဆောင်များက မဆောင်ရွက်နိုင်ခြင်းသည် ၎င်းတို့၏လူမျိုးစုအသိုင်းအဝိုင်းအား အကာအကွယ်ပေးနိုင်မည့် ပြဋ္ဌာန်းချက်ကို မည်သို့ဆောင်ရွက်ရမည်ဆိုသည်နှင့် အကျွမ်းမဝင်ဖြစ်နေစေသည်။ ဤအချက်ကလည်း ဝမ်းနည်းစရာပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ လူ့အခွင့်အရေးဥပဒေနှင့် ပတ်သက်၍ ၎င်းတို့လက်ရှိရနေသော အပြည်ပြည်ဆိုင်ရာတိုးတက်ထောက်ခံ၏ လက်တွေ့အကျိုးဖြစ်နိုင်သော အလားအလာ ရှိနေသောနေကြောင့်ဖြစ်သည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသော ဝေါဟာရသည် ကိုလိုနီစနစ်ဖျက်သိမ်းရေးကာလတွင် ကိုလိုနီနယ်မြေများအား လွတ်လပ်ရေးပေးရေးဟူသော အခွင့်အရေးနှင့် ယေဘုယျအားဖြင့် အတူတူပင်ဖြစ်၍ ထိုဝေါဟာရသည် လူမျိုးစုခေါင်းဆောင်များအတွက် ပိုမိုဆွဲဆောင်မှုရှိပေမည်။ ထိုဝေါဟာရက သီးခြားတည်ရှိမှုအဖြစ် ဆက်လက်အသိအမှတ်ပြုရေးအတွက် လူမျိုးစုခေါင်းဆောင်များ၏ တောင်းဆိုမှုကို တရားဝင် ဖြစ်စေရန်အလို့ငှာ လူမျိုးစုနယ်မြေများတွင် ကိုလိုနီခေတ်က ဗြိတိသျှတို့သဘောတူခဲ့သော ကိုယ်ပိုင်အုပ်ချုပ်မှု၊ သီးခြားဖြစ်မှု၊ ထူးခြားမှု စသည်တို့အပေါ် ထိုကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသော ဝေါဟာရအား လူမျိုးစုများက အခွင့်ကောင်းယူရန်ဖြစ်စေခဲ့သည်။ တိုင်းရင်းသားအဖွဲ့များစွာတို့က အနာဂတ်တွင် မြန်မာနိုင်ငံမှ သီးခြားတည်ရှိကြနိုင်မည်ဟု စိတ်ကူးယဉ်ခဲ့ကြသည်။ ကုလသမဂ္ဂအဖွဲ့အစည်း စတင်စကာလတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ပတ်သက်၍ နိုင်ငံတကာ ဖေါ်ဆောင်မှုမှာ (ဥရောပ)

နိုင်ငံများ၏ ကိုလိုနီအုပ်ချုပ်မှုအောက်ရှိ ကိုယ်ပိုင်အစိုးရမရှိသော နယ်မြေများအတွက်သာ လွတ်လပ်ရေးရခွင့်ရှိသည်ဟူသော ကျဉ်းမြောင်းသည့် အဓိပ္ပါယ်အရသာ ဖေါ်ဆောင်ကြခြင်း ဖြစ်သည်။ လွတ်လပ်သောနိုင်ငံများ၏ နယ်မြေဆိုင်ရာတန်းတူတည်ရှိမှုများကို ကုလသမဂ္ဂ တာဝန်ခံချက်နှင့်အတူ အဆိုပါနိုင်ငံရှိလူများ၏ (ကိုလိုနီအောက်မှ လွတ်မြောက်ပြီးသော နိုင်ငံများအပါအဝင်) တောင်းဆိုချက်များက ကုလသမဂ္ဂ၏လိုလားမှုပြင်ပကိုကျော်၍ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အဓိပ္ပါယ်ကောက်ဆိုကြသည်။ အဆိုပါ တောင်းဆိုချက်များနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာက လွတ်လပ်ရေးဆိုသည်ထက် တိုင်းပြည်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေး ကိုသာ အများဆုံး ထောက်ခံကြပုံရသည်။ ဆိုဗီယက်ယူနီယံနှင့် ယူဂိုဆလာဗ်ပြည်ထောင်စု ပြိုကွဲမှုဖြစ်ခဲ့သည့် ချွင်းချက်များရှိသော်ငြားလည်း ၎င်းတို့က မူ၊ စည်းမျဉ်းများကို လက်ကိုင်ပြုကြသည်။ လက်တွေ့အားဖြင့်မူ ကိုယ်ပိုင်ပြဌာန်းခွင့်အနေဖြင့် မြန်မာ့လူမျိုးစု ခေါင်းဆောင် များ မျှော်မှန်းနိုင်သည်မှာ ကိုယ်ပိုင်အုပ်ချုပ်မှုပုံစံတခု ဖြစ်သည်။

တိုင်းရင်းသားလူမျိုးစုပြည်နယ်များအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးအယူအဆနှင့် ပတ်သက်၍ အချက်တချက်ထပ်မံတင်ပြလိုသည်။ လူမျိုးစုပြည်နယ်တခုသည် အနှစ်သာရ အားဖြင့် နယ်မြေဆိုင်ရာ ယူနစ်တခုဖြစ်သည်။ သို့သော်ငြားလည်း ထိုနယ်မြေအဝန်းအဝိုင်း အတွင်း လူမျိုးစုတခုက အများစု ဖြစ်မည်။ သို့ဖြစ်၍ ထိုလူများစုက ပြည်နယ်၏ အစိုးရ နေရာအများရမည်ဖြစ်သည်။ သို့သော် ထိုကဲ့သို့သော မည်သည့် ပြည်နယ်၌မဆို ယခင်က တည်းက အခြေချနေထိုင်သူများ သို့မဟုတ် မကြာမီကပြောင်းရွှေ့လာသူများဖြင့် အခြား သော လူမျိုးစုများလည်းရှိမည်ဖြစ်သည်။ ပြည်နယ်ခေါင်းဆောင်များသည် ပြည်နယ် အတွင်းရှိ လူနည်းစုများ၏ အခွင့်အရေးကို အကာအကွယ်ပေးခြင်း၊ အသိအမှတ်ပြု ခြင်းနှင့် ပတ်သက်၍ တာဝန်ယူမှုကို ရှင်းလင်းစွာပြသရန် လိုပေသည်။ ထိုခေါင်းဆောင်များကထိုသို့ တာဝန်မယူပါက တယူသန် တိုင်းရင်းသားအမျိုးသားရေး ဝါဒီသို့ရွေ့ရှသွားရန် အလား အလာရှိသည်ဟုလည်းကောင်းလူမျိုးသန့်စင်ရေးဖြစ်နိုင်ဘွယ်ရှိသည်ဟုလည်းကောင်း နိုင်ငံတကာ လူ့အဖွဲ့အစည်းအနေဖြင့် တုံ့ပြန်နိုင်ဘွယ်ရှိသည်။ နိုင်ငံတကာလူ့အဖွဲ့အစည်း အနေဖြင့် စိုးရွံ့သွားဘွယ်ရှိသည်။ ဤသည်မှာ လူနည်းစုအခွင့်အရေးနှင့်စပ်လျဉ်း၍ လက်ရှိစံများနှင့် လက်တွေ့အကောင်အထည်မှုများကို တိုင်းရင်းသားခေါင်းဆောင်များ အသေအချာ အကြွမ်းတဝင်ရှိရန် ဘာ့ကြောင့် လိုအပ်သည်ဟူသော နောက်ထပ် အကြောင်းရင်းဖြစ်သည်။

*(၂၀၀၃ ခုနှစ် ဩဂုတ်လထုတ်* ***Legal Issues Journal*** *အမှတ် ၁၅ တွင် ဒေါက်တာ အာလံစမစ်၏* ***Ethnic Problem and Constitutional Solutions*** *ဆောင်းပါးကို ဦးဝင်းမောင်မှ ဘာသာပြန်ဆိုဖေါ်ပြခြင်းဖြစ်သည်။ ဤဆောင်းပါးတွင်တစုံတရာ အမှားအယွင်း ပါရှိပါက ဘာသာပြန်ဆိုသူ၏ အားနည်းချက်သာဖြစ်သည်။)*

အခြေခံဥပဒေရေးရာ

# ဥပဒေနှင့်လူထုဆက်သွယ်ရေး

## Law & Mass Media

**လှဒွေး**

"တိုင်းပြည်တခုကိုကိုယ်စားပြုတဲ့ သတင်းစာတစောင်ကိုသာ ဖန်တီးခွင့်ရပါစေ၊ အဲဒီတိုင်းပြည်ရဲ့ဥပဒေကို မည်သူပင်ပြုပြု ကျွန်ုပ်မမှုပါ "

သောမတ်(စ်)ဂျက်ဖာဆင်
Thomas Jefferson (1743 - 1826)

"ရန်လိုတဲ့ စတုတ္ထမဏ္ဍိုင်သတင်းစာတစောင်ဟာ လှံစွပ်ပေါင်းတထောင်ထက် ပိုကြောက်လန့်ဖို့ကောင်းတယ်။"

နပိုလီယန်
Napoleon (1769 - 1821)

ဒီနေ့လူသားအားလုံးဟာ လူသားအစိုးရနဲ့ နံနက်ခင်းသတင်းစာရဲ့အောက်မှာ ရှင်သန်နေရတယ်လို့ ဆိုကြပါတယ်။ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား စတဲ့ လူထုဆက်သွယ်ရေးယန္တ ရားတွေဟာ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတခုမှာ ပါလီမန်၊ အစိုးရ၊ တရားစီရင်ရေး တို့လိုဘဲ အရေးပါတဲ့အပြင် လူသားတွေရဲ့ အရေးကိစ္စမှာလည်း တနေ့တခြားပိုပြီး သြဇာလွှမ်းမိုး လာပါတယ်။ ဒီလိုလူထုဆက်သွယ်ရေး ယန္တ ယားတွေရဲ့ အရေးပါတဲ့အနေအထားနဲ့ သြဇာကြီးမားရတဲ့ အကြောင်းရင်းတခုကတော့ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းက အသိအမှတ် ပြုထားတဲ့စံတွေဖြစ်တဲ့ (Right, Liberty, Freedom)တို့နဲ့ နီးနီးကပ်ကပ် ဆက်စပ်နေလို့ဘဲဖြစ်ပါတယ်။

ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတခုဟာ နိုင်ငံရေးအခွင့်အရေး (Political Right)နဲ့ နိုင်ငံသားအခွင့်အရေး (Civil Right) ကို အကျယ်အပြန့်ဆုံးအနေအထားနဲ့

လက်ခံကျင့်သုံးရပါတယ်။ ဒီအခွင့်အရေး (၂) ခုကို ဥပဒေဆိုင်ရာအခွင့်အရေး **(Legal Right)** အဖြစ် အသိအမှတ်ပြုပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းရပါတယ်။ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းက အနိမ့်ဆုံးအနေနဲ့–

(၁) မဲပေးပိုင်ခွင့် အခွင့်အရေး **(Right to Vote)**
(၂) လွတ်လပ်စွာပြောဆိုခွင့် **(Freedom of Speech)**
(၃) လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့် **(Freedom of Press)**
(၄) လွတ်လပ်စွာစုဝေးခွင့် **(Freedom of Assembly)**
(၅) လွတ်လပ်စွာကိုးကွယ်ခွင့် **(Freedom of Religion)**
(၆) လွတ်လပ်စွာသွားလာခွင့် **(Freedom of Movement)**
(၇) နိုင်ငံရေးနဲ့ဥပဒေစံနစ်တို့ရဲ့ တရားမဲ့ပြုကျင့်ခြင်းမှကင်းဝေးခွင့် **(Freedom from Arbitrary treatment by the Political and Legal system)** တို့ကို ဥပဒေဆိုင်ရာ အခွင့်အရေးအဖြစ် အသိအမှတ်ပြုလေ့ ရှိပါတယ်။

အထက်ကတင်ပြခဲ့တဲ့ အခွင့်အရေး၊ လွတ်လပ်မှုတို့အနက်၊ မဲပေးပိုင်ခွင့်အခွင့်အရေးဟာ အစိုးရအဖွဲ့၊ အုပ်ချုပ်ရေးစံနစ်တို့ကို ပြောင်းလဲရာမှာ အဓိကသော့ချက်ဖြစ်ပါတယ်။ ဒီလိုပြောင်းလဲတဲ့နေရာမှာ မဲပေးပိုင်ခွင့်ကို ဝေဖန်ပိုင်းခြားဆင်ခြင်ဉာဏ်နဲ့ ကျင့်သုံးနိုင်မှသာလျှင်၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကျဉ်းနိုင်ပါလိမ့်မယ်။ အသိရှိရှိဆင်ခြင်မှုရှိမယ့် မဲပေးနိုင်မှုဟာ ဆန့်ကျင်ဘက် သဘောထားအမြင်တွေ၊ တဦးတယောက်ချင်းရဲ့ ကိုယ်ပိုင်အယူအဆတွေကို လက်ခံရယူနိုင်မှုဆိုတဲ့ သတင်းအချက်အလက်များရနိုင်ခွင့် **(Right to Information)** အပေါ်မှာ အခြေခံနေပါတယ်။ သတင်းအချက်အလက်များရရှိရေးအတွက် **(Media)** လို့ခေါ်တဲ့ လူထုဆက်သွယ်ရေး ယန္တယားတွေက ကြားခံပေါင်းကူး ဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် အထက်မှာတင်ပြခဲ့သလို **(Media)** ရဲ့ အခန်းကဏ္ဍဟာ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းမှာ အရေးပါတဲ့ အနေအထား၊ ဩဇာကြီးမားတဲ့ အနေအထားမှာ ရှိနေခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ **(Media)** ဟာ ယန္တယားသက်သက်အားဖြင့်တော့ ဝေဖန်ပိုင်းခြား ဆင်ခြင်မှုအခြေခံတဲ့ မဲပေးပိုင်ခွင့်ကို ဆောင်ကျဉ်းပေးနိုင်မှာ မဟုတ်ပါဘူး။ **(Media)** ရဲ့ နောက်ကွယ်မှာ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်တို့ မရှိခဲ့ရင် မဲပေးပိုင်ခွင့်ဆိုတာ အနှစ်သာရကင်းမဲ့တဲ့ အခွင့်အရေးဘဲဖြစ်သွားပါလိမ့်မယ်။ ဆိုရရင် လွတ်လပ်မှုရှိတဲ့ **(Media)** ဟာ တိုင်းပြည်ရဲ့အစိုးရ၊ အုပ်ချုပ်ရေးစံနစ်ကို ပြောင်းလဲ နိုင်စွမ်းရှိလို့ နပိုလီယံလို အာဏာရှင်မျိုးတွေက သတင်းစာကို လုံ့စွပ်ထက်ကြောက်ပြီး **(Media)** လွတ်လပ်မှုကို ကန့်သတ်ကြသလို၊ တဖက်မှာလည်း သောမတ်(စ်)ဂျက်ဖာဆင် လို ဒီမိုကရက်တွေက "တိုင်းပြည်ကိုယ်စားပြုတဲ့ သတင်းစာတစောင်ကိုသာရပါစေ၊ ဘယ် သူ့ဥပဒေပြုပြု မမှုပါ"ဆိုပြီး လူထုဆက်သွယ်ရေးယန္တယားအပေါ် လုံးဝအခြေပြုလိုက်တာ ဟာလည်း စတုတ္ထမဏ္ဍိုင်သတင်းစာအဖြစ်ကနေ တခုတည်းသောမဏ္ဍိုင်လို့ အယူအဆ တိမ်းစောင်းမှုဖြစ်သွားစေနိုင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရက်တစ်လူ့ဘောင်မှာ **(Media)** ဟာ အရေးပါတဲ့အနေအထားမှာရှိတာကို အငြင်းပွားဖွယ်မရှိပါ။ ဒါပေမဲ့ လူ့အဖွဲ့

အစည်း ဖွံ့ဖြိုးတည်ငြိမ်ရန်အတွက် မဏ္ဍိုင် (၄) ခု ဟန်ချက်ညီညီရှိဖို့ လိုအပ်တာမို့ လူထု ဆက်သွယ်ရေးယန္တရားကို အခြားမဏ္ဍိုင်တွေနဲ့ ဟန်ချက်ညီအောင် ဘယ်လိုဆက်စပ်မလဲ ဆိုတဲ့အခါ **(Media)** နဲ့ ဥပဒေထိပ်တိုက်တွေ့ပြီး ပြဿနာများ ပေါ်ပေါက်လာပါတယ်။

ဥပဒေ နဲ့ လွတ်လပ်ခွင့်

**Law & Freedom**

လူတွေရဲ့အပြုအမူကို ညွှန်ကြားခြင်း၊ တာဝန်ရှိစေခြင်းတို့နဲ့ ထိန်းချုပ်တဲ့သဘာဝ ရှိတဲ့ဥပဒေအတွင်းမှာ လွတ်လပ်မှုအတွေးအခေါ်ကို ပုံဖော်လို့ရပါ့မလားဆိုတာ စဉ်းစားဘို့ ကောင်းတဲ့အချက်ဘဲဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့ဘဝမှာလွတ်လပ်မှုအခွင့်အရေးတွေကို ဥပဒေအတွင်းမှာဘဲ အကောင်အထည်ဖော်နေကြပါတယ်။ ဒီလိုအကောင်အထည်ဖော်လို့ ရတဲ့ အခြေခံအကြောင်းကတော့ ဥပဒေက လူတယောက်ကို အနှောင်အဖွဲ့မဲ့ နိုင်ငံတော်ထဲ မှာ တယောက်တည်းထီးထီးနဲ့ ပုဂ္ဂလိကနေထိုင်မှုအဖြစ် မယူဆဘဲ၊ လူကို သူနေထိုင်တဲ့ လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ အခြားသူများနဲ့ အပြန်အလှန်ဆက်ဆံပြီးနေထိုင်တဲ့ လူမှု ဖြစ်တည်ခြင်း **(social being)** အဖြစ် ရှုမြင်လို့ဖြစ်ပါတယ်။ ဆိုခဲ့တဲ့ဥပဒေရဲ့အမြင်အရ ဆိုရင် လူတယောက်အနေနဲ့ အကြွင်းမဲ့ လွတ်လပ်မှုဆိုတာ မရှိနိုင်ပါဘူး။ လူဟာ လူ့အဖွဲ့ အစည်းရဲ့ အစိတ်အပိုင်းတရပ်သာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် လူတယောက်ဟာ သူ့အဖွဲ့ ဝင်ဖြစ်တဲ့ လူမှုအဖွဲ့အစည်းပေါ်တည်မှီပြီး လွတ်လပ်မှုကို ခံစားရသလို၊ အဲဒီလူ့အဖွဲ့အစည်း ကတာဝန်ရှိစေတဲ့ လူမှုရေးဆိုင်ရာ ထိန်းချုပ်မှု **(Social Restraint)** အတိုင်းအတာများ ကိုလည်း လိုက်နာရပါတယ်။

အလွန်ရှေးကျတဲ့အချိန်က ညီမျှမှုအခွင့်အရေးထက် မညီမျှမှုအခွင့်အရေးကို လူ့ အဖွဲ့အစည်းရဲ့ဥပဒေအခြေခံ **(Fundamental Law)** အဖြစ် အသိအမှတ်ပြုခဲ့ကြ ပါတယ်။ အဲဒီအချိန်က လွတ်လပ်မှုကို ဥပဒေက အကောင်အထည်ဖော်မပေးနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့၊ လူ့အဖွဲ့အစည်းက လူသားချင်းညီမျှမှုရှိခြင်းကို အသိအမှတ်မပြုတဲ့ အခါ၊ ဥပမာ – မြေကျွန်စံနစ်၊ ကျေးကျွန်စံနစ်ကို လူ့အဖွဲ့အစည်းက အသိအမှတ်ပြုခဲ့ရင် အုပ်စိုးသူတွေက အခွင့်ထူးခံတွေဖြစ်လာပါတယ်။ ဥပဒေတွေ၊ ဓလေ့ထုံးစံတွေက သူတို့ရဲ့ အခွင့်အရေးရစေဘို့ ဖန်တီး တည်ဆောက် ပေးခဲ့ရပါတယ်။ တဖက်မှာလည်း လူ့အဖွဲ့ အစည်းက မြေကျွန်စံနစ် ကျေးကျွန်စံနစ်တွေကို အသိအမှတ်ပြု လက်ခံထားတော့ မြေကျွန် တွေ၊ ကျေးကျွန်တွေအနေနဲ့ ဥပဒေအရ၊ ဓလေ့ထုံးတမ်းအရဘာအကာအကွယ်မှမရပါဘူး။ ဒီအခြေအနေပေါ်ကနေ ကောက်ချက် ဆွဲရရင်၊ လူ့အဖွဲ့အစည်းကနေ ညီမျှမှုအခွင့်အရေး ထက် မညီမျှမှုအခွင့်အရေးကို အသိအမှတ်ပြုထားတဲ့အခါ၊ ဥပဒေကို အုပ်ချုပ်သူက သူ့ သဘောနဲ့ပြဋ္ဌာန်းရတဲ့အခါ ဥပဒေရော၊ ဓလေ့ထုံးတမ်း (၂) ခုလုံးကပါလွတ်လပ်မှုအခွင့်အရေး ကို ပိတ်ပင်လိုက်ပါတယ်။ ဆိုရရင် **(Freedom, Liberty, Equality, Law, Society)** ဆိုတာတွေဟာ အပြန်အလှန်တဆက်တစပ်တည်းတည်ရှိနေပါတယ်။ ဒါကြောင့် လွတ် လပ်မှုကိုချဉ်းကပ်တဲ့အခါ သက်ဆိုင်တဲ့ လူ့အဖွဲ့အစည်းက ညီမျှမှုအယူအဆ **(Egalitarianism)**ကို ဘယ်လောက်အတိုင်းအတာအထိ လက်ခံသလဲဆိုတဲ့အချက်ဟာ အရေး ပါလာ ပါတယ်။ လူ့အဖွဲ့အစည်းက ညီမျှမှုအခွင့်အရေးကိုကျယ်ပြန့်စွာလက်ခံယူဆလာလေ၊

ကျယ်ပြန့်တဲ့ လွတ်လပ်ခွင့်တွေဖြစ်လာဘို့အတွက် လူ့အဖွဲ့အစည်းရဲ့ ရောင်ပြန်ဟပ်မှုနဲ့ ဥပဒေက ဖန်တီးပေးမှာဘဲဖြစ်ပါတယ်။

ဥပဒေနဲ့လွတ်လပ်မှုကို ချုပ်ပြီးပြောရရင် လူ့အဖွဲ့အစည်းက လက်ခံထားတဲ့ ညီမျှမှု အယူအဆ (Egalitarianism) အပေါ် အခြေခံပြီး ဥပဒေရဲ့ လူမှုရေးဆိုင်ရာ ထိန်းချုပ်မှုဟာ လွတ်လပ်မှုအပေါ်မှာ သက်ရောက်နေပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းဟာ ပိုမိုပွင့်လင်း လွတ်လပ်လာလေ၊ ဥပဒေရဲ့ လူမှုရေးဆိုင်ရာထိန်းချုပ်မှု (Social Restraint) လျော့ နည်းသွားလေ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ အကြွင်းမဲ့လွတ်လပ်ပွင့်လင်းမှုဆိုတာ မဖြစ်နိုင်တဲ့ အတွက် ဘယ်လောက်ပဲ ပွင့်လင်းတဲ့လူ့အဖွဲ့အစည်း (Open Society) ဖြစ်တယ်ဆိုဆို၊ ဥပဒေကတော့ လိုအပ်နေဦးမှာ ဖြစ်ပါတယ်။

ဥပဒေ နဲ့ သတင်းလွတ်လပ်မှု

**Law & Freedom of Information**

ဥပဒေနဲ့ လွတ်လပ်မှုကြားမှာ ဘယ်လိုဆက်စပ်မှုတွေရှိတယ်ဆိုတာကိုအထက်မှာ တင်ပြခဲ့ပါတယ်။ ဒီတင်ပြခဲ့အချက်အပေါ် အခြေခံပြီး၊ ဥပဒေနဲ့လူထုဆက်သွယ်ရေးကို ချဉ်းကပ်တင်ပြသွားလိုပါတယ်။

ယေဘုယျအားဖြင့်ကောက်ချက်ဆွဲရရင် သတင်းလွတ်လပ်ခွင့်ဟာ ဒီမိုကရေစီရဲ့ အရေးပါတဲ့အနှစ်သာရဖြစ်သလို၊ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းအတွင်းမှာဘဲ ရှင်သန်ကြီး ထွားနိုင်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ သတင်းလွတ်လပ်ခွင့်နဲ့ပါတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းကြတာကိုတွေ့ရပါတယ်။ ဒီလိုပြဋ္ဌာန်းတဲ့အခါမှာ သက်ဆိုင်ရာလူ့အဖွဲ့အစည်းရဲ့ လက်ခံမှုစံတွေ အပေါ်မူတည်ပြီး ဒီမိုကရေစီနိုင်ငံခြင်းတူပေမဲ့ ပြဋ္ဌာန်းချက်မှာ ကွဲပြားခြားနားမှုတွေ ရှိတာကို တွေ့ရပါတယ်။ ဥပမာ – အမေ ရိကန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ခုကို ယှဉ်ကြည့်ရင်–

အမေရိကန်နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပထမပြင်ဆင်ချက် (၁၀)ခု [The First Ten Amendments (The Bill of Right)] ရဲ့ ပထမဦးဆုံး ပြင်ဆင်ချက်မှာ သတင်းလွတ်လပ်ခွင့်ကို ပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်မှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာပုံနှိပ်ခွင့်တို့ကိုလျော့နည်းစေတဲ့ ဥပဒေကို ကွန်ဂရက်မှ မပြဋ္ဌာန်းရလို့ ဆိုထားပါတယ်။ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်တွေကို အပြည့်အဝပေးထားတဲ့ သဘောဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် (၁၉) အပိုဒ်ခွဲ (၁–a)မှာ "နိုင်ငံသားအားလုံးဟာ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိရမယ်"လို့ ပြဋ္ဌာန်းထားပါတယ်။ အိန္ဒိယဥပဒေမှာ (Freedom of Press) ကို သီးသန့်ပြဋ္ဌာန်း မထားပါဘူး။ ဒါပေမဲ့ အိန္ဒိယတရားလွှတ်တော်ချုပ်က အပိုဒ် (၁၉) အပိုဒ်ခွဲ (၁–a)ဖြင့် ပြဋ္ဌာန်းထားတဲ့ လွတ်လပ်စွာထုတ်ဖော်ခွင့်ဟာ သတင်းစာများရဲ့ အခွင့်အရေးအတွက်ပါ လုံလောက်သက်ဆိုင်တယ်လို့ (Express Newspaper)အမှု *(Express newspaper (private) Ltd v. Union of India, A.I.R.1958 S.C.578)* မှာ ထုတ်ဖော်ခဲ့ပါတယ်။ ဒါကြောင့်မို့ အိန္ဒိယဖွဲ့စည်းပုံဥပဒေပုဒ်မ ၁၉ (၁ – a)သည် လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်ကို အာမခံ

ထားတယ်လို့ ဆိုရပါမယ်။ ဒါပေမဲ့ ဒီအာမခံချက်ဟာ အကြွင်းမဲ့မဟုတ်ပါဘူး။ ပုဒ်မ ၁၉ (၂) မှာ နိုင်ငံတော်ကနေ ဥပဒေပြဋ္ဌာန်းပြီး ပုဒ်မ ၁၉ (၁–a) ပါ အခွင့်အရေးများကို ကျိုးကြောင်းဆီလျော်တဲ့ကန့်သတ်ချက် **(Reasonable restriction)** လုပ်နိုင်တဲ့အချက် (၈) ချက်ကို ပြဋ္ဌာန်းထားပါတယ်။ ဆိုရရင် အိန္ဒိယနိုင်ငံမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ပုံနှိပ်ခွင့်တို့ဟာ အကန့်အသတ်မဲ့မဟုတ်ပါဘူး။ ဖွဲ့စည်းပုံဥပဒေ အပိုဒ် ၁၉ (၂) ပါ အချက် (၈) ချက်နှင့်ငြိစွန်းရင် ကန့်သတ်ခံရပါလိမ့်မယ်။

အထက်ကပြဋ္ဌာန်းချက်တွေကိုကြည့်ရင်၊ ဒီမိုကရေစီနိုင်ငံတွေမှာ သတင်းလွတ်လပ်ခွင့်ကို အသိအမှတ်ပြု အကောင်အထည်ဖော်ပေမဲ့ သက်ဆိုင်တဲ့လူ့အဖွဲ့အစည်းက လက်ခံထားတဲ့စံတွေအပေါ်မူတည်ပြီး၊ ဥပဒေအရ ထိန်းချုပ်မှုတွေ လုပ်တာလည်းရှိတယ်လို့ ဆိုရပါမယ်။ ဒီလို ထိန်းချုပ်မှုတွေလုပ်တဲ့အခါမှာ သတင်းလွတ်လပ်မှုနဲ့ ဥပဒေတို့ဟာ ထိပ်တိုက်တွေ့လာပါတယ်။ ထိပ်တိုက်တွေ့တဲ့ အနေအထားကို လေ့လာကြည့်ရင် ပထမဦးစွာတွေ့ရတာကတော့၊ ကျင့်ဝတ်သိက္ခာပိုင်းနဲ့ဆိုင်တဲ့ အခြေအနေ **(Moral Ground)** နဲ့ လူထုအတွင်း အေးချမ်းတည်ငြိမ်မှုအခြေအနေ **(Public Order)** အပိုင်းမှာဖြစ်ပါတယ်။ အိန္ဒိယ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၉ (၂) **(IV)** မှာ "လူထုအတွင်း အေးချမ်းတည်ငြိမ်ရေးအကျိုးစီးပွားအတွက်နှင့် အပိုဒ် ၁၉ (၂) **(V)** မှာ "ကျင့်ဝတ်သိက္ခာနှင့် သင့်တင့်လျောက်ပတ်သော အပြုအမူ **(Decency)** အကျိုးစီးပွားအတွက် နိုင်ငံတော်သည် ဥပဒေပြဋ္ဌာန်း၍ ကျိုးကြောင်းဆီလျော်သော ကန့်သတ်မှု ပြုလုပ်နိုင်သည်"လို့ ပြဋ္ဌာန်းထားပါတယ်။

ဒုတိယထိပ်တိုက်တွေ့တဲ့နေရာကတော့ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ တို့ရဲ့ လုပ်ငန်းဆောင်ရွက်မှု အပိုင်းမှာဖြစ်ပါတယ်။

တတိယအနေနဲ့ကတော့ အစိုးရကနေ သတင်းစာများကို ချုပ်ကိုင်ကြိုးဆွဲနိုင်ဘို့အတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ခြင်း ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးကို အာဏာရှင်နိုင်ငံတွေမှာ အများဆုံးတွေ့ရပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာလည်း ဖြစ်ခဲ့ဘူးတာတွေ ရှိပါတယ်။

အထက်က ဆွေးနွေးတင်ပြခဲ့တဲ့ အချက်များကိုချုပ်ပြီး ဥပဒေနဲ့လူထုဆက်သွယ်ရေးတို့ ထိပ်တိုက်တွေ့နိုင်တဲ့ အနေအထားတွေကို ဆိုရရင်–

(၁) ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ
(၂) အများပြည်သူအေးချမ်းတည်ငြိမ်ရေးဆိုင်ရာ
(၃) အစိုးရအုပ်ချုပ်ရေးဆိုင်ရာ
(၄) တရားရုံးများဆိုင်ရာ
(၅) အာဏာပိုင်များမှ ချုပ်ကိုင်ကြိုးဆွဲခြင်းဆိုင်ရာဆိုပြီး တွေ့ရပါတယ်။

(၁) ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ

သင့်တင့်လျောက်ပတ်တဲ့အပြုအမူ **(Decency)** နဲ့ ကျင့်ဝတ်သိက္ခာ **(Morality)** ဆိုင်ရာ စောင့်ထိန်းမှုဆိုတဲ့အချက်ဟာ စာအုပ်တွေ၊ ဖလင်တွေ၊ သတင်းစာတွေ၊ စတဲ့ လူထုဆက်သွယ်ရေးယန္တယားတွေကို ထိန်းချုပ်ဖို့အတွက် အကောင်းဆုံးအကြောင်းပြ

ချက်ဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီအချက်တွေကို အဓိပ္ပါယ်ဖွင့်ဆိုရာမှာ ကျယ်ပြန့်တဲ့အတွက်ပဲဖြစ်ပါတယ်။ ဒီအချက်နဲ့ပါတ်သက်လို့မြန်မာပြည်မှာရှိတဲ့ပြဋ္ဌာန်းချက်ထဲက တင်ပြလို့ရတဲ့ ပြဋ္ဌာန်းချက်ကတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၂၉၂)ညစ်ညမ်းတဲ့စာအုပ်များနဲ့ဆိုင်တဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ အလားတူပြဋ္ဌာန်းချက်ဟာ အိန္ဒိယမှာလည်း ရှိပါတယ်။ ဒီပုဒ်မအရ အရေးယူခံရလို့ ပြစ်မှုထင်ရှား စီရင်ခံရရင်၊ (၆) လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တသောင်းအထိ ငွေဒဏ်ဖြစ်စေ ဒဏ် (၂) ရပ်စလုံးဖြစ်စေ ကျခံရနိုင်ပါတယ်။ ဒီဥပဒေအရ စီရင်ဆုံးဖြတ်တဲ့အခါမှာ စာအုပ်ပြုစုသူရဲ့ရည်ရွယ်ချက်ကို ထည့်သွင်း မစဉ်းစားပါဘူး။ ဘယ်သူရဲ့လက်ထဲမှာတွေ့သလဲ၊ အကျင့်ပျက်စေခြင်း ရှိမရှိဆိုတဲ့ အချက်များကိုသာအဓိက ထည့်သွင်း စဉ်းစားပါတယ်။ ဆိုလိုတာက စာအုပ်မှာ "အိမ်ထောင်ပြုပြီးသူများအတွက်သာ"ဆိုပြီး လိင်ပညာပေးစာအုပ် ထုတ်ဝေဖြန့်ချီရာမှာ အရွယ်မရောက်သေးသူက ဝယ်လို့ ရနိုင်တဲ့အခြေအနေရှိပြီး သူတို့ရဲ့စိတ်ကို ဖေါက်ပြန်စေနိုင်တယ်လို့ တရားရုံးကယူဆရင် အပြစ်ဒဏ် ကျခံရနိုင်ပါတယ်။

ဒီနေရာမှာ တဖက်ကကြည့်ရင် အရွယ်မရောက်သေးသူ အကျင့်စာရိတ္တမပျက်စေဘို့အတွက် အထက်ကဆိုခဲ့တဲ့ဥပဒေ ရှိသင့်တယ်လို့ ယူဆနိုင်သလို၊ တဖက်မှာလည်းအဲဒီဥပဒေကြောင့် အရွယ်ရောက်သူများ လိင်နဲ့ပါတ်သက်တဲ့သတင်းရယူခွင့် ထိခိုက်တာကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ လက်ရှိ မြန်မာပြည်မှာရှိနေတဲ့ဥပဒေဟာ ဒီအခြေအနေကို ပြေလည်အောင် ဖန်တီးနိုင်စွမ်းမရှိပါဘူး။

ဒုတိယအချက်အနေနဲ့ ပုဒ်မ (၂၉၂) မှာ ညစ်ညမ်းမှုဟာ ဘာလဲဆိုတာကို ရှင်းလင်းထားခြင်းမရှိပါဘူး။ တရားရုံးတွေက အဓိပ္ပါယ် ဖွင့်ရမှာဖြစ်ပါတယ်။ ကိုယ်ရုံအဝတ်လျှောကျပြီး ကပိုကရိုဖြစ်နေတဲ့ လက်တဖက်ပြတ်အချစ်နတ်သမီးဗီးနပ် **(venus)** ပန်းပုရုပ်ကို အလှတရား တခုအဖြစ် ရှုမြင်သူရှိသလို မဖွယ်မရာပန်ပုရုပ်အဖြစ်သတ်မှတ်သူလည်း ရှိပါလိမ့်မယ်။ ဆိုလိုတာက ညစ်ညမ်းမှုဆိုတဲ့ အဓိပ္ပါယ်ဟာ များစွာကျယ်ဝန်းသွားအောင်လည်း ဖွင့်လို့ရတဲ့အနေအထား တရားရုံးမှာ ရှိနေပါတယ်။ ဒီလို အဓိပ္ပါယ်အကျယ်ဖွင့်ဆိုနိုင်မှုဟာ၊ စာနယ်ဇင်းသမားအတွက် ညစ်ညမ်းမှုဆိုတဲ့ အနေအထားမရောက်အောင် မည်သည့် သတင်းကို မည်သည့်အတိုင်းအတာအထိပေးဘို့ ဥပဒေကခွင့်ပြုတယ်၊ ခွင့်မပြုဘူးဆိုတာကို ချိန်ဆနိုင်စွမ်းကင်းသွားစေပါတယ်။ ဒီညစ်ညမ်းမှုဆိုတာ ဘာလဲဆိုတဲ့အချက်နဲ့ပါတ်သက်လို့ အင်္ဂလန်နိုင်ငံက အမှုတခုကို တင်ပြလိုပါတယ်။ အမှုက **(D. H. Lawrence's)** ရဲ့ **(Lady Chatterley's Lover)** ဝတ္ထု ထုတ်ဝေတဲ့သူကိုတရားစွဲဆိုတဲ့အမှုဖြစ်ပါတယ်။ အမှုစွဲဆိုတာက (၁၉၆၀) ခုနှစ်မှာ ဖြစ်ပါတယ်။ အဲဒီအမှုမှာ ထုတ်ဝေသူက (၁၉၅၉ ခုနှစ် ညစ်ညမ်းစာပေများ ပုံနှိပ်ထုတ်ဝေခြင်းဥပဒေ **(Obscene Publication Act of 1959)** ရဲ့ ခုခံမှုဆိုင်ရာ ပြဋ္ဌာန်းချက်ကြောင့် တရားစွဲဆိုမှုကနေ တရားသေလွတ် အနိုင်ရခဲ့ပါတယ်။ အဲဒီဥပဒေမှာ ညစ်ညမ်းစာအုပ် ထုတ်ဝေမှုနဲ့ပါတ်သက်လို့ ခုခံနိုင်တဲ့အချက်ကို ပြဋ္ဌာန်းထားပါတယ်။ အဲဒါကတော့ ညစ်ညမ်းစာအုပ် ထုတ်ဝေမှုနဲ့တရားစွဲဆိုခံရသူဟာ သူ့ရဲ့လုပ်ဆောင်မှုဟာ သိပ္ပံပညာဆိုင်ရာတန်ဘိုး၊ ဒါမှမဟုတ် စာပေဆိုင်ရာတန်ဘိုး ရှိတယ်ဆိုတာကို ကျွမ်းကျင်သူရဲ့ သက်သေခံချက် **(Expert Evidence)** ဖြင့် ထောက်ခံတင်ပြ ထုချေနိုင်တဲ့ အချက်ဖြစ်ပါတယ်။

ဒီအပိုင်းနဲ့စပ်လျဥ်းလို့ ချုပ်ပြီးပြောရရင် ညစ်ညမ်းလို့ပစ်ပယ်ရမယ်ဆိုတာကို တဖက်မှာ လက်ခံရမှာဖြစ်သလို၊ ညစ်ညမ်းတယ်လို့ ယေဘုယျပြောနိုင်ပေမဲ့ တကယ်လိုအပ်မယ့် အသိပညာများဖြစ်ထွန်းဖို့အတွက် လိုအပ်တဲ့သတင်းအချက်အလက်များ ရယူခွင့်ကိုလည်း တဖက်မှာ ထည့်သွင်းစဉ်းစားသင့်ပါတယ်။အထက်မှာတင်ပြဆွေးနွေးခဲ့တာတွေဟာ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ နယ်ပယ်မှာ ဥပဒေနဲ့ သတင်းလွတ်လပ်မှုတို့ ထိပ်တိုက်ရင်ဆိုင်တွေ့နေရတဲ့အခြေအနေကို အဖြေရှာနိုင်ဖို့အတွက် တစုံတရာ အတိုင်းအတာအထိ အထောက်အကူဖြစ်မယ်လို့ ထင်ပါတယ်။

## (၂) အများပြည်သူအတွင်း အေးချမ်းတည်ငြိမ်ရေးဆိုင်ရာ **( Public Order)**

အများပြည်သူအတွင်း အေးချမ်းတည်ငြိမ်ရေးဆိုတဲ့အချက်ဟာလည်း အလွန်ကျယ်ပြန့်ပါတယ်။ ဒါကြောင့် အများပြည်သူ အတွင်း အေးချမ်းတည်ငြိမ်ဖို့ဆိုတဲ့အချက်ကို အကြောင်းပြပြီး၊ အုပ်ချုပ်သူတွေက သတင်းလွတ်လပ်ခွင့်ကို ချုပ်ချယ်ကန့်သတ်လေ့ရှိတာကို တွေ့ရပါတယ်။ တဖက်မှာလည်း အများပြည်သူအတွင်း အေးချမ်းတည်ငြိမ်ရေးဆိုတာ လူ့အဖွဲ့အစည်းအတွက် အမှန်တကယ် လိုအပ်တဲ့အချက်ဖြစ်ပါတယ်။ ဒါကြောင့် သတင်းလွတ်လပ်ခွင့်ကို စဉ်းစားတဲ့အခါမှာ တင်ပြခဲ့တဲ့ အခြေအနေ နှစ်ရပ်လုံးအပေါ်မှာ အခြေပြုစဉ်းစားဖို့ လိုလာပါတယ်။

ပထမအချက်အနေနဲ့ အများပြည်သူအတွင်း အေးချမ်းတည်ငြိမ်ရေးအတွက် သတင်းလွတ်လပ်ခွင့်ကိုကန့်သတ်ဖို့ လိုအပ်မှုရှိတဲ့ အနေအထားကို ဆွေးနွေးတင်ပြလိုပါတယ်။ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတခုမှာ စောင့်စည်းသီးခံမှု **(Tolerance)** ဆိုတဲ့ အချက်ဟာ အရေးကြီးပြီး အခြေခံကျတဲ့ အချက်တခုဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာဟာ နိုင်ငံသားတွေကြားမှာ ဘာသာရေး၊ လူမှုရေး၊ ဘာသာစကား၊ အသားအရောင် စတဲ့ မတူခြားနားမှုများ၊ အယူအဆအရ၊ အမြင်သဘောထားအရ မတူညီမှုများ ရှိတယ်ဆိုတာကို အသိအမှတ်ပြုပါတယ်။ ဒါထက်ပိုအရေးကြီးတဲ့ အချက်ကတော့ ဒီခြားနားတဲ့၊ မတူညီတဲ့ အချက်တွေ ကျင့်သုံးတာကို လက်ခံသဘောတူခြင်းဖြစ်ပါတယ်။ ဒီမတူကွဲပြားခြားနားမှု အားလုံးကို အသိအမှတ်ပြုခြင်းနှင့် လက်ခံသဘောတူခြင်းတို့ကို ကာကွယ်ပေးနိုင်ဖို့အတွက် လူထုအတွင်း စောင့်စည်းသီးခံမှုဟာ အင်မတန်မှ အရေးကြီးတဲ့အချက် ဖြစ်လာပါတယ်။ စောင့်စည်းသီးခံမှုမရှိရင် ဒီမိုကရေစီဟာ အလုပ်မလုပ်နိုင်တော့ပါဘူး။

အထက်ကတင်ပြခဲ့တဲ့ စောင့်စည်းသီးခံမှုဆိုတဲ့အချက်နဲ့ လွတ်လပ်စွာထုတ်ဖော်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်တို့ဟာ အခြေခံအားဖြင့်ကို ပြဿနာရှိပါတယ်။ စောင့်စည်းသီးခံမှုအချက်ကို မျက်ကွယ်ပြုပြီး၊ လူထုဆက်သွယ်ရေး ယန္တယားကို လွတ်လပ်မှုပေးလိုက်ရင်၊ သတင်းမီဒီယာတွေရဲ့ ဝေဖန်ချက်၊ အယူအဆစတာတွေကြောင့် မတူကွဲပြားတဲ့ အုပ်စုတွေအတွင်းမှာ ပဋိပက္ခတွေဖြစ်လာနိုင်ပါတယ်။ လူ့အဖွဲ့အစည်းရဲ့တည်ငြိမ်မှုကို ပျက်စီး ထိခိုက်နိုင်ပါတယ်။ တဖက်မှာလည်း လူ့အဖွဲ့အစည်း အတွင်းမှာ စောင့်စည်းသီးခံမှုဖြစ်ထွန်းဖို့အတွက် ဥပဒေပြဋ္ဌာန်းလိုက်တာနဲ့တပြိုင်တည်းမှာဘဲ သတင်းလွတ်လပ်ခွင့်မှာ အကန့်အသတ်တွေ ဖြစ်လာပါတယ်။ လူ့အဖွဲ့အစည်းမှာ စောင့်စည်းသီးခံမှုဖြစ်တည်ဖို့အတွက် သတင်းလွတ်လပ်မှုအပေါ် ထိန်းချုပ်မှု

ဘယ်အတိုင်းအတာအထိလိုလဲဆိုတဲ့ အချက်ဟာ အငြင်းပွားဖွယ် အချက်ဖြစ်ပါတယ်။

ဒီအချက်နဲ့ပါတ်သက်လို့အမြင်တခုကတော့၊ ဥပဒေဟာ အမြင်သဘောထားတွေ ထုတ်ဖော်ခြင်းအပေါ် ကန့်သတ်ချက်မလုပ်သင့်ဘူးဆိုတဲ့ အမြင်ဖြစ်ပါတယ်။ ဒီအမြင်ဟာ စာနယ်ဇင်းဆိုင်ရာကျင့်ဝတ်အပေါ် အဓိကအခြေပြုထားတဲ့ အမြင်ဖြစ်ပါလိမ့်မယ်၊ဆိုလိုတာက စာနယ်ဇင်းသမားအနေနဲ့ သူရဲ့ကျင့်ဝတ် (ethic) ကိုသူစောင့်ထိန်းပြီး အများပြည်သူအတွင်း အေးချမ်းတည်ငြိမ်မှုကို ထိခိုက်ပျက်ပြားစေမဲ့ အကြောင်းအရာများကို ရှောင်ရှားသွားမယ်ဆိုတဲ့ သဘောမျိုးဖြစ်ပါတယ်။ စာနယ်ဇင်းသမားတွေ အနေနဲ့ ယေဘုယျအားဖြင့် သူတို့ရဲ့ကျင့်ဝတ်ကို စောင့်ထိန်းကောင်း စောင့်ထိန်းပါလိမ့်မယ်။ ဒါပေမဲ့ အများပြည်သူတရပ်လုံးနဲ့ ဆိုင်တဲ့ကိစ္စကို လူအစုအဖွဲ့တခုရဲ့လက်အတွင်း ဝကွက်အပ်ထားသလိုဖြစ်နေပြီး သူတို့ရဲ့ စဉ်းစားချင့်ချိန်မှုအပေါ် အားပြုရမဲ့ အခြေအနေမျိုးဟာ ဖြစ်သင့်ဖြစ်ထိုက်ရဲ့လားဆိုတာ စဉ်းစားဘွယ်ကောင်းနေပါတယ်၊

သမိုင်းကိုပြန်ကြည့်ရင်လည်း လူထုအတွင်း အေးချမ်းတည်ငြိမ်မှုပျက်ပြားပြီး ဝရုန်းသုံးကားဖြစ်တဲ့အခြေအနေ တော်တော်များများဟာ သတင်းစာ၊ စာနယ်ဇင်းတွေနဲ့ ဆက်နွယ်ပါတ်သက်နေတာကို တွေ့ရပါတယ်။ ဆိုရရင် ဒီအမြင်ဟာ သတင်းလွတ်လပ်မှုအပေါ် ဇောင်းပေးလွန်းပြီး ဥပဒေရဲ့အခန်းကဏ္ဍကို ပစ်ပယ်လွန်းတယ်လို့ ထင်ပါတယ်။

ဒုတိယအမြင်ကတော့ ယေျဘုယျအားဖြင့် လူထုဆက်သွယ်ရေးကို လွတ်လပ်မှုပေးရမယ်။ အုပ်စုတခုက အခြားအုပ်စုတခုကို ဆန့်ကျင်ပြီး စောင့်စည်းသီးခံမှုတွေမရှိတော့တဲ့ အခါမှသာလျှင် ကိစ္စတခုခြင်းအလိုက် ဥပဒေက ထိန်းချုပ်မှုတွေလုပ်သင့်တယ်ဆိုတဲ့ အမြင်ဖြစ်ပါတယ်။ ဒီအမြင်ဟာ ဥပဒေရဲ့ထိန်းချုပ်မှုနဲ့လူထုဆက်သွယ်ရေးလွတ်လပ်မှုပြဿနာမှာ ကြားကျတဲ့အမြင်လို့ထင်ရပေမဲ့ တချို့အုပ်စုတွေကို ဝေဖန်တာက ကင်းလွတ်ခွင့်ပေးသင့်တယ်ဆိုတဲ့အမြင် နောက်ဆက်တွဲအနေနဲ့ပါမလာပါဘူး။ ဆိုလိုတာက ဒီမိုကရေစီရဲ့ သဘောက လူများစုက အုပ်ချုပ်ခွင့်ရပါတယ်။ ဒီအခါမှာ လူနဲစုကို အကာအကွယ်ပေးဘို့ လိုလာပါတယ်။ ဒုတိယအမြင်အရဆိုရင် ဒီလူနဲစုတွေရဲ့ ကာကွယ်ခံရမှု ကင်းမဲ့သွားနိုင်ပါတယ်။

ဒုတိယပိုင်းအနေနဲ့တင်ပြလိုတာက သတင်းလွတ်လပ်ခွင့်ကိုအများပြည်သူအတွင်း တည်ငြိမ်အေးချမ်းရေးအကြောင်းပြချက်နဲ့ ပိတ်ပင်တဲ့ကိစ္စဖြစ်ပါတယ်။ ဒီနည်းဟာအာဏာရှင်တွေအကြိုက် နည်းလမ်းဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာလည်း အစိုးရအချို့က အသုံးချတာတွေလည်းရှိပါတယ်။ အများပြည်သူအတွင်း တည်ငြိမ်အေးချမ်းရေးအကြောင်းပြပြီး၊ အုပ်ချုပ်သူတွေက သတင်းလွတ်လပ်ခွင့်အပေါ် ဖိနှိပ်တဲ့ပုံစံကို (၁၉၅၀) ခုနှစ် အရေးပေါ်စီမံမှုအက်ဥပဒေက သတင်းလွတ်လပ်မှုအခွင့်အရေးများကို ကန့်သတ်ထားတဲ့ အချက်တွေနဲ့ ယှဉ်ထိုးပြီး တင်ပြလိုပါတယ်။

(၁၉၅၀)ခုနှစ် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ (ဃ)မှာ အများပြည်သူတို့အား (သို့) ပြည်သူတစုအား အထိတ်တလန့်ဖြစ်စေရန်ကြံရွယ်၍ တခုခုလုပ်လျှင် (သို့) ယင်းသို့ဖြစ်စေရန်အကြောင်းရှိသော အမှုကိုပြုလျှင် ထောင်ဒဏ် (၇) နှစ်အထိ ချနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ယေဘုယျအားဖြင့်ကြည့်လျှင် အများပြည်သူထိတ်လန့်အောင်လုပ်တာဟာ ပြည်သူအတွင်း အေးချမ်းတည်ငြိမ်မှုကင်းမဲ့အောင်လုပ်တာဘဲလို့

ယူဆနိုင်ပါတယ်။ ဒီနေရာမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၅၀၅) နဲ့ ယှဉ်ထိုးပြလိုပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅ (ခ) မှာ ဘယ်သူမဆို ဖော်ပြချက်၊ ကောလဟာလ၊ သတင်းပေးချက်တခုခုကို ထုတ်ဝေတာ၊ လက်ဆင့်ကမ်းတာဟာ ပြည်သူလူထုကို အထိတ်တလန့်ဖြစ်စေမယ်။ အဲဒီ့လို အထိတ်တလန့်ဖြစ်စေတဲ့ အချက်ဟာလည်း နိုင်ငံတော်ကို ဆန့်ကျင်ပြီး၊ ဒါမှမဟုတ် ရပ်ရွာအေးချမ်းတည်ငြိမ်မှုကိုဆန့်ကျင်ပြီး ပြစ်မှုကျူးလွန်အောင် တစုံတယောက်ကို သွေးဆောင်ခြင်းဖြစ်စေမယ်ဆိုရင် ထောင်ဒါဏ် (၂) နှစ်အထိ ချမှတ်နိုင်တယ်လို့ဆိုပါတယ်။ တင်ပြခဲ့တဲ့ပြဋ္ဌာန်းချက် (၂) ခုဟာ ယေဘုယျအားဖြင့် ဆင်တူသယောင်ယောင် ဖြစ်ပါတယ်။ ဒါပေမဲ့ အရေးပေါ်စီမံမှုအက်ဥပဒေမှာ ထိတ်လန့်အောင် လုပ်ရင် ပြစ်ဒါဏ်ချမှတ်နိုင်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၅၀၅) မှာတော့ ထိတ်လန့်ရုံနဲ့ မလုံလောက်ပါဘူး။ အဲဒီ ထိတ်လန့်မှုကြောင့် ရပ်ရွာအေးချမ်းတည်ငြိမ်ရေးကို ထိခိုက်အောင် တစုံတယောက်က လုပ်ဆောင်လာအောင် သွေးဆောင်ခြင်းပါမှ ပြစ်ဒါဏ်ချမှတ်နိုင်ပါတယ်။ ဥပဒေ (၂) ခုလုံးဟာ ရပ်ရွာတည်ငြိမ်မှုကိုရှေ့ရှုပြီး ပြဋ္ဌာန်းထားတာဖြစ်ပေမဲ့၊ အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ (၅-ဃ) ဟာ သတင်းလွတ်လပ်မှုကို ပိုပြီး ဖိနှိပ်နိုင်တဲ့အနေအထားမှာ ရှိပါတယ်။ အခုလည်း မြန်မာပြည် စစ်အစိုးရဟာ ဒီဥပဒေကို ရေလဲသုံးနေတာကို တွေ့နိုင်ပါတယ်။ ဒီနေရာမှာ တခုထောက်ပြလိုတဲ့အချက်က အရေးပေါ်စီမံမှု အက်ဥပဒေဟာ ပါလီမန် ဒီမိုကရေစီခေတ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။

အထက်မှာတင်ပြခဲ့တဲ့ ဆွေးနွေးချက်တွေကို ပြန်ချုပ်ကြည့်ရင်၊ ရပ်ရွာတည်ငြိမ်အေးချမ်းဘို့အတွက် သတင်းစာလွတ်လပ်ခွင့်ကို တစုံတရာကန့်သတ်ဖို့လိုပေမဲ့၊ တဖက်မှာလည်း အဲဒီ့ကန့်သတ်ချက်တွေကို ရပ်ရွာတည်ငြိမ်မှုအကျိုးအတွက်ဆိုပြီး၊ အုပ်ချုပ်သူတွေက သူတို့လိုလားတာတွေဖြစ်ဖို့အတွက် အသုံးချသွားနိုင်ပါတယ်။ အာဏာရှင်မှမဟုတ်ပါဘူး။ ဒီမိုကရက်တစ်အစိုးရကလည်း အသုံးချတတ်တယ်ဆိုတာကို (၁၉၅၀) အရေးပေါ်စီမံမှုဥပဒေကိုကြည့်ရင် သိသာနိုင်ပါတယ်။ ဆိုရရင် အများပြည်သူ တည်ငြိမ်အေးချမ်းရေးအတွက် သတင်းလွတ်လပ်မှုကို ထိန်းချုပ်ခြင်းမှာ ဘက်နှစ်ဘက်ရှိနေပါတယ်။ ဒီဘက်နှစ်ဘက်အတွင်းမှာ သတင်းလွတ်လပ်မှုကိုလည်း မလိုအပ်ဘဲ မထိခိုက်မိအောင်၊ အများပြည်သူအတွင်းတည်ငြိမ်အေးချမ်းမှုကိုလည်း ထိန်းသိမ်းနိုင်အောင်ဆိုရင် အများပြည်သူတည်ငြိမ်အေးချမ်းရေးအတွက် ထိန်းချုပ်ခြင်းဆိုတာရဲ့အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်းဖွင့်ဆိုဖို့ လိုလာပါတယ်။ ဒါမှသာလျှင် အုပ်ချုပ်သူတွေက အများပြည်သူအကျိုးစီးပွါး ဆိုတဲ့စကားကို ခုတုံးလုပ် အသုံးမပြုနိုင်အောင် တဘက်မှာ ကာကွယ်နိုင်မှာဖြစ်သလို၊ တဘက်မှာလည်း အမှန်တကယ်လိုအပ်တဲ့ အခြေအနေများမှာ အများပြည်သူအတွင်း တည်ငြိမ်အေးချမ်းမှု မပျက်ပြားအောင်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ အိန္ဒိယ တရားလွှတ်တော်ချုပ်ကတော့ အများပြည်သူအတွင်းတည်ငြိမ်အေးချမ်းရေးဆိုတဲ့ အချက်နဲ့စပ်လျဉ်းလို့ *o.k.Ghosh v. E.X.Joseph, A.I.R. 1963 S.C. 812,814-15* အမှုမှာ "အများပြည်သူတည်ငြိမ်အေး ချမ်းရေးအကျိုးစီးပွားအတွက် ထိန်းချုပ်မှု **(Restriction)** လုပ်တယ်လို့ ပြောနိုင်ဘို့အတွက်ဆိုရင်၊ အဲဒီအချိန်က အများပြည်သူတည်ငြိမ်အေးချမ်းရေးနဲ့ ထိန်းချုပ်ခြင်းကြားမှာရှိတဲ့ စပ်ဆိုင်နေမှုဟာ အနီးကပ်တည်ရှိခြင်း **(Proximate)** ဖြစ်ရမယ်။ တိုက်ရိုက် **(Direct)** ဖြစ်ရမယ်။ သွယ်ဝိုက်ပြီးဆက်စပ်ခြင်း ဒါမှမဟုတ် စိတ်ကူးနဲ့ယော်ရမ်းပြီး **(Far-**

**Fetched)** ဆက်စပ်ခြင်း ဒါမှမဟုတ် ထိန်းချုပ်မှုနဲ့ အများပြည်သူတည်ငြိမ်အေးချမ်းရေး ကြားမှာ စိတ်ကူးနဲ့ဆက်စပ်ခြင်းများဟာ အများပြည်သူအကျိုးစီးပွားအတွက်ဆိုသော ဖော်ပြချက်အတွင်းမှာ မကျရောက်”လို့ ဖော်ထုတ်ထားပါတယ်။

(၃)အစိုးရအုပ်ချုပ်ရေးဆိုင်ရာ

အစိုးရအုပ်ချုပ်ရေးနဲ့ပါတ်သက်တဲ့အပိုင်းမှာ မီဒီယာလွတ်လပ်မှုကို အကန့်အသတ်လုပ်နိုင်တဲ့အချက် (၂) ခုကို တင်ပြလိုပါတယ်။ အဲဒီ (၂) ခုကတော့ အစိုးရ (နိုင်ငံတော်) ကိုဝေဖန်တဲ့ကိစ္စနဲ့၊ နိုင်ငံတော်လျှို့ဝှက်ချက်ဆိုင်ရာကိစ္စဖြစ်ပါတယ်။

ဒီမိုကရေစီရဲ့ အခြေခံမူသဘောအရ အစိုးရရဲ့လုပ်ငန်းဆောင်ရွက်မှုတွေကို ပြည်သူက ထောက်ပြဝေဖန်ခွင့်ရှိပါတယ်။ ပြည်သူထဲကပြည်သူဖြစ်တဲ့စာနယ်ဇင်းသမားတွေအနေနဲ့လည်း အစိုးရရဲ့ စီးပွါးရေး၊ လူမှုရေးအဆောက်အအုံ တည်ဆောက်ထားပုံတွေ၊ မူဝါဒတွေကို ထောက်ပြဝေဖန်ပိုင်ခွင့်ရှိပါတယ်။ ဒါဟာ စာနယ်ဇင်းသမားအနေနဲ့ အခွင့်ထူးရယူတာမဟုတ်ပါဘူး။ ဒီနေရာမှာ ပေါ်လာတဲ့ ပြဿနာက အစိုးရအပေါ်ဝေဖန်တာ **(attack)**နဲ့ အစိုးရကိုဖြုတ်ချဖို့ သွေးထိုးလှုံ့ဆော်တာ **(incite)** ကို ဘယ်လို ပိုင်းခြားမလဲဆိုတာဘဲဖြစ်ပါတယ်။ ဥပဒေရဲ့ အလုပ်က အဲဒီအနေအထားနှစ်ခုကို ပိုင်းခြားကန့်သတ်ဖို့ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုပိုင်းခြားသတ်မှတ်ဖို့ကိစ္စဟာ အစဉ်အမြဲ လွယ်ကူချောမွေ့နေတာတော့ မဟုတ်ပါဘူး။ တချို့ကိစ္စတွေဟာ ဘယ်အပိုင်းအခြားထဲမှာ အကြုံးဝင်နေသလဲဆိုတာ ဝေဝါးတာတွေလည်း ရှိပါတယ်။ အဲဒီလိုအနေအထားမျိုးမှာ အစိုးရတွေက သူလိုရာ ဘက်ကိုဆွဲယူပြီး သတင်းသမားကို ဖိနှိပ်ပါတယ်။ အနီးကပ်ဆုံးထောက်ပြရရင်၊မြန်မာနိုင်ငံပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၄(က) အစိုးရကို အကြည်ညိုပျက်စေမှုဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေဟာကိုလိုနီခေတ်ကစပြီး ယနေ့အထိ အတည်ဖြစ်ဆဲဥပဒေ ဖြစ်ပါတယ်။ ဒါ့အပြင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၂၁) ကနေ (၁၂၄) အထိဟာ ၁၉၅၀ ခုနှစ်မှာ ကိုလိုနီခေတ်က ပြဋ္ဌာန်းချက်တွေကိုဖျက်သိမ်းပြီး၊ အသစ်ပြန်လည်ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အဲဒီပြဋ္ဌာန်းချက်ရဲ့ပုဒ်မ ၁၂၄ (က) အရ အစိုးရကို မုန်းတီးအောင်၊ မထေမဲ့မြင်ပြုအောင်၊ နိုင်ငံရေးမကြေနပ်မှုဖြစ်အောင် ရေးတယ်၊ ပြောတယ်၊ သိမြင်နိုင်တဲ့တင်ပြမှုတခုခု (ကာတွန်း၊ ပြဇာတ် –––––စသည်ဖြင့်) လုပ်တယ်ဆိုရင်၊ အစိုးရကို အကြည်ညိုပျက်စေမှုနဲ့ တရားစွဲဆိုခံရနိုင်ပါတယ်။ ပြစ်မှုထင်ရှားရင် တကျွန်းပို့ဒါဏ်၊ ဒါမှမဟုတ် (၃) နှစ်အထိ ထောင်ဒါဏ်ကျခံရနိုင်ပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်မှာ စာရေးဆရာ၊ သတင်းစာဆရာအတော်များများဟာ အဲဒီပုဒ်မနဲ့အထိန်းသိမ်းခံခဲ့ရပါတယ်။ ဒါက ပါလီမန်ဒီမိုကရေစီခေတ်မှာ ဖြစ်ပါတယ်။ အာဏာရှင်ခေတ်မှာတော့ အဲဒါထက်ပိုဆိုးဝါးတဲ့ ဥပဒေများကို ကျင့်သုံးခဲ့ပါတယ်။ နာမည်ကျော်ဥပဒေကတော့ (၁၉၇၅) ခုနှစ် နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်တားဆီးရေးဥပဒေ ဖြစ်ပါတယ်။ အဲဒီဥပဒေရဲ့ ပုဒ်မ (၇) မှာ နိုင်ငံသားတဦးဦးသည် နိုင်ငံတော်၏ အချုပ်အချာအာဏာနှင့်နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူ၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့်ပြုလုပ်မှုတခုခုကို ပြုလုပ်ခဲ့သည်၊ ပြုလုပ်နေသည်၊ ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သော အကြောင်းရှိလျှင် ဝန်ကြီးအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတရပ်ရပ်ကို

လိုအပ်သလို ကန့်သတ်မိန့် ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီဥပဒေက ပြုလုပ်ခဲ့သည်၊ ပြုလုပ်နေသည်၊ ပြုလုပ်တော့မည်ဆိုပြီး ကာလသုံးပါးကို ခြုံထားတဲ့အပြင် တရားရုံးဆုံးဖြတ်ချက်အရမဟုတ်ဘဲ ဝန်ကြီးအဖွဲ့ဆုံးဖြတ်ချက်နဲ့ မူလအခွင့်အရေးကို ရုပ်သိမ်းမှာဖြစ်တဲ့အတွက် ဝန်ကြီးအဖွဲ့ရဲ့ ယုံကြည်လောက်သောအကြောင်းဆိုတဲ့ စကားရပ်ဟာ ဘာအနှစ်သာရမှ မရှိတော့ပါ၊ တနည်းပြောရရင် အထက်က ဆွေးနွေးခဲ့တဲ့ ဝေဖန်တာလား၊ သွေးထိုးလှုံ့ဆော်တာလားဆိုတာကို ပိုင်းခြားမယ့်အနေအထားမျိုး (၁၉၇၅) ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီး လိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်တားဆီးရေးဥပဒေမှာ လုံးဝမရှိပါ။

ဒုတိယအချက်အနေနဲ့ တင်ပြလိုတာကတော့ နိုင်ငံတော်လျှို့ဝှက်ချက်နဲ့ စပ်လျဉ်းတဲ့ ကိစ္စဖြစ်ပါတယ်။ နိုင်ငံတော်လျှို့ဝှက်ချက်နဲ့ ပါတ်သက်တဲ့ဥပဒေတွေဟာ နိုင်ငံတိုင်းလိုလို မှာ ရှိကြပါတယ်။ လွတ်လပ်မှုအခွင့်အရေး အပြည့်အဝရှိတယ်ဆိုတဲ့ အမေရိကန်နိုင်ငံမှာ တောင် နယူးယောက်တိုင်း(မ်)သတင်းစာက "ပင်တဂွန်လျှို့ဝှက်ချက်များ" အခန်းဆက် သတင်းဆောင်းပါးကိုထည့်တဲ့အခါမှာ အမေရိကန် တရားရုံးက တားဆီးမိန့် **(Injunction)** ထုတ်ပြီး ဆောင်းပါးဆက်လက်ထည့်သွင်းခြင်းကို တားမြစ်ခဲ့တာ ရှိပါတယ်။

ဒီနိုင်ငံတော်လျှို့ဝှက်ချက်နဲ့စပ်လျဉ်းလို့ ရပ်တည်တဲ့ရှုထောင့်အပေါ်မူတည်ပြီး အမြင်တွေ ကွဲပြားခြားနားကြပါတယ်။ မီဒီယာ ဘက်ကတော့ အစိုးရရဲ့ မူဝါဒ၊ ဆုံးဖြတ်ချက်၊ လုပ်ငန်းစဉ်အားလုံးကို သတင်းစာက လွတ်လွတ်လပ်လပ် ရခွင့်ရှိတယ်လို့ မြင်ကြပါတယ်။ အစိုးရဘက်ကတော့ သူ့ရဲ့ဆောင်ရွက်ချက်တွေထဲက သတင်းစာတွေကိုဘာသိခွင့်ပေးမယ်၊ ဘာထုတ်ဝေခွင့်ပေးမယ်ဆိုတာကို အစိုးရက လွတ်လွတ်လပ်လပ်ရွေးခွင့် ရှိရမယ်လို့ဆိုပါ တယ်။ လူအများစုကတော့ အစိုးရအနေနဲ့ အချို့ကိစ္စများကို လျှို့ဝှက်ဖို့ မလွဲမသွေလိုအပ် တယ်၊ ဒါပေမဲ့ အဖြစ်နိုင်ဆုံး အတိုင်းအတာအထိတော့ မလျှို့ဝှက်ဘဲထုတ်ဖော်သင့်တယ်လို့ ယူဆကြပါတယ်။ နောက်ဆုံးယူဆချက်ဟာ ကြားကျတဲ့အမြင်ဖြစ်ပြီးသင့်တင့်တယ်လို့ထင် ရပေမဲ့ လျှို့ဝှက်ချက်ကိစ္စနဲ့ စပ်လျဉ်းလို့ လူထုဆက်သွယ်ရေးနဲ့အစိုးရကြားမှာ မဖြေရှင်း ပေးနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လျှို့ဝှက်ဖို့ လို/မလို ဆိုတာကို ဘယ်သူက ဆုံးဖြတ် မှာလဲဆိုတဲ့အချက်မှာ ပြဿနာရှိလို့ဖြစ်ပါတယ်။ ကိစ္စတခုဟာ လျှို့ဝှက်သင့်/မသင့်ဆိုတာ ကို အစိုးရကဆုံးဖြတ်မှာကို သတင်းသမားက မယုံကြည်ပါဘူး။ ဒီလိုဘဲလျှို့ဝှက်သင့်/မသင့် ကို သတင်းသမားက ဆုံးဖြတ်မယ် ဆိုရင်လဲ လျှို့ဝှက်ချက်ဆိုတဲ့ကိစ္စဟာ အလိုလို ပျက်ပျယ် သွားပြီဖြစ်ပါတယ်။ ဒီလျှို့ဝှက်ချက်နဲ့စပ်လျဉ်းလို့ လူထုဆက်သွယ်ရေးနဲ့ အစိုးရကြားမှာ ပြေလည်နိုင်တဲ့အဖြေတခုကို ရှာလို့မရသေးဘဲ အငြင်းပွားနေဆဲဘဲ ဖြစ်ပါတယ်။

## (၄) တရားစီရင်ရေးဆိုင်ရာ

တရားစီရင်ရေးဆိုင်ရာမှာ သတင်းသမားများ အများဆုံးဖြစ်တတ်တာကတော့ တရားရုံးကို မထေမဲ့မြင်ပြုလုပ်မှု **(contempt of court)** ဖြစ်ပါတယ်။ တရားရုံးများကို မထေမဲ့မြင်ပြုလုပ်တယ်ဆိုတာ တရားမျှတရေးဆောင်ရွက်မှုလုပ်ငန်းထိခိုက်အောင် တခုခု လုပ်ခြင်း၊ ဒါမှမဟုတ် လုပ်ဆောင်ရန်ပျက်ကွက်ခြင်းလို့ ယေဘုယျအားဖြင့် ဆိုနိုင်ပါတယ်။ တရားမတရားရုံးရဲ့ဒီဂရီ၊ ဆုံးဖြတ်ချက်စတဲ့ တရားရုံးရဲ့ အမိန့်တခုခုကို တမင်ရည်ရွယ်ပြီး

မနာခံရင်၊ တရားရုံးကို မထေမဲ့မြင်လုပ်တယ်လို့ဆိုရပါမယ်။ အဲ့ဒါကို တရားမ တရားရုံးကို မထေမဲ့မြင်လုပ်မှုလို့ ခေါ်ပါတယ်။ စာနယ်ဇင်းသမားတွေနဲ့ သိပ်မပတ်သက်ပါဘူး။ စာနယ်ဇင်းသမားတွေ အများဆုံးကြုံတွေ့ရတာကတော့ ပြစ်မှုဆိုင်ရာတရားရုံးကို မထေမဲ့မြင်ပြုလုပ်မှုဖြစ်ပါတယ်။ ကိုယ်ကနေ ပြည်သူကိုပေးလိုက်တဲ့ သတင်းပေးချက်တခုဟာဒါမှမဟုတ် ကိုယ့်ရဲ့အပြုအမူ တခုခုဟာ တရားရေးအာဏာပိုင်တယောက်ယောက်ရဲ့ လုပ်ငန်းနဲ့ပတ်သက်တဲ့အဆင့်အခြေကို နိမ့်ကျသွားစေရင် ဒါမှမဟုတ်နိမ့်ကျသွားစေနိုင်ရင်ဒါမှမဟုတ် အဲဒီအာဏာပိုင်ကို မခံရပ်နိုင်အောင် သွားပုတ်လေလွှင့်ပြောတဲ့သဘောရောက် ရင် တရားရုံးကို မထေမဲ့မြင်ပြုမှုနဲ့ တရားစွဲဆိုခံရနိုင်ပါတယ်။ ဒီလိုဘဲ ဆောင်ရွက်နေဆဲ တရားစီရင်ရေး လုပ်ငန်းစဉ်မှာစွက်ဖက်ရင်၊ တရားသူကြီး၊ ဂျူရီလူကြီးတွေကို ဘက်လိုက်လာအောင် ဆွဲဆောင်ရင် ဒါဟာလည်း တရားရုံးကို မထေမဲ့မြင်ပြုလုပ်မှုထဲ ဝင်သွားပါတယ်။ နောက်ပြီး တရားရုံးရဲ့ တရားမှုတမှုအတွက် စီမံဆောင်ရွက်မှုကို စွက်ဖက်ရင်၊ ဟန့်တားရင်၊ ဟန့်တားတဲ့သဘော သက်ရောက်ရင်လည်း တရားရုံးကို မထေမဲ့မြင်ပြုလုပ်တယ်လို့ တရားရုံးက ယူဆပါလိမ့်မယ်။

အထက်ကတင်ပြခဲ့တဲ့ တရားရုံးကိုမထေမဲ့မြင်ပြုလုပ်မှုဖြစ်နိုင်တဲ့အချက်တွေကို ကြည့်ရင်၊ သတင်းသမားတွေနဲ့ထိတ်တိုက်တွေ့ဘို့ သိပ်များနေတဲ့အခြေအနေကို ထင်ထင်ရှားရှားဘဲ မြင်နိုင်ပါတယ်။ ဒီအခြေအနေရဲ့ အရင်းခံအကြောင်းကတော့ မဏ္ဍိုင် (၂) ခုရဲ့ ယှဉ်ပြိုင် ရှိနေမှုကြောင့်လို့ဘဲ ဆိုရပါမယ်။ တရားရုံးအနေနဲ့က တရားစီရင်ရေးမဏ္ဍိုင် တည့်တည့်မတ်မတ်ရှိမှုအပေါ်မှာ အားပြုပါတယ်။ ဘာကြောင့်လဲဆိုတော့ တရားမျှတမှု ရရှိဘို့ဆိုတာ တရားစီရင်ရေးမဏ္ဍိုင် တည့်တည့်မတ်မတ်ရှိမှသာ ဖြစ်နိုင်လို့ဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းဘို့ ဖြစ်နိုင်တဲ့အခြေအနေတွေကို တရားဥပဒေမှုသဘောက လုံးဝလက်မခံပါဘူး။ စာနယ်ဇင်းဘက်ကလည်း လူထုဟာ ကိုယ့်ဖာသာကိုယ် ချင့်ချိန်စဉ်းစားဆုံးဖြတ်နိုင်ဘို့အတွက် လိုအပ်မည့်သတင်းအချက်အလက်များကိုပေးဘို့ စာနယ်ဇင်းသမားမှာ တာဝန်ရှိတယ်လို့ ခံယူပါတယ်။ ဥပဒေက တရားမျှတမှုကို အားပြုပါတယ်။ စာနယ်ဇင်းက သတင်းပေးမှုအပေါ်မှာ အားပြုပါတယ်။ တခါတလေ သတင်းပေးလိုဇောများသွားတဲ့အခါ၊ စာနယ်ဇင်းသမားနဲ့ တရားရုံးတို့ ထိပ်တိုက်တွေ့မိတတ်ပါတယ်။ တရားရုံး က အမှုစစ်ဆေးနေဆဲကာလမှာ သတင်းစာက မြေဂိုဏ်းမိပြီဆိုပြီး ဓါတ်ပုံနဲ့တကွ ဖော်ပြ လိုက်တာမျိုးဖြစ်ပါတယ်။ ဒီလိုဖော်ပြလိုက်တာဟာ တရားရုံးကစီရင်ချက်မချမှီ သတင်းစာက တရားစီရင်လိုက်ခြင်း **(Trail by Press)** သဘောဖြစ်ပြီး တရားရုံးရဲ့ဆောင်ရွက်နေဆဲတရားစီရင်ရေးလုပ်ငန်းစဉ်ကို စွက်ဖက်သလိုဖြစ်သွားပါတယ်။ ယခုနောက်ပိုင်း သတင်းသမားတွေအနေနဲ့ အတွေ့အကြုံများလာတဲ့အတွက်ကြောင့်မို့ ဒီအပိုင်းမှာ ပြဿနာနည်းလာပါတယ်။ တရားရုံးမှာ စစ်ဆေးဆဲအမှုနဲ့ပါတ်သက်လို့ တရားစီရင်မှုဖြစ်စဉ်ကိုသာရေးပြီး ဝေဖန်ချက်၊ မှတ်ချက်မပေးရင် ပြဿနာမရှိပါဘူး။ ဝေဖန်ချက်၊ မှတ်ချက်ပေးမိရင် ပြဿနာ ရှိလာနိုင်ပါတယ်။ ဒါတောင်မှ အများပြည်သူအကျိုးအတွက် သဘောရိုးနဲ့ ဝေဖန်ရင် ကင်းလွတ်ခွင့်ရနိုင်ပါတယ်။ ဒီကင်းလွတ်ခွင့်နဲ့စပ်လျဉ်းပြီးစိတ်ဝင်စားဘို့ကောင်းတဲ့အမှုတခုကို တင်ပြလိုပါတယ်။ အဲဒါကတော့ တရားရုံးရှေ့တွင် စစ်ဆေးနေဆဲ

အမှုမဟုတ်ပဲ၊ တရားစီရင်ရေး စနစ်တခုလုံးကို အများပြည်သူအကျိုးအတွက် ဝေဖန်ရင်၊ တရားရုံးမထေမဲ့မြင် ပြုလုပ်မှုဖြစ်/မဖြစ် ပြဿနာဖြစ်ပါတယ်။ အမှုကတော့ အိန္ဒိယနိုင်ငံ ကရလာ **(Karala)** ပြည်နယ်ဝန်ကြီးချုပ်ဟောင်း **(E.M.S.Namboodaripad)** က သတင်းစာရှင်းလင်းပွဲတခုမှာ "တရားစီရင်ရေးစနစ်ဟာ သွေးစုတ်သူတွေရဲ့ လက်ကိုင်တုတ်ဖြစ်နေတယ်။ ဆင်းရဲသားတွေရဲ့အကျိုးကို ဆန့်ကျင်နေတယ်"ဆိုပြီး တရားစီရင်ရေးစနစ်ကို ဝေဖန်ပါတယ်။ အဲဒီဝေဖန်ချက်ကြောင့် တရားရုံးကို မထေမဲ့မြင်ပြုမှုနဲ့ သူ့အပေါ် ပြစ်ဒဏ်ချခဲ့တဲ့ အောက်ရုံးရဲ့ဆုံးဖြတ်ချက်ကို တရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ပါတယ်။ အောက်ရုံးဆုံးဖြတ်ချက်မှာ သူရဲ့ပြောဆိုတဲ့ အသုံးအနှုန်းတွေဟာ တရားသူကြီးနဲ့ တရားရုံးရဲ့ဂုဏ်သိက္ခာကိုထိခိုက်ပြီး တရားစီရင်ရေးစံနစ်တခုလုံးကို အများပြည်သူအမြင်မှာ နိမ့်ကျသွားအောင်လုပ်တာဖြစ်တယ်လို့ ထောက်ပြပါတယ်။ ဒီမှာ မေးခွန်းပေါ်လာတာက တရားစီရင်ရေးစနစ်ကို အများပြည်သူအမြင်မှာ ဂုဏ်သိက္ခာရှိဘို့ တခုတည်းအပေါ်မှာဘဲမူတည်ပြီး တရားစီရင်ရေးကိုဝေဖန်မှုတွေကနေ ကင်းလွတ်ခွင့်ပေးမလား၊ တနည်းပြောရရင် တရားစီရင်ရေးစနစ်ရဲ့ ဂုဏ်သိက္ခာနဲ့ဆိုင်ရင် လွတ်လပ်စွာထုတ်ဖော် (ဝေဖန်) ခွင့်ကို ကျင့်သုံးခွင့်မရှိတော့ဘူးလားဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒီမေးခွန်းကို ၁၉၉၅–ခုနှစ်မှာ အိန္ဒိယနိုင်ငံ တရားလွှတ်တော်ချုပ်က *C.Ravichandra Iyer v. Justic A.M. Bhattacharjee, (1995) 5 SCC457.462* အမှုမှာ ဖြေဆိုရှင်းလင်းခဲ့ပါတယ်။ အဲဒီစီရင်ထုံးမှာ တရားရုံးချုပ်က "ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၉(၁–a)နဲ့ အာမခံထားတဲ့ လွတ်လပ်စွာ ပြောဆိုခွင့်နဲ့ လွတ်လပ်စွာထုတ်ဖော်ခွင့်ဟာ ဘယ်ဒီမိုကရေစီစနစ်မှာမဆို အင်မတန်တန်ဘိုးရှိတဲ့ လွတ်လပ်မှုတခုဖြစ်တယ် ဆိုတာမှန်ပါတယ်။ ဒါပေမဲ့ ဘဝတွေ၊ လွတ်လပ်မှုတွေ၊ နိုင်ငံသားတွေရဲ့ဂုဏ်သရေတွေကို ကာကွယ်စောင့်ရှောက်နေတဲ့ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ကို လေးစားကာကွယ် ထိန်းသိမ်းခြင်းဟာလည်း ထပ်တူထပ်မျှ အရေးကြီးပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အကျိုးစီးပွားလိုအပ်ချက်ဖြစ်တဲ့ တရားစီရင်ရေးစနစ်ကိုဝေဖန်ခြင်းဟာ ချင့်ချင့်ချိန်ချိန်ဖြစ်ရမယ်၊ တိတိကျကျကျိုးကြောင်းညီညွတ်ရမယ်၊ အလေးအနက်တွေးတောတာဖြစ်ရမယ်။ ပါတီစိတ်ဓါတ်အရောင်အသွေး၊ ဖိအားပေးတဲ့ နည်းဗျူဟာ၊ ခြိမ်းခြောက်တဲ့ခြောက်လှန့်တဲ့ ကျင့်ကြံပုံတွေမပါဘဲ မြင့်မြင့်မားမား ရည်ရွယ်ချက်ကနေ ပိုမိုကောင်းမွန်တဲ့ ပြုပြင်စီရင်တာဖြစ်ရမယ်။ ဒါကြောင့်မို့ တရားရုံးဟာလွတ်လပ်စွာဝေဖန်မှုတန်ဘိုး၊ ကြောက်လန့်ခြင်းကင်းစွာ ပြတ်ပြတ်သားသားဆောင်ရွက်မှုနဲ့ တည့်မတ်သော လုပ်ဆောင်မှုမှာ ဟန်ချက်ညီရမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

တရားရုံးနဲ့ သတင်းသမားကြားမှာ နောက်ထပ်ရှိနေတဲ့ ပြဿနာတခုကို တင်ပြလိုပါတယ်။ အဲဒါကတော့ သတင်းသမားတယောက်အနေနဲ့ အခြားပြည်သူထက် အခွင့်အရေးရှိ/မရှိဘို့ဆိုတဲ့ ပြဿနာဖြစ်ပါတယ်။ အင်္ဂလန်နိုင်ငံမှာ **(Vassall case)** လို့ခေါ်တဲ့ အမှုဖြစ်တဲ့အခါမှာ သတင်းသမားတွေဟာ အခြားနိုင်ငံသားတွေထက် အခွင့်ထူးခံခွင့်ရှိ/မရှိဆိုတာအပေါ် အာရုံစိုက်မှုဖြစ်လာပါတယ်။ အမှုက သတင်းသမားနှစ်ယောက်ကို သူတို့ထုတ်ပြန်ခဲ့တဲ့ ကောလဟလသတင်းရဲ့ အရင်းအမြစ်ကို ဖွင့်ပြောဘို့ တရားရုံးက အမိန့်ပေးတာကို ငြင်းဆန်တဲ့အတွက် တရားရုံးကို မထေမဲ့မြင်လုပ်မှုနဲ့ တရားစွဲပါတယ်။

အဲဒီလို တရားစွဲတာဟာ (Public Policy) ကို တရားရုံးက ကျော်လွန်တာဖြစ်တယ်လို့ စာနယ်ဇင်းသမားတွေက စောဒကတက်လာပါတယ်။ အင်္ဂလိပ်ဥပဒေစနစ်အရ ရှေ့နေတမျိုးတည်းသာ "သူ့ကို သူ့အမှုသည်က အမှုနဲ့စပ်လျဉ်းလို့ပြောတဲ့ စကားကို သက်သေခံထွက်ဆိုဖို့ ငြင်းခွင့်ရှိပါတယ်။" ကျန်သူတွေဟာ တရားမျှတမှုပေါ်ပေါက်ရေးအတွက် လိုအပ်တဲ့သက်သေခံချက်ကိုပေးဘို့ တာဝန်ရှိပါတယ်။ အထက်ကတင်ပြခဲ့တဲ့အမှုမှာ စာနယ်ဇင်းသမားဟာ သူစောင့်ထိန်းရမယ့် ကျင့်ဝတ်နဲ့ တရားဥပဒေကြားမှာ ညပ်မိနေပါတယ်။ အဲဒီအမှုမှာ အင်္ဂလိပ်တရားရုံးက အများပြည်သူအကျိုးစီးပွားနဲ့ သတင်းအရင်းအမြစ်ကို ထုတ်ဖေါ်ပြောပြခြင်း ဆက်စပ်တယ်ဆိုတာ ထင်ရှားမှုမရှိဘူးလို့သုံးသပ်ပြီး၊ သူတို့ရဲ့စောဒကကို ပါယ်ချလိုက်ပါတယ်။ ဒါပေမဲ့ ကျန်နေတဲ့ ပြဿနာကတော့ စာနယ်ဇင်းသမားဟာ သတင်းရယူနိုင်ခွင့် အခွင့်အရေး (Right to information) အပိုင်းမှာ အထူးအခွင့်အရေး ရှိ/မရှိ ဆိုတာဘဲ ဖြစ်ပါတယ်။ နိုင်ငံအများအပြားမှာ လက်ခံထားတာကတော့ စာနယ်ဇင်းသမားမှာ အထူးအခွင့်အရေးမရှိပါဘူး။ တခြားပြည်သူလိုဘဲ တာဝန်ရှိပါတယ်။ အများပြည်သူအတွက် အကျိုးရှိမဲ့သတင်းရဘို့ဆိုပြီး သူများအိမ်ကို ဖောက်ထွင်းဝင်ရောက်ရင် ဖောက်ထွင်းမှုနဲ့ တရားစွဲဆိုခံရမှာဘဲ ဖြစ်ပါတယ်။

(၅) အာဏာပိုင်များမှ ချုပ်ကိုင်ကြိုးဆွဲခြင်း

သတင်းစာရယ်လို့ပေါ်လာကတည်းက အုပ်ချုပ်သူတွေဟာ ဥပဒေတွေနဲ့ထိန်းချုပ်ပြီး သတင်းစာတွေရဲ့အသံတိတ်အောင် ကြံစည်ခဲ့ကြပါတယ်။ လူ့အဖွဲ့အစည်းရဲ့ လွတ်လပ်မှုအတွေးအခေါ်တွေ မြင့်မားလာတာနဲ့အမျှ လူထုဆက်သွယ်ရေးယန္တယားတွေရဲ့ လွတ်လပ်မှုဟာလည်း မြင့်မားလာပါတယ်။ သတင်းလွတ်လပ်ခွင့်နဲ့ပတ်သက်လို့ ဒီမိုကရေစီနိုင်ငံတွေမှာ ကျယ်ကျယ်ပြန့်ပြန့်ပေးထားပေမဲ့လည်း အုပ်ချုပ်ရေး အာဏာပိုင်တွေက ထိပ်တိုက်မဟုတ်ဘဲ သွယ်ဝိုက်ကြိုးကိုင်ဘို့ကြိုးစားတာတွေလည်း ရှိပါတယ်။ ဒ့ါအပြင် ကမ္ဘာပေါ်မှာ ဒီမိုကရေစီနိုင်ငံအပြင် အာဏာရှင်နိုင်ငံ ပုံစံအမျိုးမျိုးတွေလည်း ရှိသေးတာမို့ သတင်းမီဒီယာ အပေါ်မှာ တိုက်ရိုက်ချုပ်ကိုင်တာတွေလည်း ကျန်ရှိပါသေးတယ်။ ဆိုရရင် အာဏာရှင်နိုင်ငံတွေမှာ တိုက်ရိုက်ချုပ်ကိုင်ပြီး၊ ဒီမိုကရေစီနိုင်ငံတွေမှာ သွယ်ဝိုက်ချုပ်ကိုင်တဲ့ နည်းလမ်းကို သုံးတတ်ကြပါတယ်။

(က) လိုင်စင် **( Licence)**

သတင်းလွတ်လပ်ခွင့်ကို ချုပ်ကိုင်တဲ့နေရာမှာ အများအားဖြင့် ဆင်ဆာ (Censorship) ကိုသာ သတိပြုမိကြပါတယ်။ လိုင်စင်ကို သတိမထားမိကြပါဘူး။ လိုင်စင်နဲ့ ဆင်ဆာဟာ ထပ်တူထင်ရပေမဲ့ ကွဲပြားခြားနားမှုရှိပါတယ်။ ဆင်ဆာဟာ ထုတ်လုပ်ပြီးတဲ့ သတင်းမီဒီယာအပေါ်မှာ ဖြတ်တောက်တာ ဖြစ်ပါတယ်။ လိုင်စင်ကတော့ ထုတ်လုပ်မဲ့၊ ထုတ်ဝေမဲ့အရာကို မထုတ်လုပ်မီမှာ ကြိုတင်ပြီး ခွင့်ပြုချက်ရယူရခြင်း ဖြစ်ပါတယ်။ ဆိုရရင် လိုင်စင်ဟာ ဆင်ဆာထက်ပိုပြီး သတင်းမီဒီယာအပေါ်မှာ တင်းကြပ်ချုပ်ကိုင်တယ်လို့ ဆိုရပါမယ်။ ဒီလိုင်စင်စနစ်ကို မြန်မာနိုင်ငံ လူထုဆက်သွယ်ရေးနဲ့ဆိုင်တဲ့ဥပဒေ

အားလုံးလိုလိုမှာတွေ့နိုင်ပါတယ်။ စာအုပ်ထုတ်ဝေရေးနဲ့ပတ်သက်ရင် စာပေစီစစ်ရေးကို ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။ ဒါဟာ ဆင်ဆာလုပ်တာမဟုတ်ပါဘူး။ လိုင်စင်လုပ်ရတာပါ။ ပိုပြီးထင်ရှားတဲ့ လိုင်စင်ပုံစံကို ဗွီဒီယို၊ ရုပ်မြင်သံကြား၊ ရုပ်ရှင်တို့နဲ့ဆိုင်တဲ့ ဥပဒေတွေမှာ တွေ့နိုင်ပါတယ်။ (န၀တ) လက်ထက်မှပြဋ္ဌာန်းတဲ့ ရုပ်ရှင်ဥပဒေ ပုဒ်မ (၁၂)အရ ရုပ်ရှင်ဆင်ဆာအဖွဲ့ကို ရုပ်ရှင်မရိုက်မီ ရိုက်ကူးမည့်ဇာတ်လမ်း တင်ပြရပါတယ်။ ရိုက်ကူးခွင့်ကို ဆင်ဆာအဖွဲ့က ငြင်းနိုင်ပါတယ်။ ရိုက်ကူးပြီးရင် ပုဒ်မ (၁၃)အရ ဆင်ဆာပြန်တင်ရပါတယ်။ ဒ့ါအပြင် (န၀တ) ဥပဒေတွေဟာ သတင်းမီဒီယာတွေကို ချုပ်ကိုင်တဲ့နေရာမှာ ထုတ်လုပ်သူအပိုင်းတင်မဟုတ်ပါဘူး။ သုံးစွဲသူကိုပါ လိုင်စင်စနစ်နဲ့ ချုပ်ကိုင်ထားပါတယ်။ (န၀တ) ရုပ်မြင်သံကြားနဲ့ ဗွီဒီယိုဥပဒေ ဥပဒေပုဒ်မ ၂ (c) မှာ ရုပ်မြင်သံကြားဖမ်းစက်၊ ဗွီဒီယိုဖွင့်စက် လက်ဝယ်ထားဘို့အတွက် လက်ဝယ်ထားခွင့်လိုင်စင် ရှိရပါတယ်။ ပုဒ်မ (၈)အရ ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက် လက်ဝယ်ထားရှိနိုင်ဘို့အတွက် လိုင်စင်လိုပါတယ်။ ရုပ်မြင်သံကြားဖမ်းစက် ဗွီဒီယိုပြစက်တို့ကို လက်ဝယ်ထားနိုင်ဖို့အတွက် လိုင်စင်လုပ်ရမယ်ဆိုတဲ့ ဥပဒေဟာ ကမ္ဘာမှာ မြန်မာတနိုင်ငံဘဲ ရှိပါလိမ့်မယ်။ တခြားနိုင်ငံတွေမှာ အလားတူဥပဒေမျိုးရှိတယ်လို့ မကြားမိ မတွေ့မိပါ။ ဆိုရရင် (န၀တ)ဟာ လိုင်စင်စနစ်ကို အမြင့်ဆုံးပုံစံနဲ့ ကျင့်သုံးနေတာဘဲဖြစ်ပါတယ်။

ယခုဆွေးနွေးခဲ့တဲ့ လိုင်စင်စနစ်ကတော့ သတင်းလွတ်လပ်မှုရဲ့ အဓိကရန်သူကြီးဖြစ်သလို၊ ဥပဒေရဲ့ တရားမျှတမှုစံတွေနဲ့လည်း ဆန့်ကျင်ပါတယ်။ ဒီလိုင်စင်စနစ်ကို ထောက်ခံထားတဲ့ဥပဒေတွေကိုတော့ ဖျက်သိမ်းပစ်ရုံမှအပ အခြားရွေးစရာလမ်းမရှိပါဘူး။

## (ခ) ဆင်ဆာ (**Censorship**)

ဆင်ဆာရဲ့အဓိပ္ပါယ်ကတော့ အစိုးရရဲ့ တရားဝင်အတည်ပြုမှုမပါရင် အဲဒီမီဒီယာထုတ်ကုန် (စာအုပ်၊ ရုပ်ရှင်၊ သတင်းစာ စသည် ဖြင့်) ကို ပိတ်ပင်ခြင်းဖြစ်ပါတယ်။ဆင်ဆာကို ကြိုတင်မှတ်ယူပိတ်ပင်ခြင်း (Pre-censorship) နဲ့ ဆင်ဆာဆိုပြီး (၂) မျိုးခွဲ နိုင်ပါတယ်။ pre-censorshipကို Anglo-American ဥပဒေစံနစ် (မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ ပါဝင်) မှာတွေ့ရပြီး တားဆီးကာကွယ်သော ဆင်ဆာ (preventive censorship)လို့လည်းခေါ်ပါတယ်။ ကြိုတင်မှတ်ယူချက်နဲ့ပိတ်ပင်ခြင်းကို မြန်မာနိုင်ငံ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၁၄၄) မှာ တွေ့နိုင်ပါတယ်။ အဲဒီဥပဒေပုဒ်မအရ သတင်းစာ၊ စာစောင်၊ ဂျာနယ် တခုခုသည် မြို့ရွာအေးချမ်းသာယာရေးကို ပျက်ပြားဘို့ ဖြစ်နိုင်တယ်လို့ယူဆရင်၊ အဲဒီလိုဖြစ်နိုင်တဲ့ ဒေသတွေမှာ အဲဒီသတင်းစာ၊ စာစောင်၊ဂျာနယ်ကို တားဆီးပိတ်ပင်နိုင်တဲ့ အာဏာကို တရားသူကြီးကို ပေးအပ်ထားပါတယ်။ ကြိုတင်မှတ်ယူချက်နဲ့ပိတ်ပင်ခြင်းဟာ လိုင်စင်နဲ့ ဆင်ဆာကြားမှာရှိပြီးသတင်းလွတ်လပ်ခွင့်ရဲ့ အန္တရာယ်များတဲ့ ရန်သူဖြစ်ပါတယ်။ ဒီကြိုတင်မှတ်ယူခြင်းနဲ့ ပိတ်ပင်တဲ့ ဖြစ်ရပ်တွေဟာ၊ ဒီမိုကရေစီနိုင်ငံမှာလည်း အုပ်ချုပ်သူတွေက သူတို့ မလိုလားတဲ့သတင်းစာတွေကို ချုပ်ကိုင်နိုင်ဘို့အတွက် ဆင်ဆာလိုဘဲ အသုံးချတတ်ပါတယ်။ ဒီကြိုတင်မှတ်ယူချက်အရ သတင်းစာကိုပြည်နယ်ထဲတင်သွင်းခွင့် ပိတ်ပင်တဲ့ကိစ္စနဲ့ စပ်လျဉ်းပြီး၊ အိန္ဒိယ တရားလွှတ်တော်ချုပ်က *Brij Bhushan v.*

*State of Delhi, A.I.R.1950 S.C.129* အမှုမှာ "ကြိုတင်မှတ်ယူခြင်းဖြင့် ဂျာနယ်အပေါ်မှာ စည်းကြပ်ခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ (၁– a) နဲ့ ကြေငြာထားတဲ့ လွတ်လပ်စွာထုတ်ဖော်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်တို့ရဲ့ အနှစ်သာရဖြစ်တဲ့ သတင်းစာလွတ်လပ်ခွင့်ကို ချုပ်ချယ် ကန့်သတ်ခြင်းဖြစ်တယ်ဆိုတာ ယုံမှားသံသယဖြစ်စရာ မရှိသလောက်ဖြစ်သော အချက်ဖြစ်တယ်"လို့ ထုတ်ဖော်ထားပါတယ်။

ဆင်ဆာနဲ့ ပါတ်သက်ပြီး ဆက်လက်တင်ပြဆွေးနွေးလိုတာက ဆင်ဆာရှိဘို့လို/မလိုဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒီအချက်နဲ့ ပါတ်သက်လို့ ဆင်ဆာဆိုတာကို အုပ်ချုပ်သူတွေက သတင်းလွတ်လပ်ခွင့်အပေါ်မှာ ချုပ်ကိုင်ချယ်လှယ်နိုင်တဲ့ လက်နက်တခု အဖြစ်ပဲ မြင်ကြပါတယ်။ ဒါပေမဲ့ အခုအခါ အနောက်တိုင်းဒီမိုကရေစီနိုင်ငံတွေမှာ ဆင်ဆာကို အပြုသဘောအမြင်ဘက်ကနေ ချဉ်းကပ်လာတာတွေ ရှိလာပါတယ်။ ဆင်ဆာကို သတင်းလွတ်လပ်မှုကိုချုပ်ကိုင်တဲ့ နည်းလမ်းအဖြစ်ဘဲ မြင်နေကြတဲ့အခါ၊ လူထုဆက်သွယ်ရေး **(Mass Meida)**ရဲ့ အခြေအနေကို မျက်စေ့သျှမ်းသွားပါတယ်။ ဒီနေ့လူထုဆက်သွယ်ရေးယန္တယားတွေရဲ့ ပိုင်ဆိုင်မှုပုံစံ၊ အတတ်ပညာကျွမ်းကျင်မှုတွေဟာ ဆင်ဆာအသုံးပြုဘို့လိုအပ်မလားဆိုတဲ့အတွေးကို ဖြစ်ထွန်းလာစေပါတယ်။ ဘာကြောင့်လဲဆိုတော့ လူထုဆက်သွယ်ရေးယန္တယားတွေဟာ အုပ်စုကြီးလိုက်ဖြစ်နေပြီး လူတဦး ဒါမှမဟုတ် လူအနည်းငယ်ရဲ့လက်ထဲမှာရှိနေပါတယ်။ ပြီးတော့ စာနယ်ဇင်းသမားတွေဟာလည်း သူတို့ရဲ့အတတ်ပညာပိုင်းမှာ တဖက်ကမ်းခတ်ကျွမ်းကျင်လာပါတယ်။ ဆိုရရင်လူထုဆက်သွယ်ရေးယန္တယားတွေကို ပြည်သူလူထု အသိပညာ၊ ဆင်ခြင်ဉာဏ်တွေပွင့်လန်းလာဖို့အတွက် အဓိကယန္တယားလို့ အကောင်းမြင်ဘက်က စဉ်းစားကြပါတယ်။ ဒါပေမဲ့ တဖက်ကပြန်ကြည့်ရင် မီဒီယာဟာ လက်တွေ့အခြေအနေမှာ လူအနည်းငယ်ရဲ့ လက်တွင်းရောက်နေတဲ့အပြင် မီဒီယာအတတ်ပညာတွေကိုလည်း တဖက်ကမ်းခတ်တတ်နေတော့ လူထုကို အဲဒီလူအနည်းငယ်က သူတို့လိုလားတာတွေ ဖြစ်ဖို့အတွက် သွေးဆောင်သွားနိုင် တယ်ဆိုတဲ့ အန္တရယ်ဟာ တကယ့်လက်တွေ့ဖြစ်နေတဲ့အန္တရယ်ဖြစ်ပါတယ်။ ဒီအန္တရယ်ကို ကာကွယ်နိုင်ဘို့အတွက် ဆင်ဆာကို လက်နက်တခုအဖြစ် ပြန်သုံးသင့်ပြီလို့ အချို့က ယူဆလာကြပါတယ်။

(ဂ) သတင်းစာလွတ်လပ်ခွင့်ကိုကြိုးဆွဲခြင်း

သတင်းစာလွတ်လပ်ခွင့်ကို ကြိုးဆွဲတယ်ဆိုတာ သတင်းစာလွတ်လပ်ခွင့်ကို ပိတ်ပင်ချုပ်ကိုင်လိုက်တာမဟုတ်ဘဲ သတင်းစာကို ကိုယ့်အလိုလိုက်လာအောင် သွယ်ဝိုက်ပြီးဖိနှိပ်လိုက်တာဖြစ်ပါတယ်။ သတင်းစာလွတ်လပ်ခွင့်ကို တိုက်ရိုက်မဟုတ်ဘဲ အစိုးရ တွေက နည်းလမ်းပေါင်းစုံနဲ့ရှာကြံပြီး၊ ကြိုးကိုင်ဘို့ကြိုးစားကြပါတယ်။ထုတ်ဝေတဲ့စာစောင်အရေအတွက်သတ်မှတ်တာ၊ စာစောင်စာမျက်နှာ သတ်မှတ်တာ၊ စာမျက်နှာနဲ့ သတင်းစာတန်ဘိုး အချိုးကျသတ်မှတ်တာ၊ အချပ်ပိုထည့်ရင် ခွင့်ပြုချက် တောင်းရတာ၊ သတင်းအေဂျင်စီများကို လက်ဝါးကြီးအုပ် ဝါးမျိုတာ စတဲ့ နည်းလမ်းပေါင်းစုံနဲ့သွယ်ဝိုက်ချုပ်ကိုင်ပြီး၊ အုပ်ချုပ်သူတွေက သတင်းစာတွေကို ကြိုးကိုင်ဘို့ ကြိုးစားပါတယ်။ အိန္ဒိယမှာဖြစ်ခဲ့တဲ့အမှုတခု

*(Express newspaper (private) Ltd v. Union of India, A.I.R.1958 S.C.578)* မှာ အစိုးရက သူမလိုလားတဲ့သတင်းစာကို အလုပ်သမားများသက်သာချောင်ချိရေးဥပဒေကိုအသုံးပြုပြီး ချုပ်ကိုင်နိုင်အောင် ကြိုးစားပါတယ်။ ဆိုလိုတာက ဥပဒေက ပြဋ္ဌာန်းထားတဲ့ အလုပ်သမားသက်သာချောင်ချိရေးနဲ့ဆိုင်တဲ့အပိုင်းကို ပြည့်စုံအောင် လုပ်ပေးနိုင်ဘို့ အတွက် သတင်းစာမှာ ငွေကြေးအရ အခက်အခဲရှိပါတယ်။ အဲဒါကို အစိုးရက ဥပဒေကိုကိုင်ပြီး သက်သာချောင်ချိရေးကို အတင်းလုပ်ခိုင်းရာမှ အမှုဖြစ်ခြင်းဖြစ်ပါတယ်။ ဒီအမှုမှာ အိန္ဒိယ တရားလွှတ်တော်ချုပ်က "အခြေခံလွတ်လပ်ခွင့်ဖြစ်တဲ့ သတင်းစာ လွတ်လပ်ခွင့်ကို တိုက်ရိုက်ထိခိုက်တာမဟုတ်ပေမဲ့ ငွေကြေးနဲ့စပ်လျဉ်းပြီး ကြီးမားတဲ့စည်းကြပ်မှုတင်ရှိတာနဲ့ ဆက်နွယ်ပြီး သတင်းစာများ ပိတ်လိုက်ရတဲ့ အကျိုးဆက်ကဲ့သို့သော အခြေခံရပ်တည်ချက်အပေါ်မှာမူတည်၍ အလုပ်သမားများ၏ လုပ်ငန်းခွင် သက်သာချောင်ချိရေး ဥပဒေကို ထောက်ခံ အတည်ပြုသည်။"လို့ ဆုံးဖြတ်ထားပါတယ်။

အထက်မှာ တင်ပြဆွေးနွေးခဲ့တဲ့ အချက်တွေအရ လူထုဆက်သွယ်ရေးနဲ့ ဥပဒေထိပ်တိုက်တွေနိုင်တဲ့အနေအထားတွေကို ချုပ်ကြည့်ရင် အာဏာပိုင်တွေက မတရားတဲ့ ဥပဒေတွေပြဋ္ဌာန်းပြီးဖိနှိပ်ခြင်း ဒါမှမဟုတ် သွယ်ဝိုက်ပြီးချုပ်ကိုင်ဖို့ကြိုးစားခြင်းစတဲ့ အပိုင်းကို တွေ့ရသလို အခြားတပိုင်းအနေနဲ့လည်း လူထုအတွင်းအေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်လုံခြုံရေးစသဖြင့် လူ့အဖွဲ့အစည်းအတွက် အမှန်လိုအပ်တဲ့ အခြေအနေများမှာ အကျိုးစီပွားဝိရောဓိ ဖြစ်တာကိုလည်း တွေ့ရပါတယ်။ ဒီနှစ်ပိုင်းကို သေသေချာချာ ခွဲခြားမြင်နိုင်ရင်၊ ဒီမိုကရေစီဆိုတာ မတူခြားနားတဲ့ အကျိုးစီးပွားတွေကို လက်ခံအသိအမှတ်ပြုပြီး လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့အင်အားကို မတူခြားနားမှုတွေအတွင်းကဘဲ ဖေါ်ထုတ်တဲ့ နည်းလမ်းဖြစ်တယ်ဆိုတာကို ယုံကြည်မယ်ဆိုရင် ဥပဒေနဲ့လူထုဆက်သွယ်ရေးတို့ ထိပ်တိုက်တွေ့တဲ့ပြဿနာများကို ဖြေရှင်းသွားနိုင်လိမ့်မယ်လို့ ထင်ပါတယ်။

စာကိုး
(1) The Idea of Law
*Dennis Lloyd (published by the penguin group)*
(2) Constitutional Law of India
*G.S.Pande (published by Allahabad Law Agency)*
(3) Law for The Laymen
*M.J.Antony (published by Hind Pocket Books (p) Ltd)*

အမျိုးသားညီလာခံ

# နအဖအမျိုးသားညီလာခံ   အဘယ်ဖန်းတိုင်ဆီသို့နည်း

ဝင်းမောင်

ဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ခင်ညွန့်သည် ဩဂုတ်လ ၃၀ ရက်နေ့တွင် လမ်းပြမြေပုံဟုခေါ်သော အချက် (၇) ချက်ကို တိုင်းပြည်သို့ ကျေညာခဲ့သည်။ အချက် (၇) ချက်အနက် အချက် (၁) သည် ၁၉၉၆ ခုနှစ်က ရပ်နားထားခဲ့သော အမျိုးသားညီလာခံကို ပြန်ကျင်းပရန်ဟူ၍ ဖြစ်သည်။

အမျိုးသားညီလာခံသည် မြန်မာပြည်သူများ၏ အနာဂတ်ကံကြမ္မာကို ဖန်တီးသွားမည့် ညီလာခံဖြစ်ပေသည်။ ပြည်သူများ၊ အနာဂတ်ကံကြမ္မာကို ဖန်တီးမည့် ညီလာခံဖြစ်သည့်အတွက် ညီလာခံကိုမည်သူများက ကျင်းပသင့်သည်၊ ညီလာခံတွင် မည်သူများက ပါဝင်သင့်သည်ဟူသော အချက်မှာ အလေးထားစဉ်းစားရမည့် အချက်များဖြစ်ပေသည်။ ထို့အပြင် ၁၉၉၆ ခုနှစ်က ရပ်နားထားခဲ့ရသော ညီလာခံကို ပြန်လည်ကျင်းပမည်ဟုဆိုသောကြောင့် ထိုစဉ်ကညီလာခံကို အဘယ်ကြောင့် ရပ်နားထားခဲ့ရသည်ကိုလည်း အလေးအနက် စဉ်းစားရန်လိုအပ်ပေသည်။

အမျိုးသားညီလာခံဖြစ်ပေါ်လာခြင်း၏ နောက်ကြောင်းကို ပြန်ကောက်ရပါမူ၊ ၁၉၈၉ ခုနှစ် ဇွန်လ (၉) ရက်နေ့ စစ်အစိုးရက ကျင်းပသော (၄၃) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ရွေးကောက်ပွဲ၌ အနိုင်ရသောကိုယ်စားလှယ်များက ၁၉၄၇ ခုနှစ် အခြေခံဥပဒေကိုသော်လည်းကောင်း၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေသုံး၍ အစိုးရဖွဲ့နိုင်ကြောင်း၊ နဝတအစိုးရအနေဖြင့် အာဏာလွှဲပေးရန် အသင့်ရှိကြောင်း၊ ကိုယ်စားလှယ်များကအခြေခံဥပဒေနှစ်ခုစလုံးကို မကြိုက်ပါက အခြေခံဥပဒေအသစ်ကို ရေးဆွဲနိုင်ကြောင်း နဝတ (နအဖ) ခေါင်း ဆောင်က ကတိပေးခဲ့ပေးသည်။ ထို့အပြင် စစ်အစိုးရ၏ကျေညာချက်အမှတ် ၁/၉၀ တွင် အနာဂတ် ဒီမိုကရေစီနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲရေးသည် ရွေးချယ်တင်မြှောက်ခြင်းခံထားရသော ကိုယ်စားလှယ်များ၏တာဝန်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုကြောင့် အမျိုးသားညီလာခံကျင်းပခွင့်ရှိသူများမှာ ၁၉၉၀ ခုနှစ်တွင်အနိုင်ရထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကသာ ဦးဆောင်ကျင်းပရန် တာဝန်ရှိကြောင်း ရှင်းနေပေသည်။

သို့သော် စစ်အစိုးရ၏ဗိုလ်ချုပ်ကြီးများသည် ၎င်းတို့ ပေးထားသော ကတိများ၊ ၎င်းတို့ထုတ်ပြန်ထားသော ဥပဒေအမိန့်များကို ၎င်းတို့ကိုယ်တိုင် ချိုးဖောက်ကာ ဗိုလ်ချုပ်များ အာဏာလွှမ်းမိုးချုပ်ကိုင်မည့် အခြေခံဥပဒေဖြစ်ရေးအတွက် အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်တွင် စီစဉ်ကျင်းပခဲ့သည်။ ထိုအမျိုးသား ညီလာခံတွင်ပါဝင်ကြသော ကိုယ်စားလှယ်စုစုပေါင်း (၇၀၂) ဦးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၉) ဦးသာ ပါဝင်ပြီး နိုင်ငံရေးပါတီများက ကိုယ်စားလှယ် (၃၈) ဦးသာပါဝင်သည်။ ထို့ကြောင့် ပြည်သူ့ကိုယ်စားလှယ် (၁၈) ရာ ခိုင်နှုန်းမျှသာ ပါဝင်ခွင့်ရသည်။ ဤအနေအထားကိုကြည့်ပါ ပြည်သူလူထုလိုလားသော အစိုးရတရပ်၊ ပြည်သူလူထုလိုလားသော အုပ်ချုပ်ရေးကောင်းစနစ်တရပ် ဖေါ်ဆောင်ပေးမည့် အမျိုးသားညီလာခံ မဟုတ်ကြောင်းပေါ်လွင်ပေသည်။

## ပြည်သူများလိုလားသော အမျိုးသားညီလာခံ

ပြည်သူများသည် အုပ်ချုပ်ရေးကောင်းစနစ် **(good governance)** တရပ်၊ ဒီမိုက ရေစီအုပ်ချုပ်ရေးစနစ်တရပ်ကို လိုလားလျက်ရှိသည်။ အခြေအတင် လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေး၊ တွေးတောကြံဆခွင့်ရှိသော လွတ်လပ်သည့် လူ့အဖွဲ့အစည်းမျိုးကို လိုလားလျက်ရှိသည်။ လွတ်လပ်ရေးရချိန်မှ လက်ရှိကာလ အစိုးရအဆက်ဆက်အောက် တွင် ပြည်သူ့ဘဝလုံခြုံမှု ကင်းမဲ့မှုကို ခံစား တွေ့ကြုံခဲ့ရသည်။ လက်ရှိ နဝတ (နအဖ) စစ် အစိုးရလက်ထက်တွင် ပြည်သူတို့၏ အသက်အိုးအိမ်လုံခြုံရေး၊ စီးပွားရေးလုံခြုံရေး၊ လူမှုရေးလုံခြုံရေး ကင်းမဲ့မှုများ အဆိုးရွားဆုံးအခြေအနေသို့ ရောက်လျက်ရှိသည်။ ထို့ကြောင့် ပြည်သူလူထုက ဘဝလုံခြုံမှု၊ ငြိမ်းချမ်းမှုကို ဖေါ်ဆောင်ပေးနိုင်မည့် အစိုးရမျိုးကို လိုလားလျက်ရှိပေသည်။ ထိုအစိုးရမျိုးသည် ပြည်သူလူထုက ၎င်းတို့ကိုယ်တိုင် ရွေးချယ်မှရနိုင်မည်။ ထို့ကြောင့် အစိုးရကို လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်သည့် ပြဋ္ဌာန်း ချက်များပါဝင်သော အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းမည့် အမျိုးသားညီလာခံမျိုးကို ပြည်သူ များက လိုလားလျက်ရှိသည်။ တဖက်တွင် စစ်အစိုးရက စစ်တပ်လွှမ်းမိုး အုပ်ချုပ်ရေးကို တရားဝင်ဖြစ်စေရန် ပြဋ္ဌာန်းချက်များပါဝင်နိုင်ရန် အမျိုးသားညီလာခံကို အတင်းအကြပ် ဆွဲယူကျင်းပရန် ကြိုးပန်းလျက်ရှိသည်။ ဆယ်စုနှစ်ပေါင်းများစွာ စစ်တပ်၏လွှမ်းမိုးအုပ်ချုပ်မှု အောက်တွင် ပြည်သူ့ဘဝလုံခြုံမှု ကင်းမဲ့သွားခဲ့ရခြင်း၊ တိုင်းပြည် အဆင်းရဲဆုံးဘဝသို့ ရောက်ခဲ့ရသည်များကို သင်ခန်းစာယူသင့်သော်လည်း၊ မယူဘဲဆက်လက်၍ စစ်တပ်လွှမ်းမိုးအုပ်ချုပ်ရေးကို ဇွတ်ဆက်လက်ယူနေပါမူ၊ ဆင်းရဲလွန်ဘဝဖြင့် အင်အားကြီးနိုင်ငံ၏ သြဇာအောက်သို့ အလိုလိုရောက်သွားနိုင်ကြောင်း၊ သတိချပ်သင့်သည်။ ပြည်သူရှိ၍ တိုင်းပြည်ရှိခြင်းဖြစ်သည်။ ပြည်သူမရှိပါမူ တိုင်းပြည်ဟူ၍ မရှိနိုင်ပါ။ စစ်တပ်သည် ပြည်သူအတွင်းမှ ပေါက်ဖွားခြင်းဖြစ်သည်။ စစ်တပ်အတွင်းက ပြည်သူပေါက်ဖွားခြင်းမဟုတ်၊ သို့ဖြစ်၍ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်ကသာ အရေးကြီးပေသည်။ ပြည်သူ့ဆန္ဒကို ပစ်ပယ်လျှင်ကား မည်သည့်နိုင်ငံရေးမူဝါဒ၊ စီးပွားရေးမူဝါဒမျှအောင် နိုင်ဘွယ်မရှိပေ။

## ၁၉၉၆ ခုနှစ်တွင် ရပ်စဲခဲ့ရသော အမျိုးသားညီလာခံ

နဝတ စစ်အစိုးရသည် ၎င်းတို့ပေးခဲ့သောကတိ၊ ၎င်းတို့ပြဋ္ဌာန်းခဲ့သော ဥပဒေ

အမိန့်များကို ပြောင်ပြောင်တင်းတင်း ချိုးဖေါက်ကာ ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံကို ကျင်းပခဲ့သည်။ အမျိုးသားညီလာခံ၏ဦးတည်ချက် (၆) ရပ်ကို ချမှတ်ခဲ့ရာ အမှတ် (၄) ဦး တည်ချက်ဖြစ်သော တရားမျှတမှု၊ လွတ်လပ်မှု၊ ညီမျှမှုတည်းဟူသော လောကပါလ တရား ထွန်းကားရေးဦးတည်ချက်သည် လူ့အဖွဲ့အစည်းတရပ်လုံးက မြတ်နိုးလိုလားသော ဦးတည်ချက်ဖြစ်သည်။ သို့သော် ထိုအချက်ကိုပင် ဦးတည်ချက်အမှတ် (၆) က အဟန့် အတား ပြုနေပြန်သည်။ အကြောင်းမှာ လောကပါလတရားထွန်းကားဖို့ဆိုသည်မှာ အထွေထွေရွေးကောက်ပွဲကျင်းပကာ လျှို့ဝှက်မဲပေးစနစ်ဖြင့် ပြည်သူတို့က ရွေးကောက် တင်မြှောက်သော အစိုးရတရပ်ကို ဖေါ်ဆောင်နိုင်မှသာ ဖြစ်နိုင်ပေသည်။ အချုပ်အခြာ အာဏာသည် ပြည်သူ လူထုထံမှ ဆင်းသက်ရမည့်သဘောဖြစ်သည်။ နဝတ (နအဖ) အမျိုးသားညီလာခံဦးတည်ချက် အမှတ် (၆) (အနာဂတ် နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ တွင် တပ်မတော်က ပါဝင်ရမည်) က ထိုသဘောကို ပယ်ဖျက်ထားသည်။

ထိုကြောင့် နိုင်ငံရေးပါတီခေါင်းဆောင်များ ညီလာခံတွင်တက်ရောက်နေသော ရွေးချယ်ခံထားရသည့်ကိုယ်စားလှယ်များက ဦးတည်ချက်အမှတ် (၆) ကို ဝေဖန်ထောက်ပြ ကာ ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော် အမျိုးသားညီလာခံ ကျင်းပရေး ကောင် မတီတွင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မျိုးညွန့်က တပ်မတော်သည် လွတ်လပ်ရေးကို အရယူပေးခဲ့သည်။ ပြည်ကျူးကျော်မှုကို တွန်းလှန်ခဲ့သည်။ ပြည်တွင်းရောင်စုံသူပုန်ထမှုကို နှိမ်နင်းပေးခဲ့သည် စသည်တို့ကို ထောက်ပြကာ တပ်မတော်သည် သမိုင်းအစဉ်အလာရှိ၍နိုင်ငံရေးဦးဆောင်မှု တွင် မပါမဖြစ် ပါရမည်ဖြစ်ကြောင်းပြောဆို၍၊ ညီလာခံကိုယ်စားလှယ်များ၏ တောင်းဆို ချက်ကို ပယ်ချခဲ့သည်။ ထိုလမ်းညွှန်ချက်အမှတ် (၆) နှင့်အညီ တပ်မတော်သည် တိုင်းပြည် အုပ်ချုပ်ရေး၏ ဦးဆောင်မှုနေရာအတွက် အခြေခံဥပဒေဖြင့် တရားဝင်ဖြစ်ရန် မူချခဲ့သည်။ ဤအချက်ကို လွှတ်တော်ကိုယ်စားလှယ်များက ကျေလည်မှုမရှိပေ။

နှစ်ပေါင်း (၄၀) ကျော် စစ်အုပ်စုက တိုင်းပြည်၏နိုင်ငံရေးဦးဆောင်မှုတွင် နေရာယူ ခဲ့ပြီးဖြစ်သော်လည်း တိုင်းပြည်အတွင်း လောကပါလ တရားထွန်းကားမှုမရှိခဲ့ကြောင်း ပြည်သူလူထုကလည်း လက်တွေ့ကြုံတွေ့ခဲ့ရပြီးဖြစ်သောကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ဆက်လက်၍ စစ်တပ်ကတိုင်းပြည်အုပ်ချုပ်ရေးတွင် ဦးဆောင်မှုနေရာကို ထပ်မံယူဦးမည် ဆိုပါက ပြည်သူလူထုမှာ ဒုက္ခပင်လယ်ဝေမည့်အရေးကို စိုးရိမ်လျှက်ရှိသည်။ ပြည်သူလူထု က မနှစ်မြို့သော ဤလမ်းညွှန်ချက် အမှတ် (၆) ပါရှိနေခြင်းက အမျိုးသား ညီလာခံကို ရပ်စဲသွားစေသော အဓိကအချက်ဟု ဆိုနိုင်သည်။

ထို့အပြင် အောက်ပါအချက်များကလည်း ညီလာခံကို ရပ်ဆိုင်းစေခဲ့သည့် အချက် များ ဖြစ်ပါသည်။

၁။ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ ညီလာခံကျင်းပရေး အလုပ်ကော်မတီနှင့် ညီလာခံကျင်းပရေး၊ စီမံခန့်ခွဲရေး ကော်မတီ စသည်တို့တွင် စစ်တပ်မှပုဂ္ဂိုလ်များ နေရာယူကာ ညီလာခံကို ထိန်းချုပ်ထားခြင်း၊

၂။ နအဖ (နဝတ) ကရေးဆွဲပြဌာန်းထားသည့် အမျိုးသားညီလာခံဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေများသည် တင်းကြပ်သည့် စည်းကမ်းချက်များ များပြားခြင်း၊

၃။ လွတ်လပ်စွာဆွေးနွေးခွင့်မရှိခြင်း၊ ညီလာခံသည် ဆန္ဒအမှန်ကို ဆွေးနွေးတင်ပြရခြင်းထက် ဆင်ဆာအဖွဲ့က စီစစ်ပြီးသား စာတမ်းကိုသာဖတ်ပြရသော စာတမ်းဖတ် ညီလာခံသဖွယ်ဖြစ်နေခြင်း၊
၄။ ညီလာခံကိုယ်စားလှယ်များအနက် ၁၈% ရာခိုင်နှုန်းမျှသော ကိုယ်စားလှယ်များမှလွဲ၍ န၀တမှ ရွေးထားသော ကိုယ်စားလှယ်များဖြစ်ခြင်း၊
၅။ ညီလာခံမှချမှတ်သောမူများသည် ကိုယ်စားလှယ်များတင်ပြသော ဆန္ဒသဘောထားထက် နအဖမှ ကြိုတင်ရေးသားထားပြီးသားများဖြစ်သည်ဟု ယူဆနိုင်သည့်မူများဖြစ်ခြင်း။

ညီလာခံအတွင်းက အဖြစ်အပျက်တချို့

ညီလာခံဟူသည် ဆွေးနွေးရမည့်ကိစ္စတရပ်အတွက် မိမိဖြစ်စေချင်သည့်အရာ၊ ဖြစ်သင့်သည်အရာအပေါ် အဆိုပြုတင်ပြခြင်း၊ ထိုတင်ပြချက်အပေါ် တက်ရောက်လာသော ကိုယ်စားလှယ်များက ကိုယ့်အမြင်၊ ကိုယ့်အယူအဆကို ပြန်လည်တင်ပြဆွေးနွေးခြင်း၊ ထိုသို့ ဆွေးနွေးကြရာတွင် အမြင်တူညီသည်များရှိနိုင်သလို အမြင်မတူညီနိုင်သည်များလည်းရှိနိုင်သည်။ အမြင်ကွဲလွဲချက်များအပေါ် တူညီသော၊ ဖြစ်တန်စွမ်းအရှိဆုံးသော အဖြေ တရပ်ကို ရရှိလာအောင် ညှိနှိုင်းဆွေးနွေးခြင်းသည် ညီလာခံကျင်းပခြင်း၏ အနှစ်သာရ ဖြစ်သည်။ ထိုသို့ဆွေးနွေးအဖြေရှာကြရာတွင်၊ ခြိမ်းခြောက်မှု၊ ကန့်သတ်မှု၊ လွှမ်းမိုးမှုများ ရှိနေပါက စစ်မှန်သောအဖြေတရပ်ကို ရရှိနိုင်ရန်ခဲယဉ်းပေသည်။ စစ်အစိုးရကမကထပြု လုပ်ကျင်းပပေးသော အမျိုးသားညီလာခံသည် လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများ တင်းကြပ် ရုံမက၊ စစ်ဗိုလ်ချုပ်များလိုချင်သော ဦးတည်ချက်ကို မရောက်ရောက်အောင် ဖန်တီး၍ မူချ မှတ်နေကြောင်း ရှင်းလင်း မြင်သာလှ၏။ သို့ဖြစ်၍ ညီလာခံကား အနှစ်သာရကင်းမဲ့သော ညီလာခံသာဖြစ်နေ၏။ စစ်မှန်သော အဖြေကားရနိုင်ခဲ၏။

ညီလာခံလုပ်ထုံးလုပ်နည်းအရ ဆွေးနွေးရပုံမှာလည်း၊ညီလာခံကိုယ်စားလှယ်များ၏ အရည်အသွေးကို ညှဲ့ဖျင်းစေရုံမက စံမှီသော ဆွေးနွေးပွဲအဆင့်မရှိပေ။ညီလာခံကိုယ်စားလှယ်များသည် မိမိဆွေးနွေးမည့်အကြောင်းကို စာတမ်းတင်၍ ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီထံတွင် တင်ပြကြရသည်။ လုပ်ငန်းကော်မတီက စီစစ်တည်းဖြတ်ပြီးမှသာ ထိုတည်းဖြတ်ထားသော စာတမ်းပါအတိုင်း ညီလာခံစုံညီအစည်းအဝေးတွင် ဖတ်ပြကြရသည်။ စာတမ်းတွင်မပါသောအကြောင်းအရာ၊ စာသားများကို ပြောဆိုတင်ပြ ခြင်းမပြုရပေ။ တန်းအားဖြင့်မူ ဆင်ဆာတည်းဖြတ်ထားသော စာတမ်းကိုသာ ဖတ်ပြကြရသည်။ စာတမ်းတွင်မပါသော စာသားများကိုထည့်ပြောဆိုပါကမူလုပ်ထုံးလုပ်နည်းဥပဒေပါအတိုင်း အရေးယူခံကြရသည်။ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ညီလာခံ ကိုယ်စားလှယ် စိုင်းညွန့်လွင်က စာတမ်းတွင်မပါသည့် "သမိုင်းတရားခံမဖြစ်ဖို့က အရေးကြီးပါတယ်" ဟူသောစာသားကိုထည့် ပြောမိသောကြောင့် ချက်ခြင်းသတိပေးခြင်းခံခဲ့ရသည်။ တဖန် ကယားပြည်နယ် ဒီမောဆိုးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချိုကလည်း

စာတမ်းတွင်မပါသည်များကို ထည့်ပြောမိ၍ သတိပေးခံရကြောင်း၊ ၎င်းက သဘာပတိထံ ခွင့်ပန်ကာ ဆက်လက်ပြောရာ ရှေ့ဆုံးတန်းတွင်ထိုင်နေသော ဗိုလ်မှူးချုပ် သန်းဦးကထ၍ တားမြစ်ပေးရန် သဘာပတိနှင့် အတွင်းရေးမှူးကို အမိန့်ပေးခဲ့သည်ဟု ဆိုသည်။

နောက်ရက်တွင် ဦးခင်မောင်ချိုအား ညီလာခံကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း သတင်းစာ တီဗွီသတင်းများ ပါလာတော့သည်။

ကိုးကန့်တိုင်းရင်းသားကိုယ်စားလှယ်များတင်ပြသောစာမှာစိတ်ဝင်စားဘွယ်ဖြစ် သောကြောင့် လူထုက သိသင့်သည်ဟု ယူဆကာ ပုံနှိပ်ဖြန့်ဝေရန် စီစဉ်ဆောင်ရွက်ခဲ့သည့် ညီလာခံကိုယ်စားလှယ် ဒေါက်တာအောင်ခင်ဆင့် အပါအဝင် ကူညီသူများအား လုပ်ထုံး လုပ်နည်း စည်းမျဉ်းအပိုဒ် (ဂ) (ည) ကို ချိုးဖေါက်သည်ဟု စွပ်စွဲကာ ထောင်အနှစ် (၂၀) ချမှတ်ခဲ့သည်။

"အမျိုးသားညီလာခံက ချမှတ်လိုက်သောမူ ၁၀၄ နှင့်ပတ်သက်၍ "ကိုယ်စားလှယ်များက ဘယ်လိုဘဲအကြံပြုဆွေးနွေး ဆွေးနွေး၊ လုပ်ငန်းကော်မတီက ထင်ထားတဲ့အတိုင်း မိမိကြိုတင်ပြင်ဆင်ထားတဲ့မူကိုသာ ဖြောင်ဖြောင်တင်းတင်း ချမှတ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဝ အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီတို့က မကျေနပ်ကြ၍. . . မကျေလည်သေးတဲ့အချက်များကို ပြေပြေလည်လည်ဖြစ်အောင် ပြန်လည်စီစဉ်ဆောင်ရွက်ပေးဖို့ လုပ်ငန်းကော်မတီထံ မေတ္တာရပ်ခံစာ တင်သွင်းခဲ့ကြပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တို့ နှစ်ပါတီကို ခေါ်ယူသတိပေးတယ်လို့ သိရပါတယ်. . ." ဟူ၍ အမျိုးသားညီလာခံ သဘာပတိဖြစ်ခဲ့သူ ဦးဒယ်နီယာလ်အောင်မှ ၁၉၉၄ ခုနှစ် မာနယ်ပလောတွင်ကျင်းပသောအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲတွင် ၎င်း၏ အမျိုးသား ညီလာခံအတွေ့အကြုံကို ပြောပြဆွေးနွေးခဲ့ဖူးသည်။

ခြုံကြည့်ပါမူ အမျိုးသားညီလာခံတွင် ကိုယ်စားလှယ်များ ပွင့်ပွင့်လင်းလင်း ဆွေးနွေး ခွင့်မရကြ၊ ခြိမ်းခြောက်မှုများအောက်တွင် ဆွေးနွေးကြရသည်။ စစ်အစိုးရက ပြည်သူ့ကိုယ် စားလှယ်များ၏ဆန္ဒကို အလေးမထားဘဲ ၎င်းတို့လိုသည့်ဘက်ကိုသာ ဇွတ်ဆွဲယူ နေခြင်း ကြောင့် အမျိုးသားညီလာခံ ရပ်ဆိုင်းသွားရခြင်းဖြစ်သည်။

## မူလ ရည်မှန်းချက်

နအဖ၏ မူလဦးတည်ချက်သည် စစ်ဗိုလ်ချုပ်များ၏အုပ်ချုပ်မှု တရားဝင်ဖြစ်ရေး၊ အာဏာရေရှည်ကိုင်စွဲရေး တို့ဖြစ်သည်။ အာဏာရေရှည်ကိုင်စွဲရေးတွင် အချုပ်အခြာ အာဏာကို စစ်အုပ်စုက တတ်နိုင်သမျှ ၎င်းတို့သာ ချုပ်ကိုင်ထားရေးဖြစ်သည်။ အခြေအနေအရ ၎င်းတို့ချည်းချုပ်ကိုင်ရန်မဖြစ်တော့လျှင် အရပ်သားများအား တစုံတရာပါဝင်စေကာ အာဏာချုပ်ကိုင်ရေးသာဖြစ်သည်။ အမျိုးသားညီလာခံ၏ချမှတ်ခဲ့ပြီး အသေးစိတ်မူများကိုကြည့်လျှင် အာဏာချုပ်ကိုင်ရေးအတွက် အောက်ပါထင်ရှားသော အချက်များကို တွေ့ရမည်ဖြစ်သည်။

* အမျိုးသားလွှတ်တော် (ပြည်သူ့လွှတ်တော်) တွင် စစ်တပ်ကရွေးချယ်ပေးသည့်

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၄ ပုံ ၁ ပုံ ပါဝင်စေရန် မူချမှတ်ထားသည်။ ထို့အပြင်မက ပြည်နယ်နှင့်တိုင်းများရှိ လွှတ်တော်များတွင်လည်း ကိုယ်စားလှယ် များ၏ ၃ ပုံ ၁ ပုံ နှင့်ညီမျှသော ကိုယ်စားလှယ်များကို တပ်မတော် သားများဖြင့် ဖွဲ့စည်းရန် မူချမှတ်ထားသည်။

* ထို့အပြင် နိုင်ငံတော်သမ္မတကို ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်မှ ရွေးချယ်ရေးအဖွဲ့က တင်မြှောက်ရပြီး၊ သမ္မတသည် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အတွေ့အကြုံရှိသူဖြစ်ရမည်ဟု မူချမှတ်ထားရာ အရပ်သားသည် မည်သို့မျှ စစ်ရေးအတွေ့အကြုံမရှိ၍ သမ္မတဖြစ်မလာနိုင်ပါ။ စစ်ဗိုလ်ချုပ်များသာ သမ္မတဖြစ်ရန် အခွင့်အလမ်းရှိစေသည်။
* ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီးနေရာများတွင် တပ်မတော်စစ်ဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းသူကိုသာ ခန့်အပ်ရန်ဖြစ်ပြီး ထိုဝန်ကြီးများကို ရာထူးမှဖယ်ရှားရာတွင်လည်း စစ်ဦးစီးချုပ်၏ သဘောတူညီ ချက်ဖြင့်သာ ထုတ်ပယ်ရန် အခြေခံဥပဒေတွင် မူချမှတ်ထားခြင်းသည် အဓိက ဌာနများကို တပ်မတော်က ထိန်းချုပ်ထား လိုက်နိုင်ရန်ဖြစ်သည်။

တပ်မတော်သားများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟူသည့်အချက်ကို မမေ့သင့်ပါ။ စစ်တပ်ဝန်ထမ်းနှင့် အရပ်ဘက်ဝန်ထမ်း နှစ်မျိုးစလုံးသည် ပြည်သူ့ဝန်ထမ်းများသာဖြစ်သည်။ စစ်အရာရှိကိုမှ တမူချွန်၍ လွှတ်တော်အမတ်ဖြစ်ခွင့် ဖန်တီးပေးသည်မှာ ဇောက်ထိုးမှောက်ခုံ ဒီမိုကရေစီမျိုးဖြစ်ချေမည်။ ဝန်ထမ်းလည်း နိုင်ငံရေးမလုပ်ရဟုမဆိုလို၊ သို့သော် ဝန်ထမ်းအဖြစ်နှင့် နိုင်ငံရေးတွင်ပါရန် မသင့်ခြင်းသာဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည်ပင်လျှင် နိုင်ငံရေးလုပ်ရန် ဗိုလ်ချုပ်ရာထူးကို စွန့်ခဲ့သည် မဟုတ်ပါလား။

လူဦးရေအချိုးအစားနှင့်ကိုယ်စားပြုသော ပြည်သူ့လွှတ်တော်တွင် သန်း ၅၀မျှသော လူဦးရေကို ကိုယ်စားလှယ် ၃၃၀ ကသာ ကိုယ်စားပြုရပြီး၊ လူဦးရေ ၄ သိန်းမျှရှိသော စစ်တပ်က ကိုယ်စားလှယ်နေရာ ၁၁၀ ယူထားသည်မှာလည်း၊ နည်းလမ်းမကျပေ။ အထက်လွှတ်တော်တွင်လည်း ကိုယ်စားလှယ်နေရာ၏ ၄ ပုံ ၁ ပုံကို စစ်တပ်ကယူထားသည်မှာ မတန်မရာ ယူထားရာကျပေသည်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာလည်း ရွေးကောက်တင်မြှောက်မည်လား ခန့်အပ်မည်လား စဉ်းစားစရာဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ စစ်တပ်က အာဏာထိန်းချုပ်နိုင်ရေးအတွက် ဖြစ်နိုင်သမျှ ကိုယ်စားပြုမှုများများယူထားကာ အစိုးရဖွဲ့မည်ဆိုလျှင် ထိုအစိုးရကို ဒီမိုကရေစီအစိုးရဟု ခေါ်ဝေါ်သုံးစွဲရန်ကား သင့်လျော်မည်မဟုတ်ပေ။

ဒီမိုကရေစီစနစ်တွင် အစိုးရအာဏာသည် ပြည်သူလူထုထံမှဆင်းပြီး၊ အာဏာရှင်စနစ်တွင်တော့ ပြောင်းပြန်ဖြစ်သည်။ ဒီမိုကရေစီနှင့်အာဏာရှင်စနစ် ပေါင်းစပ်၍မရ။ ဒီမိုကရေစီစနစ်တွင် အစိုးရကို ပြည်သူများက ထိန်းချုပ်သည်။ အာဏာရှင်စနစ်တွင် ပြည်သူကို အာဏာရှင်များက ထိန်းချုပ်သည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူတိုင်း နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။ အာဏာရှင်စနစ်တွင် ပြည်သူတို့ပါဝင်မှုကို ကန့်သတ်

သည်။ သန်း ၅၀ သော မြန်မာပြည်သူများလိုလားချက်၊ ကျိုးပန်းချက်မှာ ဒီမိုကရေစီအစိုးရ စနစ်ပေါ် ပေါက်ရေးဖြစ်သည်။ ပြည်သူများက ထိန်းချုပ်ရမည့်အစိုးရစနစ်မျိုးဖြစ်သည်။

နောက်တချက်မှာ ၁၉၉၀ ခုနှစ် မေလ ရွေးကောက်ပွဲရလဒ်အပေါ် မည်သို့သဘော ထားကြသည်ဆိုသည်ပင် ဖြစ်သည်။ ဗိုလ်ချုပ်ကြီး ခင်ညွန့်က လမ်းညွှန်ချက် (၇) ချက်တွင် တိုင်းပြည်ကို စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံတည်ဆောက်သွားမည်ဟု ဖေါ်ပြခြင်းမှာ ကျေးဇူးတင်ရမလိုပင်။ သို့သော် မူ၊ စည်းမျဉ်း၊ ဥပဒေများကို လိုက်နာတတ်မှ စည်းကမ်းရှိ သော ဒီမိုကရေစီ ဆိုသည် ဖြစ်လာနိုင်သည်။ မူ၊ စည်းမျဉ်း၊ ဥပဒေများကို လိုက်နာခြင်းမရှိပါ ဘဲ ငါလုပ်ချင်တာ ငါလုပ်မည်ဆိုလျှင် မည်သည့်နည်းနှင့်မျှ စည်းကမ်းရှိသော ဒီမိုကရေစီ နိုင်ငံဖြစ်ပေါ်လာမည်မဟုတ်ပေ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲသည် ၁၉၈၉ ခုနှစ်က ပြဋ္ဌာန်း ခဲ့သော ရွေးကောက်ပွဲဥပဒေအရ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုရွေးကောက်ပွဲရလဒ်အား ယခုအချိန်အထိ အသိအမှတ်မပြု လစ်လျူရှုနေခြင်းမှာ ဥပဒေကို လေးစားလိုက်နာတတ်မှု မရှိခြင်းသာဖြစ်သည်။ ဥပဒေအရ ဖြစ်ပေါ်ခဲ့သော ကိစ္စရပ်ကို လစ်လျူရှုထားခြင်းသည် ဥပဒေမဲ့၊ မူမဲ့၊ စည်းမဲ့လွန်းရာကျသည်။ အနာဂတ်မျိုးဆက်များအတွက်လည်း ဤအလေ့ အထမျိုးကို အမွေမပေးသင့်ပါ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို မူမဲ့ဘောင်မဲ့ပစ်ပယ်ပြီး နောက်ထပ်ရွေးကောက်ပွဲကျင်းပကာ အစိုးရဖွဲ့ပါကလည်း မူမဲ့ဘောင်မဲ့ ပစ်ပယ်လေးဦးမ လား ဆိုသည်ကိုရတက်မအေးရသေးပေ။

အဲန်အယ်လ်ဒီပါတီနှင့် ရွေးကောက်ပွဲတွင်အနိုင်ရထားသော ပါတီများကိုကား လစ်လျူရှုကာ၊ ငြိမ်းချမ်းရေးလုပ်ထားသော လက်နက်ကိုင်အစုအဖွဲ့များ၊ ကိုညီလာခံ အတွက်ကိုယ်စားလှယ်ပေးပို့ရန် ဖိအားပေးတိုက်တွန်းနေခြင်း၊ လက်ရှိလက်နက်ကိုင်ထား ဆဲအဖွဲ့များကိုလည်း စည်းရုံးဖိတ်မကြာက ပြုနေခြင်းသည်ကား ရှင်းနေပါ၏။ စစ်အစိုးရ အနေဖြင့် ကတိကဝတ်၊ ဥပဒေ မူစည်းကမ်းများနှင့် ပြည်သူတို့၏ဆန္ဒသဘောထားများကို အလေးမထားဘဲ ကျင်းပမည် ဆိုသည့် အမျိုးသားညီလာခံသည်ကား ၎င်းတို့အုပ်စိုးမှု တရားဝင်ဖြစ်ရေး၊ အာဏာထိန်းချုပ်ရေး ဟူသည့် မူလပန်းတိုင်ဟောင်းကို ဇွတ်ဆွဲခေါ်သွား နေခြင်းသာဖြစ်ကြောင်း ရှင်းနေပေတော့သည်။ ပြည်သူတို့အဖို့ စည်းကမ်းရှိသော ဒီမို ကရေစီနိုင်တော်ကိုဖေါ်ဆောင်ပေးမည့် အမျိုးသားညီလာခံမျိုးနှင့်အလှမ်းဝေးနေပေဦးမည်။

တရားစီရင်ရေး

# ဆက်ဒမ်ဟူစိန်တရားစီရင်ရေးအခက်အခဲ

ဆင်ဒီဝင်းပါကဲ့ခါ – မဲဇာ

အမေရိကန်တို့အီရတ်ကို ထိုးစစ်ဆင်အောင်နိုင်ပြီးနောက် ရှစ်လနီးပါး ပုန်းအောင်းနေခဲ့တဲ့ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန် (၆၆) နှစ်ကို ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် အရှင်လက်ရဖမ်းဆီးခဲ့ပြီဖြစ်သည်။ ဆက်ဒမ်ဟူစိန်ဟာ အီရတ်နိုင်ငံကို ဆယ်စုနှစ် သုံးခုကျော် အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့ပါတယ်။ ယ္ခုအခါ ဆက်ဒမ်ဟူစိန်ကို "ဘယ်တရားရုံး၊ ဘယ်နေရာ၊ ဘာရာဇဝတ်မှုတွေနဲ့ တရားစီရင်မလဲ" ဆိုတာ မေးစရာမေးခွန်းတသီကြီး ရှိနေပါသည်။

အီရတ်နိုင်ငံက WMD ခေါ် လူတွေအစုလိုက်အပြုံလိုက်သေစေနိုင်သောလက်နက်ပိုင်ဆိုင်သည်ဆိုတဲ့ စွပ်စွဲချက်ဖြင့် အမေရိကန်နှင့် ဗြိတိန် မဟာမိတ်တပ်များကအီရတ်ကို တိုက်ခိုက် သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ထိုစွပ်စွဲချက်များကို ဖေါ်ထုတ်နိုင်ရန် ၂၀၀၃ ခုနှစ် မတ်လ (၂၀) ရက်နေ့မှ စတင်တိုက်ခိုက်ခဲ့ပြီး မေလ (၁) ရက်နေ့တွင် အဓိကစစ်တိုက်ခြင်းပြီးဆုံးကြောင်း အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ကြေညာခဲ့သည်။ လူတွေအစုလိုက်အပြုံလိုက်သေစေနိုင်သော လက်နက်ရှိတယ်ဆိုတဲ့ စွပ်စွဲချက်အရ တိုက်ခိုက်ခဲ့သော်လည်း ယခုအချိန်ထိ အီရတ်အပေါ်စွပ်စွဲချက်သဲလွန်စတွေ မဖေါ်ထုတ်နိုင်သေးပါ။ သို့သော်လည်း နိုင်ငံတကာအကြမ်းဖက်မှုကို နောက်ကွယ်မှ ထောက်ပံ့ခြင်း၊ ဆက်ဒမ်ဟူစိန်က အီရတ်ပြည်သူတွေကို ရက်စက်ကြမ်းကြုတ်စွာအုပ်ချုပ်ခြင်း၊ လူတွေအစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း စတာတွေကို ကျူးလွန်ခဲ့တယ်လို့ စွပ်စွဲလာခဲ့ပါတယ်။

ပြည်ပရောက် အီရတ်ပြည်သူများ၊ ကဒ်စ် လူမျိုးများနှင့် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့တို့က လူကိုအစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းနှင့် နိုင်ငံတကာရာဇဝတ်မှုကျူးလွန်မှုအတွက် ဆက်ဒမ်ဟူစိန်ကို တရားစွဲနိုင်မည်ဖြစ်သည့်အတွက် ဝမ်းသာနေပုံရသည်။

မည်သည့်တရားရုံးမှာတရားစီရင်မလဲ

နိုင်ငံတကာရာဇဝတ်တရားရုံး (International Criminal Court) မှာ တရားစွဲနိုင်မလားဆိုသည်ကို စဉ်းစားကြသည်။ နိုင်ငံတကာရာဇဝတ်တရားရုံးကို ၂၀၀၂ ခုနှစ် ဧပြီလ (၁၁) ရက်နေ့တွင် အတည်ပြုဖွဲ့စည်းခဲ့သည်။ ဤနိုင်ငံတကာ ရာဇဝတ်တရားရုံးက ကမ္ဘာ့ပြစ်မှုအဖြစ် သတ်မှတ်သည့် လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ လူမျိုးသန့်စင်သည့်အနေဖြင့် ကျူးလွန်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်မှုစသည့် အမှုများကို တရားစီရင်မည်ဖြစ်သည်။ သို့သော်လည်း ဤတရားရုံးက ၂၀၀၂ ခုနှစ် ဇူလိုင်လ (၁) ရက်နေ့နောက်ပိုင်းမှ ကျူးလွန်မှုများကိုသာ တရားစီရင်ရမည်ဖြစ်သည်။

နိုင်ငံတကာတရားရုံး သဘောတူညီချက်တွင် အီရတ်နှင့်အမေရိကန်ပြည်ထောင်စုနိုင်ငံတို့သည် သဘောတူ လက်မှတ်ထိုးထားခြင်းမရှိပါ။

နိုင်ငံတကာရာဇဝတ်တရားရုံး (International Criminal Court) တွင် အမှုစစ်ဆေးနိုင်ရန်မှာလည်း တရားစွဲနိုင်လောက်သော သက်သေအထောက်အထားများ လိုအပ်ဦးမည်ဟု လူ့အခွင့်အရေးလှုပ်ရှားဆောင်ရွက်သူ ရှေ့နေများက ဆိုပါသည်။ လွန်ခဲ့သော (၁၂) နှစ်ကျော်က ဓါတုလက်နက်များသုံး၍ ကဒ်စ် ကျေးရွာများရှိ အရပ်သားများအား အစုလိုက်အပြုံလိုက်သေစေရန် အမိန့်ပေးခဲ့ခြင်းအပေါ် တရားစွဲဆိုနိုင်စေမည့် အခြေခံများရှိသည်ဟုလည်း အဆိုပါ ပုဂ္ဂိုလ်များကဆိုသည်။

အမေရိကန်အုပ်ချုပ်ရေး၏ ကြီးကြပ်မှုအောက်တွင်ရှိသော အီရတ်အုပ်ချုပ်ရေးကောင်စီကလည်း ဆတ်ဒမ်ဟူစိန်နှင့်၎င်း၏ အစိုးရအဖွဲ့များကို စစ်ဆေးရန် စစ်ရာဇဝတ်ခုံရုံးကို ဆတ်ဒမ်ဟူစိန် မဖမ်းမီရက်ပိုင်းအလိုကမှ ဖွဲ့စည်းရန် သဘောတူခဲ့ကြသည်။

သို့သော် ရုံးဖွင့်ရန် အဆောက်အဦးမရှိသေးခြင်း၊ ငွေကြေးမလုံလောက်သေးခြင်း၊ ဝန်ထမ်းများမရှိသေးခြင်း၊ တရားသူကြီးနှင့် လုံခြုံ ရေးဝန်ထမ်းများမခန့်နိုင်သေးခြင်းကြောင့် ဆတ်ဒမ်ဟူစိန်၏အမှုကို ဘယ်တော့ စစ်ဆေးနိုင်မည်ကို မခန့်မှန်းနိုင်သေးကြောင်း အီရတ်အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဆိုသည်။ အီရတ်နိုင်ငံရေးခေါင်းဆောင်အများအပြားကမူ ပြည်တွင်း၌သာ အမှုကိုစစ်ဆေးစေလိုကြသည်။ သို့သော် နိုင်ငံခြားသားအုပ်ချုပ်မှုအောက်က လွတ်ပြီးမှသာ အမှုကိုစစ်ဆေးသင့်ကြောင်း သဘောထားရှိကြသည်။ ဆတ်ဒမ်ဟူစိန်၏သမီးများဖြစ်ကြသော ရက်ဂတ်ဆတ်ဒမ်နှင့် ရာနာ ဆတ်ဒမ်တို့ကမူ ၎င်းတို့၏ဖခင်အမှုကို တရားမျှတစွာအပြည် ပြည်ဆိုင်ရာရုံးတွင် စစ်သင့်သည်ဟုဆိုသည်။

သဘောထားအမျိုးမျိုး

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်ကမူ ဆတ်ဒမ်ဟူစိန်အား သေဒဏ်အပြစ်ပေးစေလိုပုံပေါက်သည်။ ဗြိတိသျှအနေနှင့်မူ သမ္မတ ဘုရှ်နှင့် ကွဲလွဲသော သဘောထားရှိသည်။ ဗြိတိသျှဝန်ကြီးချုပ် တိုနီဗလဲကမူ “ထူထောင်ခဲ့ပြီးသော အထူးတရားရုံးမှာ အီရတ်တို့၏ လက်ထဲတွင်သာရှိသင့်ကြောင်း၊ ၎င်းတို့သာလျှင် အဆုံးအဖြတ်ပေးသင့်သည်ဟူသော အရေးကြီးသည့်မူတရပ် ထားရှိသင့်ကြောင်း” ၎င်း၏သဘောထားကို တင်ပြခဲ့သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ကိုဖီအာနန်က “တရားရုံးအားလုံး

ကျွန်တော်တို့တည်ဆောက်ခဲ့တဲ့ ဟာတွေမှာ ‘သေဒဏ်’ မပါဘူး။ ထို့ကြောင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးအနေဖြင့် ဆတ်ဒမ်ဟူစိန် သေဒဏ် ချမှတ်ခြင်းကို ထောက်ခံမှာ မဟုတ်ဘူး” ဟုပြောကြားသည်။

ဆတ်ဒမ်ဟူစိန်၏ သမီးများကမူ ပြည်တွင်းတရားရုံးသည် အမေရိကန်လွှမ်းမိုးမှုရှိ၍ ထိုရုံးတွင် စစ်ဆေးပါက တရားမျှတမှုမရှိနိုင်ဟု ယူဆသည်။

ဂျော်ဒန်နိုင်ငံရှိ ရှေ့နေများကမူ ဆတ်ဒမ်ဟူစိန်ဘက်မှ ရှေ့နေလိုက်ရန် အသင်းတရပ်ဖွဲ့စည်းထားကြောင်း၊ ထိုအသင်းတွင် အခမဲ့ရှေ့နေ လိုက်ပေးရန် စာရင်းပေးထားသူ ရှေ့နေ (၆၀၀) ရှိနေပြီဖြစ်ကြောင်း ဂျော်ဒန်တိုင်း(မ်း) သတင်းစာက ဆိုသည်။ လက်ရှိကာလတွင် ဆက်ဒမ်ကို ကာကွယ်ပေးမည့် ရှေ့နေ တစ်ထောင်နီးပါးမျှ ရှိနေပြီဟု လည်း ဆိုကြသည်။ ထိုအထဲတွင် အမေရိကန် ရှေ့နေချုပ်ဟောင်း Ramsay Clark လည်း အပါအဝင်ဖြစ်သည်။

မည်သည့်ရာဇဝတ်မှုဖြင့်တရားစွဲမလဲ

မည်သည့်တရားရုံးတွင်ဖြစ်စေ ဆတ်ဒမ်ဟူစိန်ကို တရားစွဲမည်ဆိုလျှင် ပထမဆုံး ၎င်းကျူးလွန်ခဲ့သောရာဇဝတ်မှုများ၏ အထောက်အထားများ အရင်စုဆောင်းရမည်ဖြစ်သည်။ ပြည်ပရောက် အီရတ်လူမျိုးများ၊ ကဒ်စ် အုပ်စုနှင့် နိုင်ငံတရာလူ့အခွင့်အရေးအဖွဲ့တို့၏ စုဆောင်းထားသော အချက်အလက်များကြောင့် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် အခြား ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့မှုအပေါ် ဆတ်ဒမ် ဟူစိန်တွင် တာဝန်ရှိကြောင်းဖြင့် တရားစွဲနိုင်ရန် ဆန္ဒရှိကြသည်။

၁၉၉၁ ခုနှစ်တွင် ကူဝိတ်ကို သိမ်းပိုက်မှု၊ အီရတ်ပြည်သူအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှု၊ ကဒ်စ်လူမျိုးတွေ အပေါ်ရက်စက်စွာဖိနှိပ်၊ သတ်ဖြတ်အုပ်ချုပ်မှုနှင့် ရွာများကိုဖျက်ဆီးမှု၊ ၁၉၈၈ ခုနှစ်တွင် ဟာလာဘ်ဂျာကို အဆိပ်ငွေ့ဖြင့် တိုက်ခိုက်မှုအတွက် တရားရင်ဆိုင်ရနိုင်ကြောင်း ခန့်မှန်းပြောဆိုနေကြသည်။

ဆတ်ဒမ်ဟူစိန်၏ ကျူးလွန်တဲ့ပြစ်မှုတွေအတွက် သူ၏ ဘာတ်ပါတီ အာဏာရလာတဲ့နေ့ ၁၉၆၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့မှစပြီး ၂၀၀၃ ခုနှစ် မေလ (၁) ရက်နေ့၊ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ အဓိကတိုက်ပွဲ ကုန်ဆုံးကြောင်း ကြေငြာတဲ့နေ့ အထိ အကျုံးဝင်မည်ဖြစ်ကြောင်း လက်ရှိအီရတ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ Abdel-Aziz Al-Hakim က ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ (၁၄) ရက်နေ့တွင် ပြောကြားသွားသည်။

ပထမ ပင်လယ်ကွေ့စစ်ပွဲအပြီး WMD ကိစ္စနှင့်ပတ်သက်၍ UN လက်နက်စစ်ဆေးရေးကောင်မရှင်က အီရတ်ကိုစစ်ဆေးခဲ့သော်လည်း WMD နှင့်ပတ်သက်၍ မည်သည့် အကြောင်းတစုံတရာမှ ဆုံးဖြတ်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ဆတ်ဒမ်ဟူစိန်ကို ဖမ်းဆီးမိပြီးနောက် ပဏာမ မေးမြန်းစစ်ဆေးမှုလုပ်ရာတွင် အီရတ်တွင် လူအစုလိုက် အပြုံလိုက်သေစေနိုင်သော လက်နက်မရှိကြောင်း၊ အမေရိကန်က အီရတ်ကိုတိုက်ချင်လို့ရမယ်ရှာခြင်းသာဖြစ်ကြောင်း ထွက်ဆိုသည်။ ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးအဖွဲ့ကို ဘာကြောင့် အသာတကြည် လက်နက်စစ်ဆေးခွင့်မပြုသလဲဟု မေးရာ

ဆတ်ဒမ်ဟူစိန်က သမ္မတနှင့်ဆိုင်သော အဝန်းအဝိုင်းနဲ့ ကိုယ်ရေးကိုယ်တာကိစ္စရပ်ကို စွက်ဖက်လာတာမျိုးကို မလိုချင်၍ ခွင့်မပြုခြင်းဖြစ်သည်ဟု ဆိုသည်။

မည်သို့ပင်ဖြစ်စေ အာဏာရှင်တယောက်ဟု နာမည်ဆိုးနဲ့နာမည်ကြီးခဲ့သည့် ဆတ်ဒမ်ဟူစိန်အနေဖြင့် မကြာခင် တရားရင်ဆိုင်ရ တော့မည်ဖြစ်သည်။

သို့သော် ပထမဦးစွာ ဆတ်ဒမ်ဟူစိန်ကို တရားစွဲဆိုနိုင်စေမည့် ဥပဒေ မူစည်းမျဉ်းများမရှိလျှင်ကား အချီးနှီးပင်။ အသုံးပြုမည့် ဥပဒေစံများကား မည်သည်များနည်း။ ဆတ်ဒမ်ဟူစိန် အပြစ်ရှိကြောင်း အထင်အရှား မပြသနိုင်မခြင်း သူအပြစ်ကင်းစင်သည်ဟု ယူဆမည်လော။ သို့မဟုတ် သူ့မှာအပြစ်ရှိသည်ဟုယူဆပြီး အပြစ်မရှိကြောင်း သက်သေပြရန် လိုအပ်မည်လော။ ဘယ်ဥပဒေအရ တရားစွဲမည်နည်း။ အမှုကို ဘယ်လိုတည်ဆောက်ကြမည်နည်း။ စစ်ပွဲအတွင်းက ထိခိုက်သေကြေခဲ့ရတဲ့ အရပ်သားများအတွက်၊ အပျက်အစီး အဆုံးအရှုံးများအတွက် ဘယ်လိုဥပဒေတွေကိုသုံးပြီး ဘယ်လောက်တရားမျှတမှုရှိစွာ ရှေ့ဆက်ဆောင်ရွက်ကြမလဲဆိုသည်ကို စောင့်ကြည့်လေ့လာကြရမှာဖြစ်ပါသည်။

ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

# အကာအကွယ်မဲ့နေသည့်အကြမ်းဖက်ခံ မြန်မာ့အမျိုးသမီးများ

ဒေါ်မော်လီ

အမျိုးသမီးအကြမ်းဖက်ခံရမှုများ ထူပြောနေသော ကျမတို့မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ ရှိနေပြီဟု ကြားလိုက်ရသည်။ အမျိုးသမီးတိုင်းဝမ်းမြောက်ဂုဏ်ယူမိကြမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ ဒီအဖွဲ့သည် မြန်မာနိုင်ငံ၏တခုတည်းရှိသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုသမီးရေးရာ ကော်မတီက ဖွဲ့စည်းထားသည်ဖြစ်၍ မြန်မာအမျိုးသမီးထုတရပ်လုံး၏ တခုတည်းသော အားကိုးအားထားရာ အမျိုးသမီးအဖွဲ့ကြီးဖြစ်ပေမည်။

ထိုအဖွဲ့အစည်း၏ အမည်နှင့် တာဝန်များကား ကြား၍၊ နားထောင်၍ ကောင်းပါသည်။ သို့သော် ထိုအဖွဲ့အစည်း၏ ဆောင်ရွက်မှုများနှင့် ပတ်သက်၍မူ မည်သည့် သတင်းစာ၊ မည်သည့် ဂျာနယ်၊ မည်သည့် မဂ္ဂဇင်း၊ မည်သည့် အစီရင်ခံစာ စသည်များ၌ မတွေ့ရပါ။ ထိုသို့မတွေ့ရသလို ထင်ရှားသည့် အမျိုးသမီးအကြမ်းဖက်ခံရမှု (၂) မှုတွင် အမျိုးသမီးအကြမ်းဖက်ခံရမှု ကာကွယ်ပေးရေးအဖွဲ့က မည်သို့မျှ အကူအညီမပေးနိုင်ခဲ့သည်ကား ထင်ရှားပါသည်၊ သို့ဆိုလျှင် အမှန်တကယ်ဘဲ မြန်မာအမျိုးသမီးထု ယုံကြည်အားကိုးအားထားနိုင်ပါ၏လော၊ အမျိုးသမီးများအကြမ်းဖက်မှု ဖြစ်လာပါက၊ ဖြစ်ပွားခဲ့ပါက၊ ထိုအဖွဲ့က မည်သို့သောအကူအညီများ၊ အကာအကွယ်များပေးပါ၏လော၊ စဉ်းစားဘွယ်ရာဖြစ်လာပါသည်။

(၁) ဦးစံနက်ကျော်မှုဒိမ်းမှု

ဦးစံနက်ကျော်မှာ ဖျာပုံမြို့နယ် ဒေးဒလူကျေးရွာအုပ်စုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဌ ဖြစ်၏။ အသက် (၁၅) ပင် မပြည့်တတ်သေးသောမစမ်းစမ်းအေး နှင့် မအေးမိစံ ဆိုသော မိန်းခလေး ၂ ဦးကို မုဒိန်းကျင့်ခဲ့သော်လည်း ဦးစံနက်ကျော်မှာ အရေးယူ ခံရခြင်းမရှိသည့်ပြင်၊ မိန်းခလေးငယ်နှစ်ဦးအား ပြည်သူ့ဝန်ထမ်းအား နှောက်

ယှက်သည်ဆိုကာ (၂၁/၁၀/၂၀၀၃)နေ့တွင် ဖျာပုံမြို့နယ် တရားရုံးက ထောင်ဒဏ်လေးနှစ်ကျခံစေရန်၊ အမိန့်ချမှတ်ခဲ့သည်။

အမှုမှာ (၂၅/၁၁/၂၀၀၂) နေ့ည ၈ နာရီခန့်တွင် မစမ်းစမ်းအေးနှင့် မအေးမိစံတို့အား ရေလုပ်ငန်းရှင် ဦးသောင်းအေးနှင့် ရပ်ကွက်လူကြီးဦးဝင်းမြင့်တို့က ရုံးတံဆိပ်ဆင့်စာနှင့်အတူ ဦးစံနက်ကျော်အိမ်သို့ ပို့ပေးခဲ့သည်။ ဦးစံနက်ကျော်က မစမ်းစမ်းအေးနှင့် မအေးမိစံတို့အား အိမ်အပေါ်ထပ်တွင် သန့်ရှင်းရေးလုပ်ခိုင်းသည်။ အိပ်ယာခင်းခိုင်းသည်။ အနှိပ်ခိုင်းသည်။ ထိုနေ့ ည (၁၂) နာရီခန့်တွင် ဦးစံနက်ကျော်က မစမ်းစမ်းအေးအား အဓမ္မပြုကျင့်ပြီးမနက် (၄) နာရီလောက်တွင် မအေးမိစံအား အဓမ္မပြုကျင့် ပြန်ပါသည်။

နောက်တရက် (၂၆/၁၁/၂၀၀၂) နေ့တွင် မုဒိမ်းကျင့်ခံရသော မိန်းခလေးငယ် (၂)ဦးက ဖျာပုံမြို့နယ် ကျုံကဒွန်း ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားခဲ့သည်။ အမှုဖွင့် တိုင်ကြားခံရသူသည် ရယက ဥက္ကဋ္ဌ ဖြစ်နေ၍ဟုဆိုကာ တိုင်ကြားချက်ကို ယာယီစာရွက်ပေါ်တွင်သာရေးမှတ်ထားခဲ့သည်။ ထို့ပြင် ရဲစခန်းက ဦးသောင်းအေးနှင့် ဦးဝင်းမြင့်တို့အားခေါ်ယူစစ်ဆေးခဲ့သည်။ အမှုကို ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းမပြုခဲ့ပါ။ ထို့အတွက် မစမ်းစမ်းအေးနှင့် မအေးမိစံတို့က မယက၊ ခယက အာဏာပိုင်ထံသို့ ဆက်လက်တိုင်ကြားရာ (၁၂/၁၂/၂၀၀၂) နေ့ရက်တွင် ခုံဖွဲ့စစ်ဆေးခဲ့သည်ဟု ဆိုသည်။ ထို့နောက်၊ (၁၉/ ၁၂/ ၂၀၀၂) နေ့တွင် ကျုံကဒွန်းရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၆/၅၁၁ အရ ရဲစခန်းအမှုအမှတ် ပ/၅၈၆ ဖြင့် အမှုလက်ခံဖွင့်ပေးခဲ့သည်ဟုဆိုသည်။ သို့သော်တရားခံ ဦးစံနက်ကျော်အား ဖမ်းဆီးခြင်းမပြုခဲ့ပါ။

ဆက်လက်၍ ရဲစခန်းမှ အမှုကိုရုံးတင်စစ်ဆေးရမည့်အစား ခရိုင်ဥပဒေရုံးသို့ အကြံပြုချက်တောင်းခံခဲ့၊ မုဒိမ်းမှုကို (၂၂/၁၂/၂၀၀၂) နေ့တွင် ခရိုင်ဥပဒေအရာရှိ ဦးဟံငြိမ်း၏ညွှန်ကြားချက်အရ အမှုပိတ်သိမ်းရန် သားမယားပြုကျင့်မှု မပေါ်လွင်သဖြင့် ကလေးမနှစ်ဦးအား ဥပဒေတရပ်ရပ်ဖြင့် အရေးယူရန် စာအမှတ် ၁၄(င) (၃) ၁/၁၅၂ ဖြင့် ကျုံကဒွန်း ရဲစခန်းသို့ ညွှန်ကြားခဲ့သဖြင့် ရဲစခန်းက အမှုပိတ်ခဲ့သည်။ တဖန် ရဲစခန်းက တရားရုံးသို့ဦးတိုက်လျှောက်ထားခဲ့ရာ ပုဒ်မ (၁၈၂)၁ ပုဒ်မ (၃၈၈)၂ အရ မစမ်းစမ်းအေးနှင့် မအေးမိစံတို့အား တရားစွဲခဲ့သည်။ မိန်းခလေး (၂) ဦးက ဦးဟံငြိမ်းထံသွားရောက်စုံစမ်းရာ တိုင်းဥပဒေတာဝန်ခံ၏ ညွှန်ကြားချက်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဦးဟံငြိမ်းကပြောသည်။ သို့ဖြစ်၍ အမှုပိတ်သိမ်းခြင်းအား မကျေနပ်သောကြောင့် ပြန်လည်ဖွင့်ပေးရန် မစမ်းစမ်းအေးနှင့် မအေးမိစံတို့က ၂၀၀၃ ခုနှစ် မတ်လ (၆) ရက်နေ့တွင် ဗိုလ်ချုပ်ကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ပြည်ထဲရေးဝန်ကြီး၊ ရှေ့နေချုပ်၊ တိုင်းမှူး၊ တိုင်းဥပဒေတာဝန်ခံနှင့် အတွင်းရေးမှူး (မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ) တို့ထံသို့ တင်ပြတိုင်ကြားစာများပေးပို့ခဲ့သည်။ အဆိုပါတာဝန်ရှိ ပုဂ္ဂိုလ်များက မည်သို့မျှ စုံစမ်းအရေးယူ ဆောင်ရွက်ပေးခဲ့ခြင်းမရှိပါ။

၂၀/ ၁၀/ ၂၀၀၃ နေ့တွင် ဖျာပုံမြို့နယ် တရားရုံးမှမြို့နယ်တရားသူကြီးဦးမြင့်ဆွေကမစမ်းစမ်းအေးနှင့် မအေးမိစံတို့အား အလုပ်နှင့် ထောင်ဒဏ် (၄)နှစ် ချမှတ်အပြစ်ပေးခဲ့သည်။ ထိုသို့ သက်ဆိုင်ရာအာဏာပိုင်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ

ကော်မတီတို့မှ စုံစမ်းစစ်ဆေးမှုမပြုသည့်အပေါ် အားပြုကာ ထိုသို့သောအမိန့်ချမှတ်လိုက်ပုံ ရသည်။

ထိုအမှုနှင့်ပတ်သက်၍သုံးသပ်ရလျှင်

(၁) တရားဥပဒေကြောင်းအရ ဆောင်ရွက်နိုင်ရန်အတွက် မုဒိမ်းမှုကို အချိန်မဆိုင်း ဆောင်ရွက်နိုင်မှသာ အမှုမှန်ပေါ်စေမည်။ မုဒိမ်းမှုဖြစ်သည့် ၂၆/၁၀/၂၀၀၂ နေ့ တွင်ရဲစခန်းတွင် တိုင်ချက်ဖွင့်ခဲ့သည်။ ရဲစခန်းမှ တရားဥပဒေလုပ်ထုံး လုပ်နည်းအရ ဆက်လက်ဆောင်ရွက်ခြင်းမရှိခဲ့ပါ။ မုဒိမ်းမှုတွင် စွပ်စွဲခံရသူ ဦးစံနက်ကျော်သည် ရယက ဥက္ကဌ ဖြစ်နေ၍ ရဲစခန်းမှ ယာယီစာရွက်ဖြင့် သာရေးသားခဲ့ခြင်းက လုပ်ထုံးလုပ်နည်းမမှန်ပါ။ FIR (ခေါ်)အမှုဖွင့်ပုံစံပေါ်တွင် ဥပဒေ လုပ်ထုံးလုပ်နည်းအရ ရေးသားကာ တိုင်ချက်ကို ရယူရမည်။ သက်သေခံ ဥပဒေအရ စမ်းစမ်းအေးနှင့် မအေးမိစံတို့၏ အခင်းဖြစ်စဉ်က လုံချည်ကိုသိမ်း ဆည်းပြီး သုတ်ရည်ပိုး ရှိမရှိ ဓါတုဗေဒဌာနသို့ မပို့ခဲ့ခြင်းစသည့်တို့လည်း ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် မညီပါ။

(၂) ဆေးရုံတွင်ဆေးစစ်ခဲ့သော်လည်း ဆရာဝန်ဆေးစာအား သက်သေခံတင်ပြခွင့် မရခဲ့ပါ။

(၃) အမှုခင်းဖြစ် (၂၆/၁၀/၂၀၀၂)နေ့ တိုင်တန်းခဲ့သော်လည်း ရဲစခန်းမှအမှုကို အရေးယူဆောင်ရွက်ခြင်းမရှိ၊ ခယကနှင့် မယက အာဏာပိုင်တို့ထံ တိုင်ကြားခဲ့ ရာ (၁၂/၁၂/၂၀၀၂) နေ့တွင် ခုံရုံးဖွဲ့စစ်ခဲ့ခြင်းမှာလည်းဥပဒေကြောင်းနှင့်မညီပါ။

(၄) (၁၉/၁၂/၂၀၀၂) ခုနှစ်တွင် ခုံအဖွဲ့က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆/၅၁၁ အရ ရဲစခန်းတွင်အမှုဖွင့်စေခဲ့သည်။ ရဲစခန်းက အမှုဖွင့် ရုံးတင်ရန်ဖြစ်သော်လည်း ခရိုင် ဥပဒေရုံးသို့ မေးမြန်းအကြံတောင်းခဲ့သည်။ ခရိုင်ဥပဒေအရာရှိက အမှုကို ပိတ် သိမ်းရန် ညွှန်ကြားခဲ့သည်မှာ ရဲစခန်းရော၊ ခရိုင်ဥပဒေအရာရှိတို့ပါ ဥပဒေကို မထိမဲ့မြင်ပြုရာရောက်သည်။

တဖန်ရဲစခန်းက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ နှင့် ပုဒ်မ ၃၈၈ အရ ထိုမိန်းခလေး (၂) ဦးအား ဖျာပုံမြို့နယ် တရားရုံးသို့ အမှုစွဲခဲ့ပါသည်။ မြို့နယ်တရားရုံးက ထိုအမှု ကို စစ်ဆေးပြီး မိန်းခလေး (၂) ဦးအား ထောင်ဒဏ် (၄) နှစ်စီ ချမှတ်ခဲ့သည်။

(၅) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၈ အရ တရားရုံးသို့ ဦးတိုက်လျှောက်ရမည့်သူမှာ ရဲစခန်းမှ တရားလိုအဖြစ် လျှောက်ရမည်မဟုတ်ပေ၊ ဦးတိုက်လျှောက်မှုမှာ ရဲအရေးယူပိုင်ခွင့်မရှိသော အမှုဖြစ်သောကြောင့် ဦးစံနက်ကျော်ကိုယ်တိုင်က တရားလိုပြု လျှောက်ရမည်ဖြစ်ပါသည်။

(၆) မိန်းကလေး (၂) ဦးအား ဆင့်စာနှင့်အတူ ဦးသောင်းအေးနှင့် ဦးဝင်းမြင့်တို့က ဦးစံနက်ကျော်အိမ်သို့ ပေးပို့ခဲ့ခြင်းဖြစ်၍ ဦးစံနက်ကျော်အား မိန်းခလေး (၂) ဦးက ခြိမ်းခြောက်ငွေညှစ်ရန် ကြံစည်ချက်ရှိသည်ဆိုသည်မှာ ယုတ္တိမတန်ပါ။

(၇) တရားရုံးအနေဖြင့်လည်း ဤအမှုကိစ္စနှင့်ဆက်စပ်နေသော မှုဒိမ်းမှုတိုင်ချက်ကို ဥပဒေကြောင်းအရ စစ်ဆေးမှုရှိ/မရှိအပေါ် စုံစမ်းမှုမပြုဘဲ၊ ယွန်းစွဲထားသော ပုဒ်မ ၁၈၂ နှင့် ၃၈၈ အား ရဲအရေးယူပိုင်ခွင့်မရှိသော ဦးတိုက်လျှောက်မှုကိုချမှတ်သည့် ပြစ်ဒဏ်သည် လျော်ကန်သင့်မြတ်မှုမရှိသည့် စီရင်ချက်အမိန့်ဖြစ်သည်။ အပေါ်သာစူးစိုက်ခါ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည်လည်း တဘက်သားကို ကြီးမားသော နစ်နာမှုဖြစ်စေသည့်ပြင် တရားရုံး၏ ဘက်လိုက်မှုကို ပေါ်လွင်စေသည်။

(၈) မစမ်းစမ်းအေးနှင့် မအေးမိစံတို့အနေဖြင့် အမှန်ပင် မုဒိမ်းကျင့်ခြင်းမခံရပါမူ အမှုကို ပြန်လည်ဖွင့်ပေးရန် အာဏာပိုင်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသို့ တိုင်ကြားပေးပို့ရန် စိတ်ကူးရဲကြမည်မဟုတ်ပါ။

အကယ်၍ အမှုကို ဥပဒေကြောင်းအရ စစ်ဆေးမှုပြုခဲ့လျှင် အမှုမှန်ပေါ်မည်စိုး၍ အမှုမှန်မပေါ်ပေါက်စေရန် နစ်နာသူများအား ထောင်သွင်းလိုက်ခြင်းဖြင့် အမှုမှန်ပပျောက်အောင် ဆောင်ရွက်လိုက်ခြင်းဖြစ်ဟန်တူသည်။ ထို့အပြင်အမျိုးသမီးများအား အာဏာပိုင်များနှင့် အာဏာပိုင်အလိုကျများ၏ အကြမ်းဖက်ပြုကျင့်ခံရပါက ဆိပ်ဆိပ်နေ၊ တိုင်ကြားရင် အရှက်ရယုံမက ကိုယ်ပါထောင်ကျသွားနိုင်ကြောင်း အမျိုးသမီးထုကို ရှက်ကြောက်သွားစေရန် ပုံစံပေးလိုက်သည့် သဘောမျိုးလည်းဖြစ်ဟန်တူသည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့်နီးကပ်သော ရေဝတီတိုင်း ဖျာပုံမြို့နယ်အတွင်းရှိ မိန်းခလေးများအားအကြမ်းဖက် မုဒိမ်းပြုကျင့်မှုကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီသို့ တိုင်ကြားအသိပေးခဲ့သော်လည်း ထိုကော်မတီမှ မည်သို့မျှ အရေးယူ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့လျှင် ရန်ကုန်မြို့ကြီးနှင့် အလှမ်းကွာဝေးသော ပြည်နယ်ဒေသများနှင့် နယ်စပ်ဒေသများ၌ ဖြစ်ပွားသော အမျိုးသမီးများအား အကြမ်းဖက် အဓမ္မပြုကျင့်မှုများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အနေနှင့် လုံးဝဆောင်ရွက်နိုင်ခြင်းရှိမည် မဟုတ်ကြောင်းမှာ ထင်ရှားသည်။ တပ်မတော်သားများ၏ မုဒိမ်းကျင့်မှုခံခဲ့ရသော ရှမ်းအမျိုးသမီး (၆၀၀) ကျော် (**Lisence to Rape** အစီရင်ခံစာ) တို့နှင့်ပတ်သက်၍ ကိုယ့်ထိုက်နှင့်ကိုယ်ကံ ခံကြပေတော့ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီက ပြောမည်လော။

(၂) ဒီပဲယင်းအကြမ်းဖက်မှု

၂၀၀၃ ခုနှစ် မေလ (၃၀) ရက်နေ့က ဒီပဲယင်းအနီးဖြစ်ပွားသော အကြမ်းဖက်သတ်ဖြတ်မှုကြီးအတွင်း အမျိုးသမီးများလည်း အကြမ်းဖက်ခံရသည်။ အခင်းဖြစ်ပြီး (၆) လကျော် ကြာခဲ့ပြီဖြစ်သော်လည်း အကြမ်းဖက်မှုတွင် ပါဝင်ကျူးလွန်သူများကို အာဏာပိုင်တို့က အရေးမယူ လစ်လျူရှုထားသည်။ အကြမ်းဖက်ခံရသူများ အိမ်ပြန်လာပါက အဖမ်းခံရကြကြောင်း၊ သို့ဖြစ်၍ အိမ်သို့ယ္ခုတိုင် မပြန်ရဲသူများရှိနေကြောင်း ဒေသခံများကဆိုသည်။ ဒီပဲယင်းအကြမ်းဖက်ခံရမှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် (၃၀၀) ပါရှိပြီး၊ အမျိုးသမီး (၃၄) ဦးပါဝင်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် အမျိုးသမီးတဦးသေဆုံးပြီး

ထိုအဖွဲ့မှ (၁၇) ဦး ပျောက်ဆုံးနေကြောင်း သိရှိရသည်။ ထိုအဖွဲ့မှပင်ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အမျိုးသမီး (၁၆) ဦး အဖမ်းခံခဲ့ ရသည်။ ထိုထဲမှအမျိုးသမီး (၈) ဦး ပြန်လွှတ်ပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်အား လာရောက်ကြိုဆိုသူများထဲက အမျိုးသမီးမည်မျှ အကြမ်းဖက်ခံရသည်ကို မခန့်မှန်းနိုင်ပါ။ ကျန်အမျိုးသမီးများကို အာဏာပိုင်များက ဘာကြောင့်ဖမ်းဆီးရကြောင်း၊ အမျိုးသမီးရေးရာကော်မတီက မေးမြန်းမှုမရှိပါ။ ပျောက်ဆုံးသူအမျိုးသမီးများ သေသည်ရှင်သည်ကိုလည်း စုံစမ်းမှုမပြုခဲ့ပါ။

ထောင်နှင့်ချီသော အကြမ်းဖက်သမားများ၏ အကြမ်းဖက်ခံရသူများထဲမှ ဒဏ်ရာနှင့်လွတ်မြောက်လာသူ ဒေါ်ညွှန့်ညွှန့်တွေ့ကြုံရသော မြင်ကွင်းကို ပြောပြရာတွင် ဒီပဲယင်းအကြမ်းဖက်မှုမှာ စနစ်တကျ ကြိုတင်ကြံစည်ထားသော အကြမ်းဖက်သတ်ဖြတ်မှုဖြစ်ကြောင်း၊ သူမအားရိုက်နှက်ကြောင်း၊ ပင်နီအင်္ကျီ ကို စုတ်ဖြဲဆွဲချွတ်ကြောင်းရိုင်းစိုင်းကြမ်းကြုတ်သော စကားလုံးများဖြင့် ဆဲဆိုကြိမ်းမောင်းကြောင်း၊အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် အမျိုးသမီးများအား အကြမ်းဖက်သူများက 'ပင်နီတော်တော်ကြိုက်ကြတဲ့ ကောင်မတွေ'ဆိုပြီး ဆဲဆိုရိုက်နှက်ကြောင်း အင်္ကျီဆွဲချွတ်ကြကြောင်း၊ ဆွဲကြိုးဖြုတ်လုကြောင်း၊ ပိုက်ဆံအိတ်လုယက်ကြောင်း၊ ၂၅–၃၀ ပေလောက်ကျယ်သော လယ်ကွင်းများထဲတွင် လူတွေတုံးလုံးပက်လက်လဲနေပြီး ငြီးငြူတဲ့လူတွေရှိသလို အသံမထွက်နိုင်တော့သည့် လူများကိုလည်းတွေ့ရကြောင်း၊ ကားမီးနှင့်ထိုးထားပြီးမှ လူတွေကိုရိုက်နှက်ခြင်းဖြစ်သည့်အတွက် ရိုက်ကွင်း၊ ရိုက်ချက်များကို ကောင်းစွာမြင်ရကြောင်း ဒေါ်ညွှန့်ညွှန့်က ဒီပဲယင်းအမှု စုံစမ်းစစ်ဆေးရေးအဖွဲ့အား ပြောခဲ့သည်။

ဒီပဲယင်းအကြမ်းဖက်မှုအပေါ်သုံးသပ်ချက်

(၁) ကြိုတင်ကြံရွယ်ချက်ဖြင့် ကျူးလွန်သောပြစ်မှုကြီးဖြစ်သည်။

(၂) ပြည်သူ့ဝန်ထမ်းများက ဒီပဲရင်းအကြမ်းဖက်မှုကိုကြိုတင်သိမြင်ပါလျက် တားမြစ်ရန်တာဝန်ရှိသော်လည်း ထိုတာဝန်ကိုပျက်ကွက်ရုံမက အားပေးကူညီမှုများလည်း ပြုလုပ်ခဲ့သည်ဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၁၉ အရ ပြစ်မှုမြောက်ပါသည်။

(၃) ဒီပဲယင်းအကြမ်းဖက်မှုသည် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို ကျူးလွန်ခြင်းဖြစ်သည်။ ထို့ပြင် အပြင်းအထန်နာကျင်စေမှု ရာဇဝတ်မကင်းသော အနိုင်အထက်ပြုလုပ်မှု၊ လက်ရောက်မှု၊ ဓါးမြမှုကို ကျူးလွန်ခြင်းဖြစ်သည်။

(၄) အမျိုးသမီးများအား ဆဲဆိုကြိမ်းမောင်း၊ ခြိမ်းခြောက်ခြင်း၊ အမနာပ ပြောဆိုမှုကို ကျူးလွန်သည်။

(၅) အမျိုးသမီး၏ အဝတ်အစားများကို ဆွဲစုတ်ချွတ်ပစ်ခြင်းဖြင့် ကာယိန္ဒြေကို စော်ကားသည်။

(၆) အကြမ်းဖက်မှုနောက်ပိုင်း အာဏာပိုင်တို့က သက်သေခံအထောက်အထားများအား ဖျောက်ဖျက်မှု၊ မတရားတားဆီးကန့်ကွက်မှု၊ မတရားချုပ်နှောင်ထားမှု၊

ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုစသည်တို့ ကျူးလွန်ခဲ့ကြသည်။

ဒီပဲယင်းအကြမ်းဖက်သတ်ဖြတ်မှုကြီးဖြစ်ပွားပြီး (၆) လကျော်ကြာခဲ့သော်လည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အနေဖြင့် ထိုအကြမ်းဖက်ခံရမှုတွင် ပါဝင်သော အမျိုးသမီးများနှင့်ပတ်သက်၍ ဆိတ်ငြိမ်နေခဲ့သည်။

ဒီပဲယင်းအကြမ်းဖက်မှုသည် ထိပ်ပိုင်းဆိုင်ရာ အာဏာပိုင်များ စီစဉ်ဆောင်ရွက်မှု ဖြစ်နေသည့်အတွက် အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံလုံး ဆိုင်ရာအမျိုးသမီးရေးရာကော်မတီ၏ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး နှင့် ပြန်လည်ထူထောင်ရေးအဖွဲ့မှလည်း ကိုင်တွယ်ဆောင်ရွက်ရန် လက်ရှိနေပုံရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီအနေဖြင့် ဤကဲ့သို့ဆိုးဆိုးဝါး ဝါးအကြမ်းဖက်သတ်ဖြတ်မှုအပေါ် တစုံတရာ စုံစမ်း ဖေါ်ထုတ်ခြင်း၊ ပြည်သူတို့အား အသိပေးခြင်း၊ အမျိုးသမီးထုဘက်မှ အကာအကွယ်ပေးခြင်းများ မပြုလုပ်နိုင်ခဲ့လျှင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့်လည်းကောင်း၊ ၎င်း၏လက် အောက်ခံအဖွဲ့ဖြစ်သော အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်ရေးနှင့် ပြန်လည် ထူထောင်ရေးအဖွဲ့အနေဖြင့်လည်းကောင်း၊ ၎င်းတို့၏ရပ်တည်ချက်များ၊ဦးတည်ချက်များနှင့် လုပ်ငန်းစဉ်များမှာ အဓိပ္ပါယ်ကင်းမဲ့၍နေပေတော့မည်။ ဤအဖွဲ့သည် တခုတည်းသော မြန်မာနိုင်ငံတွင်းရှိ အမျိုးသမီးအဖွဲ့ကြီးဖြစ်၍ အမျိုးသမီးများ ဤမျှဆိုးရွားစွာ အကြမ်းဖက် မှုခံနေရခြင်းကို အကာအကွယ်မပေးနိုင်ပါက ဆောင်ရွက်ပေးနိုင်သောလွတ်လပ်သည့် အမျိုးသမီးအဖွဲ့များ ဖွဲ့စည်းခွင့်ပေးသင့်ပါသည်။ ဆီဒေါစာချုပ်အဖွဲ့ဝင် အမျိုးသမီးအဖွဲ့များ ကလည်း မြန်မာနိုင်ငံအတွင်း လွတ်လပ်သော အမျိုးသမီးအဖွဲ့ ဖွဲ့ခွင့်ရရေးအတွက် တိုက် တွန်းသင့်ပါသည်။ ထို့အပြင် လွတ်လပ်သောမြန်မာအမျိုးသမီးအဖွဲ့များမဖွဲ့နိုင်၊ မပေါ်ပေါက် လာနိုင်အောင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ လက်ဝါးကြီးအုပ် **(Monopoly)** ထားမှုအား ကန့်ကွက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

အောက်ခြေမှတ်စု

(၁) ပြစ်မှုဆိုင်ရာ ဥပဒေ ၁၈၂ အရ မမှန်မကန် သတင်းပေးပြီး ပြည်သူ့ဝန်ထမ်းအား ဥပဒေအရ အာဏာကိုအသုံးပြုသူအား ထောင် (၆) လ အထိဖြစ်စေ၊ ဒဏ်ငွေ ဖြစ်စေ၊ နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ဆိုထားသည်။

(၂) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၈ အရ သေဒဏ်၊ တသက်တကျွန်းဒဏ်မှစ၍ ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သော ပြစ်မှုမျိုးနှင့်စွပ်စွဲမည်ဟု ခြိမ်းခြောက်၍ ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်လျှင်ထိုသူအား ဆယ်နှစ်ထိ ထောင်ဒဏ် တမျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟုဆိုထားပါသည်။

ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

# မေ (၃၀) ဒီပဲယင်းလုပ်ကြံမှုကြီး၏နောက်ကွယ်ဖြစ်ရပ်များနှင့် တရားမျှတမှု

မင်းလွင်ဦး

၂၀၀၃ခုနှစ် မေ(၃၀)ရက်နေ့ည (၈) နာရီအချိန်မှာ စတင်ဖြစ်ပွားခဲ့သည့် ဒီပဲယင်းလုပ်ကြံမှုကြီးသည် မြန်မာပြည်တဝှမ်းရှိ တိုင်းသူပြည်သားများအား စစ်အုပ်စုအနေဖြင့် အာဏာတည်မြဲရေးအတွက် ဘာမဆိုလုပ်ရန် အဆင်သင့်ရှိကြောင်း အတိအလင်း ဖေါ်ပြ ခြိမ်းခြောက်လိုက်ခြင်းပင်ဖြစ်သည်။ ကချင်ပြည်နယ်ခရီးစဉ်တလျှောက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များကို ထောက်ခံအားပေးခဲ့သည့်သူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များကို အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးထိန်းသိမ်းခဲ့လေသည်။ လူတယောက်အားတရားရုံး၏ခွင့်ပြုချက်မရဘဲ (၂၄) နာရီ ထက်ပိုမို၍ ဖမ်းဆီးထားခြင်းမပြုရဆိုသည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေသည် တပ်မတော်ထောက်လှမ်းရေးနှင့် လုံးဝမသက်ဆိုင် ထင်သလိုလုပ်ပိုင်ခွင့်ကိုလည်း ၎င်းတို့ကရရှိထားပြန်သည်။

ကချင်ပြည်နယ်ခရီးစဉ်အတွင်းမြစ်ကြီးနားမြို့သို့ရောက်ရှိစဉ် ဒေါ်အောင်ဆန်းစုကြည်အား ညှိခံကြိုဆိုတည်းခိုခွင့်ပြုခဲ့သည့် ဒေါ်ငွေကြိုင်၊ ခရီးစဉ်များအတွင်း လိုက်ပါကူညီဆောင်ရွက်ပေးခဲ့သည့်ဦးမရန်ဘောက်လှတို့အပါအဝင် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသူအချို့သည် ဒီပဲယင်းလုပ်ကြံမှုကြီးဖြစ်ပွားပြီးနောက် စစ်ထောက်လှမ်းရေး၏ စီစဉ်ညွှန်ကြားမှုကြောင့်သာ ဖမ်းဆီးခံရခြင်းဖြစ်သည်။ သို့သော် ကချင်ပြည်နယ်ခရီးစဉ်တလျှောက်ဆန့်ကျင်ဆန္ဒပြနှောင့်ယှက်ကြသည့် ကြံ့ဖွံ့အဖွဲ့ဝင်များနှင့် ကြံ့ဖွံ့မှ နေ့စားခများပေး၍ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များကို ဆန့်ကျင်သူများ၊ ဆန္ဒပြနှောင့်ယှက်သူများကိုမူ ဖမ်းဆီးခြင်း၊ အပြစ်ပေးအရေးယူခြင်း တစုံတရာကိုမျှ ယနေ့တိုင်မပြုလုပ်ခဲ့ပေ။

ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ မေလ (၂၉) ရက်နေ့ညတွင်မုံရွာမြို့သို့ရောက်ရှိခဲ့ရာ မုံရွာမြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး ဆိုင်းဘုတ်တင်ပွဲကိုကျင်းပခဲ့သည်။ ထိုသို့ဆိုင်းဘုတ်တင်သည်ကိုအကြောင်းပြု၍ မုံရွာမြို့နယ် အဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့ဝင်တဦးဖြစ်သူ ဦးစောထွန်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၅၀၅) (ခ) အရ ထောင်ဒဏ်(၂)နှစ်ကျခံစေရန် မုံရွာမြို့နယ်တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ၁

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅ မည်သူမဆို၊ ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကို ဖြစ်စေ၊ သတင်းကိုဖြစ်စေပြုရာတွင်၊ သို့တည်းမဟုတ် ထုတ်ပြန်ကျေညာရာတွင်၊ သို့တည်း မဟုတ် ဖြန့်ချိရာတွင်–

(ခ) နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ၊ ထိခိုက်သည့်ပြစ်မှုကို တဦးတယောက်သောသူ ကျူးလွန်ချင်လာအောင်အများပြည်သူကိုသော်လည်း ၎င်း အများပြည်သူ၏သီးခြားလူစုကိုသော်၎င်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တခုခုဖြစ်စေရန်အကြံရှိလျှင် (သို့တည်းမဟုတ်) ထိုသို့ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင် ထိုသူကို (၂) နှစ်ထိ ထောင်ဒဏ် တမျိုးမျိုးဖြစ်စေ၊ငွေဒဏ်ဖြစ်စေ၊ ဒဏ်(၂)ရပ်စလုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် ဦးစောထွန်းသည် ၂၉–၅–၂၀၀၃ ရက်နေ့တွင် မုံရွာမြို့ ချမ်းမြသာစည်ရပ်ကွက်၊ သာစည်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ဆိုင်းဘုတ်တင်ပြီး၊ ယင်းနေ့ ညမှာပင် ၎င်းတို့ရုံးရှေ့၌ လမ်းပိတ်ဆို့မှုဖြစ်အောင်လူများစုဝေး၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသည့် ပြစ်မှုကို ပြည်သူများ ကျူးလွန်ချင်လာအောင် ဆောင်ရွက်ခဲ့သည်ဆိုသည့် အကြောင်းပြချက်များဖြင့် ဒုရဲအုပ်ဇော်မင်းမှ တရားလိုပြုလုပ်၍ မုံရွာမြို့၊ အမှတ် (၁) ရဲစခန်း၏ရဲအရေးမပိုင်မှုအမှတ်စဉ် ၄၀/၂၀၀၃ အရ တိုင်တန်း တရားစွဲဆိုရာမှ ပေါ်ပေါက်လာသည့် အမှုဖြစ်သည်။

လိုပြ (၁) ရဲအုပ်ဇော်မင်းက တိုင်ချက်အား သက်သေခံ (က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တရားမဝင်တင်ခဲ့သည့် ဆိုင်းဘုတ်အား သက်သေခံ (ခ) အဖြစ်တင်သွင်း၍ တိုင်ချက်ပါအတိုင်းထွက်ဆိုခဲ့သည်။ ခရိုင်ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ရေး ကော်မတီဥက္ကဋ္ဌဖြစ်သူ လိုပြ (၂) ဦးချိုထွန်းကလည်း ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ ဆိုင်းဘုတ်တင်ခဲ့ကြောင်း၊ ထိုသို့ဆိုင်းဘုတ်တင်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့မှ လူစုလူဝေးဖြင့်ဟောပြောခြင်း၊ လမ်းပိတ်ဆို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ၎င်းနေရာတွင် ရုတ်ရုတ်သဲသဲ အုတ်အော်သောင်းနင်းနှင့် ဆူပူအုံကြွနေသည့်အနေအထားဖြစ်ပေါ်နေကြောင်း၊ ယခုကဲ့သို့ ပြုမူဆောင်ရွက်ချက်ကြောင့် အများပြည်သူများ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းများဖြစ်ပေါ်လာပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသည့်ပြစ်မှုကို ကျူးလွန်ချင်လာအောင် လှုံ့ဆော်ဆောင်ရွက်နေသည့်ပြုမူချက်များဖြစ်ကြောင်း၊ မုံရွာမြို့နယ် ကော်မရှင်ထံ

ခွင့်ပြုချက်တောင်းခံပြီး၊ ခွင့်ပြုချက်နှင့်မှ ဆိုင်းဘုတ်တင်ရန် ခေါ်ယူတွေ့ဆုံသူများထဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရုံးရှေ့တရားခံ ဦးစောထွန်းလည်းပါရှိကြောင်းဖြင့် ထွက်ဆိုခဲ့သည်။

၎င်း၏ထွက်ချက်ကို ဦးမင်းလွင် (လိုပြ – ၃) မုံရွာမြို့နယ် ကော်မရှင်ဥက္ကဋ္ဌမှထောက်ခံလျက် ၂၁ – ၅ – ၂၀၀၃၊ ၂၅ – ၅ – ၂၀၀၃၊ ၂၉ – ၅ – ၂၀၀၃ ရက်စွဲပါ အမျိုးသားဒီမိုကရေစီအဖွဲ့မှ တက်ရောက်သူများ၏ လက်မှတ်ရေးထိုးထားသည့် မှတ်တမ်း မိတ္တူများအား မူရင်းနှင့် တိုက်ဆိုင်ပြီး စာသက်သေခံ (ဂ) (ဂ – ၁) အဖြစ်လည်းကောင်း၊ သက်သေခံ (ဃ) (ဃ – ၁) အဖြစ်လည်းကောင်း၊ စာသက်သေခံ (င) (င – ၁) အဖြစ်လည်းကောင်း ၂၈ – ၅ – ၂၀၀၃ ရက်စွဲပါ အစည်းအဝေး မှတ်တမ်းအား စာသက်သေခံ (စ) (စ – ၁)၊ ၂၈ – ၅ – ၀၃ နေ့နှင့် ၂၆ – ၅ – ၀၃ နေ့များတွင် မြို့နယ်ကော်မရှင်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ရှင်းလင်းပြောပြချက်များအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံ တင်ပြခဲ့သည့် စာ (၂) စောင်အား သက်သေခံ (ဆ) နှင့် (ဇ) အဖြစ်လည်းကောင်း၊ ၂၈ – ၅ – ၂၀၀၃ နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှတက်ရောက်လာသူများ လက်မှတ်ရေးထိုးထားသည့် မှတ်တမ်းအား စာသက်သေခံ (ဈ) အဖြစ်လည်းကောင်း တင်သွင်း၍ ထွက်ဆိုသွားသည်။

အထက်ပါ တရားလိုဘက် သက်သေများ၏ ထွက်ဆိုချက်များအရ တရားခံဦးစောထွန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (ခ) အရ စွဲချက်တင်ခဲ့သည်။ တရားခံအဖြစ် စွပ်စွဲခံရသူ ဦးစောထွန်း (ခံပြ–၁)က ကိုယ်တိုင် ထုချေရာတွင် မိမိသည်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဥပဒေအထောက်အကူပြုသူတစ်ဦးသာဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆိုင်းဘုတ်တင်သည့်ကိစ္စကို ဗဟိုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြို့နယ်အမျိုးသားဒီမိုကရေစီအလုပ်အမှုဆောင်အဖွဲ့တို့က ဆောင်ရွက်သွားသည့်ကိစ္စသာဖြစ်ကြောင်း၊ မိမိသည် ယခုဆိုင်းဘုတ်အား မတင်ရန်အတွက် ကန့်ကွက် ပြောဆိုပိုင်ခွင့်မရှိကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့မှ ဆိုင်းဘုတ်မတင်ရန် ဆွေးနွေးသည့်ကိစ္စအား တိုင်းအဖွဲ့ချုပ်၊ ဗဟိုအဖွဲ့ချုပ်သို့ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ ဦးချစ်ဝင်းမှတင်ပြကြောင်း၊ ဗဟိုအဖွဲ့ချုပ်နှင့် တိုင်းအဖွဲ့ချုပ်မှတာဝန်ရှိသူများကတင်ရန်မလို ကြောင်းပြောကြားခဲ့သည်ဟု သိရှိရကြောင်း၊ သို့အတွက် မိမိတွင်အပြစ်မရှိကြောင်းဖြင့် ထုချေထွက်ဆိုခဲ့သည်။

နှစ်ဘက်သက်သေခံတင်ပြချက်များကိုသုံးသပ်ကြည့်ပါက၊ မြို့နယ်ကော်မရှင်အဖွဲ့မှမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုင်းဘုတ်အား ခွင့်ပြုချက်မရရှိဘဲ မတင်ရန် ခေါ်ယူဆွေးနွေး ပြောကြားခဲ့ကြောင်းနှင့်ပတ်သက်၍ သက်သေခံ (ဂ)၊ (ဂ – ၁)၊ (ဃ)၊ (ဃ – ၁)၊ (င)၊ (င – ၁)၊ (စ)၊ (စ – ၁)၊ (ဆ)၊ (ဇ)၊ (ဈ) ပါ သက်သေခံစာများအရ တွေ့ရှိရသည်။ အဆိုပါသက်သေခံစာများအနက် သက်သေခံ (င – ၁) တွင် ဆိုင်းဘုတ်တင်ရာတွင် ခွင့်ပြုမိန့်တောင်းခံရန်ကိစ္စနှင့်စပ်လျဉ်း၍ တရားခံ ဦးစောထွန်းမှ ဝန်ခံကတိပြုလက်မှတ် ရေးထိုးထားသည်ကို တွေ့ရှိရသည်။ ထို့ပြင် ၂၉ – ၅ – ၂၀၀၃ နေ့ ၀၉း၀၀ နာရီအချိန် မုံရွာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌရုံးခန်း၌ ပြုလုပ်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုင်းဘုတ်တင်

ရန်ကိစ္စနှင့်ပတ်သက်၍ တွေ့ဆုံရာသို့ တက်ရောက်သူများစာရင်း၌ ဦးစောထွန်းပါဝင်ပြီး လတ်မှတ်ရေးထိုးထားသည်ကိုလည်း တွေ့ရှိရသည်။ သို့အတွက် တရားခံ ဦးစောထွန်း အနေဖြင့် ၎င်းသည် အမှုဆောင်အဖွဲ့ဝင်တစ်ဦးမဟုတ်ကြောင်း ထုချေထားသော်လည်း တရားလိုပြသက်သေများ၏ ထွက်ဆိုချက်နှင့် သက်သေခံစာရွက်စာတမ်းအထောက် အထားများအရ တရားခံဦးစောထွန်းသည် မုံရွာမြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ် အမှုဆောင်တစ်ဦးအနေဖြင့် တာဝန်ယူ လက်မှတ်ထိုးခဲ့ကြောင်း ပေါ်ပေါက်သည်။ ထိုကဲ့သို့ တာဝန်ယူလက်မှတ်ရေးထိုးပြီးနောက် တရားမဝင်ဆိုင်းဘုတ်တင်ခဲ့သည်ဟု သုံးသပ်၍ မုံရွာ မြို့နယ်တရားရုံး၊ ဒု–မြို့နယ်တရားသူကြီး (၁) ဒေါ်ခင်ဖြူရီက ထောင်ဒဏ် (၂) နှစ် ချမှတ်ခဲ့ သည်။

မေလ (၂၉) ရက်နေ့ညတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်များ ကချင်ပြည်နယ်စည်းရုံးရေးခရီးစဉ်၏ နောက်ဆုံးခရီးစဉ်ဖြစ်သော ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်ခရီးစဉ်ကိုသွားရောက်စဉ် ခေတ္တဝင်ရောက်ရပ်နားခဲ့သည်။ မုံရွာမြို့သို့ရောက်ရှိစဉ် မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုင်းဘုတ်တင်ပွဲနှင့် မုံရွာမြို့နှင့် အနီးပတ်ဝန်းကျင်များမှ လာရောက်ကြိုဆိုကြသည့် ပြည်သူလူထုကြီးအား မိန့်ခွန်းပြောကြားခဲ့သည်။ မုံရွာမြို့သို့ ဒေါ်အောင်ဆန်းစုကြည်မလာမီကပင် အစိုးရအာဏာ ပိုင်တို့က မုံရွာမြို့ကို လျှပ်စစ်မီးများ ဖြတ်တောက်ထားခဲ့သည်။ ထို့ကြောင့် မေ (၂၉)ရက်နေ့ တွင် ဒေါ်အောင်ဆန်းစုကြည်အား မုံရွာမြို့ရှိပြည်သူလူထုက ဖယောင်းတိုင်မီးများထွန်းညှိပြီး ကြိုဆိုခဲ့ကြသည်။ ည (၉) ခန့်တွင် မိန့်ခွန်းပြောကြားသည့်အခန်းအနားကို စတင်ခဲ့သည်။ ထိုနေ့တွင် မုံရွာမြို့၌ မည်သည့်ရုန်းရင်းဆန်ခတ်မှုမှ မဖြစ်ပွားခဲ့ပေ။ ပြည်သူလူထုကြီး၏ လှိုက်လှဲစွာကြိုဆိုထောက်ခံမှုကို ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တို့ ရရှိခဲ့သည်။

ထိုကဲ့သို့ အများပြည်သူလူထုက လှိုက်လှဲစွာကြိုဆိုမှုသည်နအဖအာဏာပိုင်များ အဖို့ မျက်စိထဲသဲနှင့်ပက်ခံရသကဲ့သို့ ဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း တုံ့ပြန်လက်စားချေ ရန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ကိုချေမှုန်းရန် ကြံစည်ခဲ့ကြသည်။ ထိုသို့ချေမှုန်းသည့် အခါတွင် ၎င်းတို့ကို ပြန်လည်တုံ့ပြန်ပြောဆိုနိုင်မည့် ဥပဒေအထောက်အကူပြု အဖွဲ့ဝင်များ အား ပထမဆုံးဖမ်းဆီး ထိန်းသိမ်းထားရန်လိုအပ်လာသည်။ တရားဥပဒေကိုလေးစားလိုက် နာသည့် ဒီမိုကရေစီနိုင်ငံများတွင် လူတဦးတယောက်အား အကြောင်းမဲ့ဖမ်းဆီး၍မရ၊ အထောက်အထားမခိုင်လုံလျှင် ပြစ်ဒဏ်ပေး၍မရ၊နအဖစစ်အစိုးရလက်ထက်တွင်မူ အထက်ပါအကြောင်းအရာများကို လိုက်နာရန်မလို၊ ၎င်းတို့အား ဆန့်ကျင်လာမည့်သူများ ကို ဖမ်းဆီးထိန်းသိမ်းထားရန် လိုအပ်သည့် ဥပဒေများကိုပင် ထပ်မံ၍ မပြဋ္ဌာန်းသည်ကိုပင် တော်သေးသည်ဟု မှတ်ယူရဦးမည်ဖြစ်သည်။

ယခုအမှုတွင် ဦးစောထွန်းသည် မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ် အမှုဆောင်တဦးလည်းမဟုတ်၊ သာမန်ဥပဒေအထောက်အကူပြု အဖွဲ့ဝင်တဦးသာ ဖြစ်သည်။ သို့သော် တရားဥပဒေကိုအကျွမ်းတဝင်ရှိသည့် ဘက်တော်သားတဦး ဖြစ်နေ သည်။

မေ (၃၀) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များကို လုပ်ကြံသတ်ဖြတ်သည့် ဒီပဲယင်းလုပ်ကြံမှုကြီးဖြစ်ပွားခဲ့ရာ မုံရွာမြို့မှ ဒေါ်အောင်ဆန်းစုကြည်အား ဒီပဲယင်းမြို့အထိ လိုက်ပါပို့ဆောင်သည့် မုံရွာမြို့မှ ပြည်သူလူထုများ၊ ကျောင်းသားလူငယ်များ အများအပြား သေကြေ၊ ထိခိုက်ဒဏ်ရာရ ဖမ်းဆီး ထိန်းသိမ်းခြင်းခံခဲ့ရသည်။ မေ (၃၀) ရက်နေ့တွင် အချို့လိုက်ပါပို့ဆောင်သူများသည် ဘုတလင်မြို့မှ ပြန်လာစဉ် (နမခ) ဝင်းအနီးတွင် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ထိုသို့ဖမ်းဆီးခြင်းခံရသူများအား ကူညီရန် မုံရွာမြို့မှ ပြည်သူလူထုက (နမခ) သို့ လိုက်သွားကြရာ စစ်တပ်မှပစ်ခတ်သဖြင့် စက်မှုလက်မှုအတတ်သင်ကျောင်းမှ ကျောင်းသားတဦး သေဆုံးခဲ့ရသည်။ အမျက်ဒေါသထွက်နေသည့် ပြည်သူလူထုက မုံရွာမြို့လမ်းဘေးများတွင် စိုက်ထူထားသည့် ပြည်ပအားကိုး ပုဆိန်ရိုးဆိုင်းဘုတ်များကို ဖြုတ်ချ ဖျက်ဆီးပစ်ရာမှ မုံရွာမြို့တွင် ဆူပူမှုများဖြစ်ပွားခဲ့သည်။ ထိုသို့ဖြစ်ပွားသဖြင့် မုံရွာမြို့မှ ကျောင်းသားလူငယ်အများအပြား ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည်။ ထိုသို့ ထိခိုက်ဒဏ်ရာရ သေဆုံးသူများ၊ ဖမ်းဆီးခံရသူများအတွက် တရားဥပဒေ နှင့်အညီ လိုက်ပါဆောင်ရွက်ခြင်း မပြုလုပ်နိုင်စေရန်အတွက် ရည်ရွယ်၍ ဦးစောထွန်းအား ဖမ်းဆီးပြစ်ဒဏ်ပေးခဲ့သည်ဟု ယူဆရသည်။

ဦးစောထွန်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် တစုံ တရာမျှ ညီစွန်းခြင်းမရှိကြောင်း အောက်ပါအချက်များအရ ထင်ရှားစွာတွေ့ရှိရသည်။

မြို့နယ်ရုံးဆိုင်းဘုတ်တင်ပွဲကို ခွင့်ပြုချက်မရပဲတင်သည်ဟုဆိုလျှင် မြို့နယ်ရွေးချယ်တင်မြှောက်ရေးကော်မရှင်မှ တရားလိုပြုလုပ်၍ မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို အရေးယူပေးရန် တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုရမည်ဖြစ်သည်။ သို့သော် ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်း မရှိပေ၊ယခုအမှုတွင်ရဲအုပ်ဇော်မင်းမှရဲအရေးမပိုင်သည့်အမှုဖြစ်စေကာမူ တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့ခြင်းကပင် ဥပဒေနှင့် မညီ မှားယွင်းနေပါသည်။

ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၅၀၅ နှင့်ညီစွန်းစေသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသည့်ပြစ်မှုကို ပြည်သူများကျူးလွန်ချင်လာအောင် ဦးစောထွန်းက ဆောင်ရွက်ခဲ့ကြောင်း တိကျသော သက်သေအထောက်အထားများကိုလည်း တင်ပြနိုင်ခြင်းမရှိပဲထောင်ဒဏ် (၂) နှစ် ချမှတ်ထားသည်ကို တွေ့ရှိရပြန်သည်။ ရုံးတော်ရှေ့တွင် သက်သေခံများအဖြစ် တင်သွင်းထားသည့် သက်သေခံ စာရွက်စာတမ်းများသည် ဆိုင်းဘုတ်တင်သည့်ကိစ္စနှင့် ပတ်သက်၍ မြို့နယ်ကော်မရှင်အဖွဲ့နှင့် မုံရွာမြို့နယ်ဒီမိုကရေစီအဖွဲ့ချုပ်တို့ ဆိုင်းဘုတ်တင်သည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးထားသည့် မှတ်တမ်းများသာဖြစ်သည်။ သက်သေခံအဖြစ် စာရွက်စာတမ်းအများအပြားတင်သွင်းသဖြင့် အပြစ်ပေးရမည်ဟုဥပဒေပြဋ္ဌာန်းချက်မရှိပေ။ စွဲဆိုထားသည့်မှုခင်းနှင့် စပ်ဆိုင်သည့်သက်သေခံချက်များဖြစ်ရန်လိုသည်။ သို့သော် ယခုအမှုတွင်မူ ထိုသို့မဟုတ်ပဲ တင်သွင်းထားသည့် စာရွက်စာတမ်းများအပေါ် အခြေခံ၍ ဥပဒေပြဋ္ဌာန်းချက်နှင့်မလျော်ညီသည့် ပြစ်ဒဏ်ကို ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်။

မုံရွာမြို့နယ်တရားရုံးတော်က အပြစ်ရှိကြောင်းဆုံးဖြတ်ရာတွင် ခွင့်ပြုချက်မရပဲဆိုင်းဘုတ်တင်သည်ဆိုသော အချက်ပေါ်တွင် အဓိကအခြေခံအဖြစ် ကောက်ချက်ချစဉ်းစား၍

အပြစ်ပေးခဲ့သည်မှာလည်း ဥပဒေနှင့်မညီသည်ကို တွေ့ရှိရသည်။

ဆိုင်းဘုတ်တင်ခဲ့သည့်အတွက် အများပြည်သူလူထု ကြောက်လန့်မှုများ၊ ထိတ်လန့်မှုများဖြစ်ပွားကာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေခဲ့သည့် သက်သေအထောက်အထား တစုံတရာကိုမျှ တင်ပြနိုင်ခဲ့ခြင်းမရှိသည်ကိုလည်း တွေ့ရှိရသည်။

နအဖတရားစီရင်ရေးစံနစ်တွင် ဥပဒေက မည်သို့ပင်ဆိုစေကာမူ ၎င်းတို့၏ အာဏာ တည်မြဲရေးအတွက် ဟန့်တားနှောင့်ယှက်မှုများ ပေါ်ပေါက်လာပါက ထိုသူများကို ဖမ်းဆီး ထိန်းသိမ်း၊ အပြီးသတ်ချေမှုန်းရန် ဝန်မလေးပါ။ ထိုကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း တရားသည့်နည်းလမ်း၊ မတရားသည့်နည်းလမ်း နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်နှောင့် ယှက်မည့်သူများကို နှိမ်နင်းသွားမည်ဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။

တရားဥပဒေစိုးမိုးရေးသည် ပြည်သူများအတွက်မဟုတ် မတရားသူများကြီးစိုးရေး အတွက် အထောက်အကူပြုသည့် ယန္တရားတခုအဖြစ် ယခုအခါ အသုံးပြုနေသည်ကို ထင်ရှားစွာ တွေ့ရမည်ဖြစ်သည်။

## အောက်ခြေမှတ်စု

(၁) မုံရွာမြို့နယ်တရားရုံး၊ ၂၀၀၃ ခုနှစ်ရာဇဝတ်ကြီးမှုအမှတ်–၄၁၅၇၊ ဒုရဲအုပ် ဇော်မင်းနှင့် ဦးစောထွန်း၊

တွေ့ဆုံမေးမြန်းခြင်း

# ဒေါ်စန်းစန်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**(ဒေါ်စန်းစန်းသည် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဆိပ်ကမ်းမြို့နယ်မှ ရွေးချယ်ခံရသော လွှတ်တော်အမတ်တဦးဖြစ်ပြီး ရန်ကုန်တိုင်း NLD ပါတီ၏ ဥက္ကဋ္ဌ ဖြစ်သည်။)**

✍ မေး – နအဖ က အမျိုးသားညီလာခံကို ဆက်ပြီးတော့ သွားချင်နေတဲ့သဘောရှိတယ်။ ပြီးတော့ ထိုင်းကနေပြီး တော့မှ Roadmap ဆိုတဲ့ အစီအစဉ်ပေါ်မှာလည်း သူက မြန်မာနိုင်ငံမှာ ဒီအခြေခံဥပဒေတရပ် ပေါ်ပေါက်လာရေးဆိုတဲ့ လမ်းကြောင်းကို သူကဖေါ်ဆောင်ချင်တဲ့ သဘောပါ တယ်။ အဲတော့ တကယ်လို့သာ ဒီ Roadmap ရဲ့ အစီအရ အခြေခံဥပဒေရေးဆွဲရေးညီလာခံ ပေါ်လာမယ်ဆိုလို့ရှိရင်၊ ဘယ်လိုအခြေခံဥပဒေညီလာခံမျိုးဖြစ်သင့် သလဲ။

✍ ဖြေ – အဲဒါတော့ ကျမတို့အခြေခံဥပဒေက ကျမတို့ NLD ကဆွဲရမှာပေ့ါ။ အရင်က ၁/၉၀ ဆိုတာ ထုတ်ပြန်ဘူးပါတယ်။ အဲဒီမှာဆိုလို့ရှိရင် ကျမတို့ ရွေးချယ်တင်မြှောက်ထားတဲ့အမတ်တွေက ဆွဲရမယ်။ အမတ်တွေကနေပြီး ဒါကို Finalize လုပ်ပြီးတင်ရမယ်။ ဒါကို သူတို့ဘဲ လက်မှတ်ထိုးရမယ်။ ဘာဘဲဖြစ်ဖြစ် National Convention ဖြစ်သင့်တယ်ဆိုလို့ရှိရင် NLD ကဘဲ ဦးဆောင်ရမယ်။ NLD ကဘဲလုပ်ရမယ်။ ပြီး အစိုးရကကူညီရမယ် ဒါဘဲ၊ အစိုးရကူညီတယ်ဆိုတာက လာလို့သွားလို့ ဒါဒီလောက်ပါဘဲ။ အဲဒါမျိုးက အစောကြီးထဲက ဒါမျိုးဖြစ်သင့်တယ်။ ဒီ National Convention ကအဲလိုဖြစ်သွားမယ်ဆိုရင် National Convention ကလဲ ကောင်းသွားမှာ ဖြစ်မှာပါ။

✍ အခု ဒီ Tripartite ဆွေးနွေးဘို့အတွက် တချို့က တိုက်တွန်းနေတာတွေရှိတယ်။ အဲတော့ တကယ်လို့ ဒီ Tripartite ဆွေးနွေးပြီးတော့ Reconciliation ရတယ်ဆို လို့ရှိရင် ယာယီအခြေခံဥပဒေတရပ်ကို အရင်ဆွဲဘို့လိုမလား။ ဒါမှမဟုတ် တကယ့် အတည်ဖြစ်မဲ့ အခြေခံဥပဒေကြီးတရပ်ဘဲ ရေးဆွဲမှာလား။ အန်တီ့အမြင်ကိုသိပါရစေ။

✍ အဲဒါတော့ အခြေခံဥပဒေကိုမဆွေးနွေးခင်မှာတော့ ခုနကပြောခဲ့တဲ့ ပထမဦးဆုံး ကျမတို့ ခုလောလောဆယ် နားလည်ထားတာကတော့၊ ကျမတို့ဟာ လွတ်လွတ်လပ်လပ် နိုင်ငံရေးလှုပ်ရှားမှုရှိဘို့၊ ခုဆိုရင် မလွတ်လပ်တော့ဘူး။ နောက်တခုက ကျမတို့အားလုံးရဲ့လုံခြုံရေး၊ နိုင်ငံရေးလုပ်တဲ့သူတွေရဲ့လုံခြုံရေး၊ ပထမဆုံးကတော့ freedom of speech ရှိပြီဆိုတာနဲ့ ဒါ Democracy ရတာဘဲပေါ့လေ။ Democracy ကသာလျှင် First ပေါ့ဗျာ၊ ဒီမိုကရေစီရလာရင် နောက်တခါ ဒီမိုကရေစီအတွက် sources လုပ်နေတုံးမှာဘဲ တိုင်းရင်းသားတွေ အချင်းချင်း ဆွေးနွေးလို့ ရပါတယ်။ တိုင်းရင်းသားတွေ အချင်းချင်းဆွေးနွေးပြီးတော့မှတခါ အစိုးရရယ် NLD နဲ့ တိုင်းရင်းသားတွေ Tripartite ဆွေးနွေးလို့ ရပါတယ်။ အဲဒီအခါမှာ အခြေခံပြီးတော့မှ ဒီကျမထင်တယ်ကျမတို့ Skeleton တော့ရှိမှာပါ။ အခြေခံဥပဒေဆိုတာ အခြေခံလောက် frame work လောက်ကတော့ ရှိနေမယ်ဆိုရင် နောက်ဆက်လုပ်နိုင်ပါတယ်။ နောက်ကျတော့မှ ကျမတို့ပြည်သူ့လွှတ်တော်တွေ ဘာတွေ ခေါ်ပြီးတော့မှ ဒီ frame work ကိုဘဲ ပြန်ချဲ့ထွင်လို့လဲရပါတယ်၊ အဲလိုဖြစ်မယ်။ အဲဒီဥစ္စာတော့ သိပ်ပြီးနားမလည်ဘူး။ ဒါပေမဲ့များသောအားဖြင့် ကျမရှိတုံးကတော့ ဒီမိုကရေစီ first ဆိုတာရှိတယ်။ တိုင်းရင်းသားတွေလဲ လက်ခံထားတယ်။ ဒီမိုကရေစီရဘို့ ဒေါ်စုကိုဆွေးနွေးပါ၊ အစိုးရနဲ့ပေါ့။ နောက်ကျမှ ပင်လုံညီလာခံလိုပေါ့လေ။ တိုင်းရင်းသား အားလုံးနဲ့ပေါ့လေ၊ NLD နဲ့ဆွေးနွေးမယ်။ အဲလိုရှိပါတယ်။ Democracy first ဆိုတာတော့ ခေါင်းထဲမှာ ထည့်ထားရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီရှိမှဘဲ ကျမတို့ ဒီမိုကရေစီအတွက် freedom of speech လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာဟောပြောခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့် ဒါတွေလာရှိမယ် ဆိုလို့ရှိရင်တော့ ကျမတို့တခြားဟာတွေက ဘာမှမခဲယဉ်းတော့ပါဘူး။ လွတ်လပ်သွားမယ်ဆိုလို့ရှိရင် တိုင်းရင်းသားတွေရဲ့ ဆန္ဒကိုကျမတို့က၊ တိုင်းရင်းသားတွေကိုယ်တိုင်ကိုက ဒေါ်စုကို ဒီမိုကရေစီရဘို့ အမြန်လုပ်ပါအုံး၊ လုပ်ပြီးရင် ကျွန်ုပ်တို့နဲ့ထပ်ဆွေးနွေးပါ။ Tripartite ဆိုတာလဲ Second step ပေါ့ဆိုတဲ့ သူတို့ အချင်းချင်း နားလည်ထားတာရှိပါတယ်။

✍ **နောက်တခုက တချို့က အမြင် (၂) မျိုးရှိနေတယ်။ ဘာလဲဆိုလို့ရှိရင် နအဖ ကလည်း အာဏာမစွန့်နိုင်ဘူး။ နိုင်ငံရေးမှာ ပါဝင်ပါတ်သက်ခွင့်ကို သူကလဲလိုချင်တယ်။ အဲတော့ တချို့က အနာဂါတ်ပြည်ထောင်စုအခြေခံဥပဒေရေးဆွဲတဲ့အခါမှာ နှစ်ပေါင်း (၂၀) လောက်ထိ စစ်တပ် ကလဲ နိုင်ငံရေးမှာ ပါဝင်ရှိစေသင့်တယ်ဆိုတဲ့ အမြင်သဘောထားတွေရှိတယ်။ အဲဒီပေါ်မှာ တော့ အန်တီက ဘယ်လိုအမြင် သဘောထားရှိပါသလဲ။ အန်တီအမြင်ပေါ့။**

✍ ကျမတို့ ပထမဦးဆုံး စဉ်းစားဆွေးနွေးရမှာတော့ စေ့စပ်ဆွေးနွေးရမှာပေါ့။ Dialogue ပေါ့၊ ပထမဦးဆုံး dialogue မှာ တယောက်က အကျဉ်းကျနေပြီးမှ အကျဉ်းကျနေတဲ့

နားမှာ သွားသွား ဆွေးနွေးနေတာ မဟုတ်သေးဘူး။ တခါတလေကျရင် ဒေါ်စုကို House arrest လုပ်ထားပြီးမှ သူတို့အချင်းချင်း သွားဆွေးနွေးတာတွေ၊ သူတို့ အချင်းချင်းရှိလိမ့်မယ်လို့ ကျမထင်တယ်လေ။ ရှိခဲ့ဘူးတယ်ပေ့ါ။ အဲတော့ နောက်တော့မှ ဒေါ်စုနဲ့ဆွေးနွေးလို့မရဘူး။ ဒါ ကျွန်တော်တို့ နိုင်ငံရေးမှာ စာမျက်နှာသစ်လှန်ကြစို့ဆိုတာဖြစ်လာတယ်။ အဲ– ခုခါမှာကျတော့ ဒီတွေ့ဆုံဆွေးနွေးပွဲပေါ်မှာ ဆွေးနွေးမယ်ဆိုရင် ဒါတယောက်ကတော့ လုံးဝအကျဉ်းကျနေတဲ့သူဆိုတော့ ဒါမဖြစ်သင့်ဘူး။ အဲတော့ ဒေါ်စုလွှတ်မြောက်ရေးက ပထမပေ့ါ။ ဒေါ်စု လွှတ်ပြီးတော့မှ CEC တွေလဲ လွှတ်လာမယ်ဆိုလို့ရှိရင် ကျမတို့က နောက်တခါကြတော့ ဆွေးနွေးဖြစ်မယ်ဆိုရင် ကျမတို့ရဲ့ Attitude ကလဲ ကျမတို့ရဲ့ ခံယူချက်တွေလဲ နဲနဲတော့ ပျော့ပြောင်းဖို့လိုတယ်။ စစ်တပ်ကလဲ ရှင်းရှင်းပြောရမယ်ဆိုရင် လက်ရှိအာဏာရှိနေတယ်လေ။ လက်နက်လဲရှိဆိုတော့၊ သူ့ကိုလဲ ပထမဦးဆုံးအဆင့်မှာ အရင်တုံးကလဲ ဒေါက်တာမူးထန်တို့ ဘာတို့လဲ သဘောတူခဲ့ပါတယ်။ ပထမဦးဆုံးအဆင့်မှ ခင်ဗျားတို့ပါချင်တယ်ဆိုရင် ခင်ဗျားတို့ထဲက ၄ ပုံ ၁ ပုံပါပါ။ နောင်နှစ်ကြတော့ ခင်ဗျားတော့ ၄ ပုံ ၁ ပုံ ကို လျှော့လိုက်ပါ ဆိုပြီး ဒီလိုမျိုးဆွေးနွေးတာတွေ ရှိပါတယ်။ အဲတော့ သူတို့ဘာလိုချင်လဲ၊ စစ်တပ်အနေနဲ့ ဘာလိုချင်လဲ၊ ဘာလုပ်ချင်လဲ။ ဒါကိုလဲ ကျမတို့က အလေးအနက်ထားဘို့ လိုပါတယ်။ ဒေါ်စုပြောတာကတော့ ဆွေးနွေးတဲ့စားပွဲပေါ်မှာ ရောက်မယ်ဆိုရင် ဒါတွေက အပေးအယူသဘောတွေက ဖြစ်လာမှာ။ ကျမတို့က အစဉ် ဒါကြီးကို အသေဆုပ်ကိုင်ထားတာမျိုးမဟုတ်ပါဘူး။ ကျမတို့ရဲ့ သဘောထားကိုတော့ ချပြပါတယ်။ သဘောထားတွေက ရှင်းရှင်းပြောရမယ်ဆိုရင်၊ ဟို ပေးဆပ်ရမဲ့ ဥစ္စာတွေက သူတို့အတွက်၊ ဟို ဥပမာ – ရွေးကောက်ပွဲရလဒ်ကို လုပ်ရမယ်ဆိုတာ၊ မူအားဖြင့် ဒါတကမ္ဘာလုံးမှာ ရွေးကောက်ပွဲက Free and fair ဖြစ်ပါတယ်ဆိုပြီးတော့မှ ရွေးကောက်ပွဲရဲ့ရလဒ်ကို လစ်လျူရှုတယ်ဆိုတာကတော့ ဒါ မဖြစ်သင့်တဲ့အချက်။ နောက်တခါကျတော့လည်း ဒီရွေးကောက်ပွဲ ဒီလိုဘဲဖြစ်မှာကြောင့် ဟို ဒါကြီးကလဲ ကျမတို့က ကိုင်ထားတယ်။ ဒါပေမဲ့လို့ ဒီအကြောင်းကြောင်းတွေကြောင့် စဉ်းစားစရာဖြစ်မယ်ဆိုရင် ဒါ ဒီဥစ္စာက တမျိုးဖြစ်ချင်ဖြစ်သွားမယ်။ အလျှော့ပေးစရာဖြစ်ချင်ဖြစ်မယ်။ နောက်တခုကလဲ တခါ one fourth ပေ့ါ၊ စစ်တပ်က ၄ ပုံ ၁ ပုံ ယူချင်သပဆိုလို့ရှိရင်လည်း သူတို့တပ်ထဲမှာ ရွေးကောက်ပွဲလုပ်ပြီး ယူမှာလား။ ရွေးကောက်ပွဲ လုပ်ယူတယ်ဆိုရင်တော့ စဉ်းစားစရာပေ့ါနော။ ဒါပေမယ့်လို့ လုံးဝမစဉ်းစားဘူးဆိုတာကတော့ ကျမတို့က ဒီနိုင်ငံ အကြီးအကဲဟာ ဗိုလ်ချုပ်ကြီးအဆင့်လောက်ရှိရမယ်။ စစ်တပ်က လူဘဲ စစ်တိုက်တတ်မှ အုပ်ချုပ်ရမယ်ဆိုတာ၊ ဒါတော့ လက်မခံဘူး။ နောက်တခါကြတော့ အချိန်မရွေး စစ်တပ်က အာဏာသိမ်းနိုင်တယ်ဆိုတာ လုံးဝလက်မခံနိုင်ဘူး။ ဒါတွေကိုတော့ လက်မခံဘူးဆိုတာပြထားတယ်။ တခြားဟာတွေတော့ ဒီ ကာကွယ်ရေးတို့ ဘာတို့နဲ့ ပါတ်သက်ပြီးတော့ ဒါတွေကိုနေရာပေးရမယ်ဆိုတာ အကုန်လုံးက နားလည်ပါတယ်။ ဒါတွေကတော့ ကျမထင်တယ်လေ၊ စေ့စပ်ဆွေးနွေးတဲ့စားပွဲပေါ်မှာရောက်လာရင် ပြေလည်နိုင်စရာအကြောင်း

အများကြီး ရှိပါတယ်။

**နောက်တခုက ဒီအခြေခံဥပဒေကို ရေးဆွဲပြီဆိုလို့ရှိရင် အခြေခံဥပဒေထဲမှာ အမျိုးသမီး တွေနှင့် ပါတ်သက်ပြီးမှ ဘယ်လိုအချက်တွေကို အထူးပြုပြဌာန်းဖို့ လိုအပ်မယ် ထင်ပါသလဲ ။**

ကျမတို့ ခုလက်ရှိ ရှိနေတဲ့ ပြဌာန်းချက်တွေက အမျိုးသမီးတွေအတွက် မလုံလောက်ပါဘူး။ အမှန်အတိုင်းဆိုရင် ဗမာအမျိုးသမီးတွေက ဟို ဥပမာ – မူအားဖြင့်တော့ ကျမတို့ Discrimination ဆိုတာသိပ်မရှိဘူး။ အလုပ်တူရင်ပိုက်ဆံအတူတူရတယ်။ နောက်တခုက မိန်းမ၊ ယောကျ်ား ခွဲခြားတာတော့မရှိဘူး။ ဟိုအရင်တုံးက အခြေခံဥပဒေကလည်း ပေးထားတယ်ပေ့ါ။ အခြေခံဥပဒေ မပေးလဲ ကျမတို့ဆီမှာကျ အမျိုးသမီးတယောက်ဟာ မိခင်ဖြစ်တယ်၊ မိခင်ဟာ ကျမတို့ ဒီ အနန္တေ ၁၊ အနန္တ ငါးပါးမှာ ရှိတယ်ဆိုတော့ သူ့အတွက်က သူ့ဖါသူရတယ်။ ဒါပေမဲ့ မရတဲ့ဟာတွေက အများကြီးဘဲ။ ဘာလုပ်လဲဆိုတော့ ကျမတို့ယောကျ်ားတယောက်ဟာပေ့ါ ဒီ ပြောလေ့ရှိတဲ့အတိုင်း လှေခါးသုံးထပ်ဆင်းရင် လူပျိုဖြစ်တော့တာဘဲ။ အဲဒီပြန်မကြည့်ကြဘူး။ အဲလိုပြန်မကြည့်တဲ့အတွက် တော်တော်ကြီးကို ဒီအိမ်ထောင်တခုဟာ သူ့ယောကျ်ားမရှိတော့ဘူးဆို ကမောက်ကမ ဖြစ်သွားတယ်။ ဒီယောကျ်ားပစ်သွားတဲ့မိန်းမကို ဘယ်သူမှလဲမရှိသေ၊ မလေးစားဘူး၊ ဒီအမျိုးသမီးက ဘာမှလုပ်လို့မရဘူး။ ကလေးတွေနဲ့ဆို သူ့ဘဝကြီးဟာသွားပြီ၊ နောက်ဘယ်သူ့ကို အားကိုးရမလဲ။ သူ ကွဲကွာဖို့ရာကွဲတဲ့စရိတ်တို့ ဘာစရိတ်တို့ဟာ သူတရားစွဲရင် ပိုက်ဆံကုန်ရဦးမယ်။ အဲဒါတွေကိုကာကွယ်ပေးဘို့ ဥပဒေတွေက အများကြီးလိုအပ်တယ်။ အဲတော့ အဲလိုဥပဒေတွေကိုတကယ့်ကိုအမျိုးသမီးတွေကနေ ပါဝင်ပါတ်သက်ပြီး ရေးမယ်ဆိုရင်တော့ ပိုကောင်းတာပေ့ါ။ ပိုပြီးသင့်လျှော်တာပေ့ါဗျာ။ ဆရာမကြီး ဒေါ်မော်လီ၊ ဒေါ် မြင့်မြင့်ခင် တို့လိုဥပဒေ ပညာရှင်တွေအများကြီးရှိပါတယ်။ ကျမတို့ဗမာပြည်မှာ အမျိုးသမီးတွေအများကြီးရှိတယ်။ ဒါပေမဲ့နာမည်ကြီးတာကတော့ ယောကျ်ားတွေများတယ်နော်။ မိန်းမတွေနာမည်ကြီးတာက တယောက်ဘဲ။

**ဒီဘက်ကတချို့အမျိုးသမီးတွေ အယူအဆရှိတာက ဥပဒေပြုလွှတ်တော်မှာ အမျိုးသမီး လွှတ်တော်အမတ်ရဲ ခွဲတမ်း (Quota) ထားပေးရမယ်ဆိုတဲ့ဥစ္စာကို အန်တီအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ဟုတ်တယ် တချို့များ ၅၀ ရာခိုင်နှုန်း လောက်တောင်လိုချင်တယ်။ ကျမက ဟိုကျမတို့ အမျိုးသမီးတွေဖြစ်လာတာ။ NLD မှာဖြစ်လာတာ၊ ကျမက ဆိပ်ကမ်းကနော်၊ ဦးမောင်ကိုကလည်းဆိပ်ကမ်းကဘဲ၊ သူဝင်ရွေးရင် ပိုလွယ်တယ်။ ဒါပေမဲ့သူအမတ် မလုပ်ချင်ဘူး။ မလုပ်ချင်တာတော့ ကျမက အရင်က ဆိပ်ကမ်းမြို့နယ်မှာအလုပ်လုပ်ခဲ့တယ်။ ဆိပ်ကမ်းမြို့နယ်မှာ အလုပ်သမားအရာရှိဖြစ်တယ်။ ကျမကို ဆိပ်

ကမ်းကရွေးပါဆိုပြီး ဖြစ်လာတယ်။ ဆိပ်ကမ်းမှာက လူလဲ နဲတယ်။ ကျမနဲ့ပြိုင်ရတာက၊ ဗိုလ်မှူးကြီးမြင့်လွင်ဆိုတာ သူက အရင်က ပါတီမှာ ရန်ကုန်တိုင်းမှာ အတွင်းရေးမှူးဆိုတော့ တော်တော် ဩဇာအာဏာရှိတယ်။ သူ့တပည့်တွေလဲ အများကြီးဘဲ။ အဲတော့ အဲလိုပြိုင်ဘက်ကလဲရှိတယ်ဆိုတော့ ကျမကိုထည့်လိုက်တာပေါ့လေ။ အဲဒီလိုဘဲ ကျမကို အလုံမှာ ဒေါ်စန်းစန်းဝင်း တို့ဆိုလို့ရှိရင်လဲ အဲလိုဘဲ တခြားလူတွေက ဥပမာဆိုပါတော့ ကျမတို့ဒီမှာ များသောအားဖြင့်ရှိတာက ဆရာဝန်တို့၊ ရှေ့နေတို့၊ တော်တော်များများ ဝင်ရွေးလေ့ရှိတယ်။ ဒီထဲမှာ ဩဇာအာဏာလဲရှိ၊ ပညာလဲရှိတယ်ဆိုတော့ အဲဒီကျတော့ ဒေါ်စန်းစန်းဝင်း အလုံမှာရှိတဲ့အချိန်မှာ သူနဲ့ သူက ရှေ့နေဖြစ်တယ်။ သူ့အပြင် တခြား အဲဒီအချိန်တုန်းက တခြားလူမရှိဘူးဆိုတော့ တချို့တွေကလဲ ဟို မဆလ ပါတီနဲ့ မကင်းဘူးဆိုတာတွေရှိတယ်။ နိုင်ငံရေး လုပ်တဲ့လူလည်းနည်းတယ်။ အဲဒီကျတော့ အမျိုးသမီးတွေ ရှိတာက ဥပမာ ဒေါ်ဆယ်ဆယ်နောင်ဆိုပါတော့ သူက ခန္တီးမှာနေတယ်။ သူကလဲ အဲဒီမှာ ခန္တီးမှာကျတော့ သူ့ရဲ့မျိုးရိုးကမြင့်တယ်၊ အဲတော့ အဲလိုဟာမျိုးတွေပေ့ါဗျာ။ အဲလိုမျိုးအမျိုးသမီးတွေက သူ့ရဲ့နောက်ခံ ရာဇဝင်နဲ့ရွေးကြတယ်။ အဲဒီနေရာမှာ သင့်တော်လို့ရွေးခံရတယ်။ အဲတော့ ဗမာတပြည်လုံးမှာ 50% နေရာမှာ အမျိုးသမီးတွေက သင့်တော်တယ်လို့ မဖြစ်နိုင်ဘူးနော်။ အဲတော့ သူ့နေရာမှာ သူ့ဟာသူရွေးချယ်လို့ အမျိုးသမီးကိုယ်စား လှယ်ဖြစ်ချင်ဖြစ်ပါစေ၊ Quota (ခွဲတမ်း) ကိုတော့ ကျမတို့က မပြောချင်ဘူး။ အဲ တခုတော့ရှိတယ်၊ အန္တိယတို့ ဘာတို့မှာဆိုရင်ရှိတယ်။ မစ်(စ်)ဂန္ဒီ လက်ထက်မှာလားမသိဘူး ထင်တယ်လေ၊ Women Affair ကော်မီတီ (သို့မဟုတ်) များသောအားဖြင့်တော့ ဝန်ကြီးချုပ်ရုံးရဲ့ လက်အောက်မှာ အမျိုးသမီးရေးရာအတွက် ဟိုသေချာ အမျိုးသမီးအမတ်တွေက ဦးစီးပြီးတော့ရှိတယ်။ အမှန်အတိုင်းဆိုရင်တော့ ဥပဒေ အမျိုးသမီးတွေက သူ့ ဥပဒေကို သူလုပ်နိုင်အောင် ဥပဒေပြုအဖွဲ့မှာ အမျိုးသမီးပါရင်ရတယ်၊ ပါဖို့လဲထိုက်တယ်။ တခြားဟာတွေကတော့ လူထုကရွေးချယ်တယ်။ အမျိုးသမီးကိုကြိုက်လို့ ရွေးချယ်တယ်ဆိုရင်လဲ အမတ်ဖြစ်ရမှာပေ့ါ။ ကျမတို့က အမျိုးသမီးဖြစ်ရမယ်၊ ဘယ်နှစ်ခွဲတမ်း (Quota) ဖြစ်ရမယ်၊ ဘာညာ မပြောပါဘူး။ ဒါပေမယ့်လို့ ရွေးချယ်တဲ့ အထဲမှာ အမျိုးသမီးအမတ်တွေထဲကတော့ တယောက်လောက်ကတော့ အမျိုးသမီးနဲ့ဆိုင်တဲ့နေရာမှဖြစ်စေ၊ ဥပဒေပြုအဖွဲ့မှာ ပါကိုပါဝင်ပြီးတော့ အမျိုးသမီးနဲ့သက်ဆိုင်တဲ့ အမျိုးသမီးအရင်တုန်းကတော့ အမျိုးသမီးရေးရာမှာ အမျိုးသမီးအမတ်ရှိတာကိုး၊ ဒါမှမဟုတ်လဲ အမျိုးသမီးရေးရာကို ကိုင်မဲ့ဥစ္စာမှာ ဝန်ကြီးချုပ်ရုံး လက်အောက်နဲ့ Direct အောက်မှာ အဲဒီအမျိုးသမီးရေးရာမှာ အမျိုးသမီး Affairs အမျိုးသမီးတွေပါတာပေ့ါ။ အဲဒီလောက်ပါဘဲ။ ကျမအနေနဲ့က အဲလောက် 50% ဘာညာ ဘယ်လောက် percentage နဲ့ မတောင်းချင်ပါဘူး။

✍ **ဟုတ်ပါတယ်။ ဒါပေမဲ့ ဟိုယခင်၊ ယခင်ထဲက ဆုံးဖြတ်ချက်ချတဲ့နေရာတွေမှာ အမျိုးသားတွေကဘဲ အများစု ဦးဆောင်ပါဝင်လုပ်ဆောင်သွားတဲ့အခါမှာ အမျိုးသမီးတွေရဲ့ခံစားမှုတွေ၊ သဘောထားတွေ၊**

**အမျိုးသမီးတွေရဲ့ လိုချင်တဲ့စိတ်ဓါတ်နဲ့ အခွင့်အရေးတွေကို သူတို့အလေးမထားတဲ့အတွက် အမျိုးသမီးတွေ ပါဝင်ခဲ့မှုနည်းခဲ့ရတယ်။ အဲဒီလိုနဲ့ခဲ့တဲ့အပေါ်မှာ ကျမတို့ခုချိန်ခါမှာ အမျိုးသမီးတွေက ခုဏလို ၅၀ ရာခိုင်နှုန်းမဟုတ်တောင် တစုံတရာအနေအထားတခုများ သတ်မှတ်ရင် နောင်ဆိုအမျိုးသမီးပါဝင်မှုတိုးလာမှာဖြစ်တယ်။ အမျိုးသမီးပါ ဝင်မှုမများခင်မှာတော့ တစုံတရာသတ်မှတ်ထားရင် မကောင်းဘူးလား။**

✍ ဟုတ်ပါတယ်။ ကျမတို့လိုချင်တာက ကျမတို့ဆီမှာက လောလောဆယ်ပြဿနာ၊ ခုကျမတို့ ရင်ဆိုင်နေတာ အများသိတဲ့အတိုင်းဘဲ။ ဒေါ်စုက အင်မတန်ထက်မြက်တယ်။ ဒေါ်စုထက်မြက်တာကို မထက်မြက်တဲ့သူတွေက အာဃာတများနေတာ။ အဲဒီကိစ္စကြီးကတခု၊ ခုကျမတို့ဆီကို အမြဲတန်း အမျိုးသမီး ခွေးလောက်တောင်မမြတ်ဘူးဆိုတာရှိသေးတယ်။ ဘယ်လိုလဲ အမျိုးသမီးတယောက်ဟာ မိခင်တယောက်ဟာ အနန္တ တော့ အနန္တာ ငါးပါးမှာပါတယ်။ ဒါပေမယ့်လို့ များသောအားဖြင့် သူတို့ခေါင်းထဲမှာ စောစောက ရိုက်သွင်းထားတဲ့အတိုင်း အမျိုးသမီးတွေက မမြတ်ဘူးဆိုတာရှိတယ်။ အဲဒီလို ကိစ္စတွေကရှိနေတော့ ခုကြည့်လိုက်မယ်ဆိုရင်တော့ အမျိုးသမီးအမတ်ဦးရေက တော်တော်နဲတယ်။ အမျိုးသမီးအမတ်ဦးရေ နဲသလောက် အမျိုးသမီးဝန်ကြီးဆိုတာလဲ မရှိသလောက်ဘဲ။ တယောက်ဘဲရှိတယ်ထင်နော်၊ ကရင်ပြည်နယ်ဝန်ကြီး တယောက်ဘဲရှိခဲ့ဖူးတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုရင် ဘာကိုအခြေခံလဲဆိုရင် အမျိုးသမီးတွေကို သိပ်နေရာ မပေးချင်ဘူးဆိုတဲ့ နေရာ အခြေခံတယ်။ ဘာလို့နေရာမပေးချင်လဲဆိုတော့ သူတို့အထင်မကြီးလို့ဖြစ်တယ်။ ဒါပေမယ့်လို့ ခုလောလောဆယ်မှာ ဗမာပြည်မှာဖြစ်နေတာက အမျိုးသားတွေက တခြားအလုပ်ကို လခနဲတဲ့အတွက် အမျိုးသားတွေက တခြားအလုပ်ကို စဉ်းစားကြတယ်ဆိုတဲ့အခါကျတော့ ဥပမာဆိုပါတော့ ဒီ ဒေါက်တာတွေဆိုပါတော့၊ ဒေါက်တာမ တွေကအများကြီးဘဲ အမျိုးသမီးဒေါက်တာပါရဂူဆိုတာတွေက တော်တော်များတယ်။ ဆေးရုံတရုံမှာသွားကြည့်လို့ရှိရင် အမျိုးသမီးဌာနမှူးဆိုတာတွေအများကြီး။ နောက်တက္ကသိုလ်မှာဆိုရင်လဲ အမျိုးသမီး Professor တွေကများတယ်။ အဲတော့ ဒီအမျိုးသားတွေက စားဝတ်နေရေးအတွက် ပွဲစားသွားလုပ်တာတို့၊ ကုန်သည် အကြီးကြီးဖြစ်အောင်လုပ်တာတို့ လုပ်နေတဲ့အချိန်မှာ၊ နောက် အမျိုးသားယောက်ျားတွေက ဒီမှာကွန်ပြူတာအလုပ်တွေ၊ ပိုက်ဆံရတဲ့အလုပ်တွေ လျှောက်လုပ်နေတဲ့ အခါကျတော့ အမျိုးသမီးတွေက ဒေါက်တာထဲမှာလည်း တော်တော်များသွားတယ်။ သဘောကတော့ Occupational participation မှာဆိုရင် အမျိုးသမီးတွေ အမျိုးသားတွေ ထက်ပိုပြီးတော့ စွမ်းဆောင်ရည်များသွားတယ်။ သူတို့ရဲ့စွမ်းရည်တွေဟာ နောက်ရွေးကောက်ပွဲတွေ ဘာတွေဖြစ်လာတဲ့အခါကျတော့ တော်တော်လေးကို ရိုက်ခတ်သွားတယ်။ ကျမတို့ ခုနက သူပြောသလိုဘဲ အမျိုးသမီးတွေကပိုပြီးတော့ဖြစ်လာမှာ။ ဒါပေမဲ့ ကျမဆိုလိုချင်တာကတော့ အမတ်မရချင်နေဦးတော့၊ ဝန်ကြီးမဖြစ်ချင်နေအုံးတော့၊ အကုန်လုံးဟို စီမံရေးရာဌာနတွေမှာ အမျိုးသမီးတွေ ဦးစီးသွားမယ်လို့ထင်

တယ်။ အခုဆိုရင်လဲ ကျမတို့စာရင်းစစ်ရုံး၊ စာရင်းစစ်အဖွဲ့မှာဆို အကြီးဆုံးက အမျိုးသမီးဘဲ။ ဝန်ကြီး Level လွဲလို့ ညွှန်ချုပ်က အမျိုးသမီး၊ နောက် အမျိုးသမီးတွေက ညွှန်ချုပ် ဝန်ကြီးဘဲဖြစ်လာဘို့ရှိတယ်။ ဘာကြောင့်လဲဆိုတော့ အမျိုးသားတွေ တခြားထွက်လုပ်နေလို့၊ နောက် Factories တွေမှာလဲ ဒီလိုဘဲ အမျိုးသမီးတွေက အမျိုးသားတွေနောက်ကို ဝင်နေပြီ။ အဲလို – နောက်လာမည့် အနာဂါတ်မှာတော့ အမျိုးသမီးတွေက ဝန်ကြီးမဖြစ်အုံးတော့၊ အမတ်မဖြစ်အုံးတော့၊ ကိုယ့်ကို ဘယ်လိုမှ ဖယ်ရှားလို့မရတဲ့နေရာတွေက အများကြီးဘဲ။ အဲဒီတော့ ကျမတို့ Executive နေရာတွေမှာ အမျိုးသမီးတွေက ဦးစီးမယ်လို့ထင်တယ်။ နောက်တခါ အမျိုးသမီးရေးရာမှာဆိုရင် NGO တွေလည်းဟာလဲပေါ်လာမယ်။ ခုလုပ်တာတွေ ဟိုဘက်မှာလဲ ဆက်လုပ်ရမယ်။ ဗမာပြည်မှာလဲ အမျိုးသမီးဦးရေများတဲ့အတွက်ကြောင့် အမျိုးသမီးပညာပေးတွေကို အမျိုးသမီးတွေကိုယ်တိုင်လုပ်ပြီးတော့ ပိုပြီးတော့တောင်မှ အလုပ်ဖြစ်လိမ့်မယ်လို့ ကျမထင်တယ်။

**နအဖရဲ့ နိုင်ငံရေးလမ်းပြမြေပုံအပေါ် ဘယ်လိုမြင်လဲ။**

နအဖက ဒီပဲယင်းအရေးအခင်းကြောင့် နိုင်ငံတကာက ဖိအားတွေများလာချိန်မှာ ဖိအားလျှော့သွားအောင် အချိန်ဆွဲနိုင်အောင်လို့ ဩဂုတ်လ (၃၀)ရက်နေ့မှာ ထုတ်ပြန်လိုက်တယ့် နအဖရဲ့ ပဋိသန္ဓေ အကြောင်းပြောမယ်ဆိုရင်–

ပထမအဆင့် ၁၉၉၆ ခုနှစ်ကစတင်ပြီးယာယီရပ်ဆဲဆိုင်းငံ့ထားတဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်းဆိုတဲ့ ပထမအဆင့် စဉ်းစားလိုက်တာနဲ့ပဲ လုံလောက်ပါတယ်။

အမျိုးသားညီလာခံ ကျင်းပတဲ့ ရည်ရွယ်ချက်(၆)ချက်ထဲမှာ နောက်ဆုံးအချက်က "အနာဂါတ်နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော်ကပါဝင်နိုင်ရေးက အဓိကအချက်ဖြစ်တယ်"ညီလာခံတက်ခဲ့တဲ့ ဦးခွန်မာကိုဘန်းက ပြောပြဖူးတယ်။ ဒီအချက်နဲ့ ဆန့်ကျင်တာဆိုရင်အကုန်ပယ်ချတယ်တဲ့။ အခြေခံအချက်တွေကိုချပြပြီး–အစုအဖွဲ့ ကဆွေးနွေးတယ်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ သဘာပတိအဖွဲ့ကိုပြန်လည်တင်ပြရာမှာ ဒီအချက်နဲ့ဆန့်ကျင်ရင် ဖြတ်တောက်လိုက်လို့ – တခါတလေများ (၃) မျက်နှာရေးတာ တစ်မျက်နှာသာသာပဲ ရှိတော့တယ်တဲ့။ နိုင်ငံရေးပါတီအသီးသီးက ဝေဖန်တာတွေ ထောက်ပြရင်ရတော့

(၁) ပါဝင်ပတ်သတ်တဲ့ အစုအဖွဲ့က ကိုယ်စားလှယ်တွေဟာ နဝတ သဘောကျရွေးချယ်ခဲ့တာ။ အခုလည်း နအဖက ရွေးနေပြန်ပြီ။ Appointed လုပ်တာ Elected ရွေးတာမဟုတ်ဘူး။ ဒါကြောင့် တိုင်းရင်းသားလူမျိုးစုတွေကလည်း သူတို့ လူမျိုးကိုယ်စားလှယ် သူတို့ရွေးမယ်လို့ ကြွေးကြော်နေကြပြီ။

(၂) လွတ်လပ်စွာဆွေးနွေးပြောဆိုဖို့ အစုအဖွဲ့အချင်းချင်း၊ မိမိတို့အချင်းချင်း ဒီအမတ်တွေနှင့် လူမျိုးစုအမတ်တွေနှင့်အခြားအစုအဖွဲ့က လူတွေ လွတ်လပ်

စွာ ဆွေးနွေးခွင့်မရှိဘူး။ ဒါကို ပြုပြင်ပေးပါ။ လွတ်လပ်ခွင့်ပေးပါ။

(၃) နဝတ လက်ထက် အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်ပေါင်း (၇၀၂) ဦး ရှိတဲ့အနက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၉) ဦးသာ ပါဝင်တယ်။ ဒီအမတ်(၁၅%)ဘဲ တက်ရောက်နိုင်တယ်။ အမြဲတန်းအရှုံးဘက်ကဘဲ ရှိနေတယ်။

(၄) ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကို ပါယ်ဖျက်ထားတယ်။ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ဘို့ အမျိုးသားညီလာခံခေါ်ပြီး အမြတ်ထုတ်တယ်လို့ ဝေဖန်ကြတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုကြီးအပြီး နအဖ က အမျိုးသားညီလာခံအဟောင်းကို ပြန်လည်ဆေးသုတ်ပြီး ကြေငြာလိုက်ထားကာ အနာပေါ်ဆေးသိပ်လိုက်သလိုဖြစ်တယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ ဒီပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေမပါဝင်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြားလူမျိုးစုကိုယ်စားလှယ်မပါဝင်တဲ့ ပဋိသန္ဓေကို အယုံအကြည်မရှိကြောင်း ကြေငြာလိုက်ပါသည်။

မွန်အမျိုးသားကောင်စီကလည်း နအဖ လမ်းညွှန်မြေပုံကို လက်မခံနိုင်ကြောင်း ရွေးကောက်ပွဲရလဒ်ပါယ်ဖျက်ထားတယ်။ နအဖက အမျိုးသားညီလာခံခေါ်ခွင့်မရှိကြောင်း စစ်အစိုးရသက်ဆိုးရှည်ဘို့သာဖြစ်ကြောင်း အသီးသီး ထောက်ပြထားကြတယ်။

ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီဝင် ဦးခွန်ထွန်းဦးကလည်း “နအဖ၏လမ်းညွှန်မြေပုံမှာ အချိန်ကန့်သတ်ချက်မပါဘူး။ လုပ်ရင်းကိုင်ရင်း လိုအပ်သလို ဖြည့်စွက်ပြုပြင်ကြ။ အချိန်ဆွဲကြအုံးမှာ ဖြစ်ကြောင်း ဒီမပါဘဲနဲ့ မဖြစ်နိုင်ကြောင်း လွတ်လပ်စွာဆွေးနွေးခွင့်နှင့် ယခင်က ချမှတ်ပြီးသား “မူ”တွေကို ပြုပြင်နိုင်မှသာ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အမျိုးသားညီလာခံကို တက်နိုင်မှာဖြစ်တယ်။ ဒါမှမဟုတ်ရင် အချိန်ကုန်ယုံဖြစ်လို့ တက်မှာမဟုတ်ဘူးလို”ပြောလိုက်တယ်။

ဒေါ်အောင်ဆန်းစုကြည်က ၁၉၉၅ ခုနှစ် နိုဝင်ဘာလ (၂၂) ရက်နေ့ သတင်းစာ ရှင်းလင်းပွဲမှာ “ယခုကျင်းပရတဲ့ အမျိုး သားညီလာခံကို ပြည်သူလူထုက မထောက်ခံဘူး။ ပြည်သူတရပ်လုံးက တခဲနက်မဲပေးခဲ့တဲ့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်သူလူထုကို ထိခိုက်အန္တရာယ်ရှိစေမဲ့ အမျိုးသားညီလာခံကို ကျမတို့အနေနဲ့မတက်ရောက်ဘို့ တာဝန်ရှိတယ်။ နဝတက ညီလာခံကို တက်ရောက်ဘို့ ခန့်အပ်တယ်ဆိုတယ်။ ညီလာခံကိုယ်စားလှယ်တွေဟာ သက်ဆိုင်ရာ လူထုလူတန်းစားကို ကိုယ်စားပြုတာမဟုတ်ဘူး နဝတ စစ်အာဏာရှင် အုပ်စိုးမှုကို တရားဝင်အောင်လုပ်တာ ဖြစ်တယ်”လို့ ဝေဖန်ထောက်ပြတယ်။

ဒါကြောင့် နအဖက စစ်အစိုးရကြာကြာအုပ်စိုးနိုင်အောင် အမျိုးသားညီလာခံကို အသုံးချနေခြင်းသာဖြစ်တယ်ဆိုတာ ထင်ရှားနေတယ်။

၁၉၉၃ ခုနှစ်က စတင်ခဲ့တဲ့အမျိုးသားညီလာခံမှာ သီးခြားဖိတ်ကြားခြင်းခံရသူတွေဟာလဲ မဆလပါတီ ခေါင်းဆောင်ဟောင်းတွေဖြစ်တဲ့ ဦးထွန်းရင်စော (ရှမ်း) ဦးဒူးရယ်အာယား တို့ပါဝင်နေတယ်။

၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ မူကြမ်းအချက်ပေါင်း (၁၀၄) ချက်ပါရှိတယ်။ တပ်မတော်လွှတ်တော် (၂) ရပ်လုံးမှာ (၂၅%) အုပ်ချုပ်ရေးအဆင့်ဆင့်တိုင်းမှာ (၂၅%) ပါဝင်ရမည်ဖြစ်သည်။ သမ္မတအဖြစ် ရွေးချယ်ပိုင်ခွင့်ရှိသူဟာ “(၁၀)နှစ် အနည်းဆုံး တပ်မတော်မှာ တာဝန်ထမ်းဆောင်ဘူးသူ ဖြစ်ရမည်။ တပ်မတော်အကြီးအကဲက ရွေးချယ်ပြီး ခန့်အပ်သူတွေသာဖြစ်ရမည်”စသည့်ဖြင့် အနာဂတ်မြန်မာနိုင်ငံမှာ တပ်မတော်က ဦးဆောင်မှုအပိုင်းမှာ နေရာယူပြီးဖြစ်နေတယ်။

ပြည်သူလူထုက ရွေးချယ်တဲ့သူတွေကို ပြည်သူလူထုကမကြိုက်ရင် “ပြန်ခေါ်” နိုင်တယ်။ အရွေးမခံရဘဲ တပ်မတော်အကြီးအကဲက ခန့်အပ်သူတွေကို ဘယ်သူက “ပြန်ခေါ်” နိုင်သလဲ (၂) မျိုးစလုံး ပြည်သူ့လွှတ်တော်မှာပါရမှာလား? မေးစရာတွေအများကြီးပါ။ အထူးသဖြင့် စစ်တိုက်တက်မှ နိုင်ငံတော်သမ္မတဖြစ်ရမည်။ စစ်ရေးအမြင်ရှိရမည်လို့ မူ သတ်မှတ်ချက်ပါရှိခြင်းကြောင့် ကျမတို့ အမျိုးသမီးများမှာ နိုင်ငံတော်သမ္မတရာထူး၊ ဝန်ကြီးချုပ်များရာထူးရဘို့ လုံးဝလမ်းမမြင်ပါ။ အစ္စရေး ဝန်ကြီးချုပ် မစ္စဂိုဒါမေရာ၊ မာဂရက်သက်ချာတို့ဟာ စစ်ဗိုလ်တွေ မဟုတ်ငြားသော်လည်း အာရပ် အစ္စရေးစစ်ပွဲ၊ ဖောက်ဘလန်ကျွန်းစစ်ပွဲတွေမှာ ဦးဆောင်ခဲ့သူတွေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် နအဖနဲ့လမ်းပြမြေပုံ ပထမအဆင့်ကိုတောင် လက်မခံနိုင်တော့မှ တော့ အခြားအဆင့်တွေလည်း ရောက်သွားမှာမဟုတ်ပါဘူး။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့က တွေ့ဆုံဆွေးနွေးပွဲကိုဘဲ တစိုက်မတ်မတ် တောင်းဆိုခဲ့တာပါ။ အခုအချိန်မှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီခေါင်းဆောင်တွေ လွှတ်လပ်ပြီး ရုံးတွေလည်းပြန်ဖွင့် အမျိုးသားညီလာခံမစခင်မှာ ဒေါ်စုနဲ့ နအဖ နှစ်ဦးနှစ်ဘက် ဆွေးနွေးသင့်တယ်။ လူမျိုးစုများအနေနဲ့လည်း ဒေါ်စုနဲ့ နအဖ ဆွေးနွေးပါအုံး။ ညီလာခံကို တက်ရောက်နိုင်တဲ့ အခင်းအကျင်းတွေရပြီးရင် လူမျိုးစုတွေကလည်း သုံးပွင့်ဆိုင်ဆွေးနွေးဘို့ ဒီမိုကရေစီနည်းအရ ပင်လုံစိတ်ဓာတ်နဲ့ ကိုယ်စားလှယ်တွေကို လက်နက်စွန့်စေ့စပ်ဆွေးနွေးဘို့တွေကို ဒီအတောအတွင်း နည်းလမ်းရှာပြီး ဒီမိုကရေစီ ပထမဆိုတဲ့အတိုင်း ကျင့်သုံးကြမှာပါ။

အခြေခံဥပဒေရေးရာ

# အခြေခံဥပဒေရေးရာ သတင်းအတိုအထွာများ

မှတ်တမ်းနှင့် သုတေသနဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

## မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအတွက် အမေရိကန်တွင် ယူနိုကယ်တရားရင်ဆိုင်ရ။

ယူနိုကယ်သည် ၎င်းတို့၏ရာတနာသဘာဝဓါတ်ငွေ့ပိုက်လိုင်းကို ကျေးကျွန်ပြုကဲ့သို့ အပြုခံရပြီးတည်ဆောက်ပေးခဲ့ရသော မြန်မာနိုင်ငံမှရွာသူရွာသားများအပေါ် စစ်အစိုးရက ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မျက်ကွယ်ပြုခဲ့ သည်ဟူသော စွဲချက်ဖြင့် အမေရိကန်နိုင်ငံတွင် တရားမစွဲချက်နှစ်ခုကို ရင်ဆိုင်နေရပါသည်။

အပိုင်းနှစ်ပိုင်းရှိသောတရားစီရင်ရေး၏ ပထမအဆင့်တွင် မြန်မာနိုင်ငံမှ ရွာသူရွာသား ၁၅ ယောက်တို့၏ ရှေ့နေများက လော့အိန်ဂျလ်လိ တရားသူကြီးအား ပိုက်လိုင်းတွင် ရင်းနှီးမြှပ်နှံသောလက်အောက်ခံများထက် ကုမ္ပဏီကိုသာ လျှော်ကြေးပေးရန်အတွက် တရားစွဲဆိုခွင့်ပြုရန် စည်းရုံးသိမ်းသွင်းရမည်ဖြစ်သည်။

အကယ်၍ အထက်တန်းတရားရုံးတရားသူကြီး ဗစ်တိုးရီးယား ကာနေး (Victoria Chaney) က လက်အောက်ခံကုမ္ပဏီများက ယူနိုကယ်၏ နှစ်ကိုယ့်တစ်စိတ်ကဲ့သို့ ပိုက်လိုင်းတည်ဆောက်ရေးစီမံကိန်းတွင် ဆောင်ရွက်ခဲ့သည်ဟု စီရင်ချက်ချပါက တရားသူကြီးအဖွဲ့က တည်ဆောက်ရေးလုပ်စဉ်စောင့်ကြပ်ခဲ့သော စစ်သားများမှ ၎င်းတို့ ကိုယ်တိုင် သို့မဟုတ် ၎င်းတို့၏မိသားစုအဖွဲ့ဝင်များကို ရိုက်နှက်၊ မုဒိမ်းကျင့်၊ ညှင်းပမ်းနှိပ်စက်၊ သတ်ဖြတ်ခဲ့သော ရွာသူရွာသားများ၏ တွက်ဆိုချက်များကို ကြားနာစစ်ဆေးမည်ဖြစ်သည်။

ရွာသူရွာသားများဘက်မှ ကိုယ်စားပြုသော အပြည်ပြည်ဆိုင်ရာအလုပ်သမားအခွင့်အရေးများ ရုံပုံငွေအဖွဲ့ ဒါရိုက်တာ တယ်ရီ ကော်လင်းစဝေ့သ် (Terry Collingsworth) က မြန်မာစစ်အစိုးရရဲ့ လုပ်နည်းလုပ်ဟန်တွေဟာ လူအများသိပြီးသားဖြစ်ပြီး၊

ယူနိုကယ်လည်း သူတို့၏အကျိုးအမြတ်အတွက် ထိုကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို သေသေချာချာ ကျူးလွန်မည်ကိုသိပြီး ထိုစီမံကိန်းကို ပူးတွဲလုပ်ဆောင်ခဲ့သည်ဟုဆိုပါသည်။

ယူနိုကယ်ကုမ္ပဏီ၏ ရှေ့နေ ဒဲန်နီယဲလ် ပက်ထရိုဆဲလီ (Daniel Petrocelli) က ၁၉၉၄ ခုနှစ် သတင်းစာတွေ့ဆုံမေးမြန်းခန်းတခုတွင် တရားလိုတဦးက ရှေ့နောက်မညီ ပြောဆိုခဲ့သည်ကို ဖော်ထုတ်ပြီး စွပ်စွဲချက်များသည် လုပ်ကြံဖန်တီးထားသည့် စွပ်စွဲမှုသက်သက်သာဖြစ်ကြောင်းပြသလိုက်ခြင်းဖြစ်သည်ဟုဆိုကာ အမှု၏ အထောက်အထားခိုင်လုံမှုကို တိုက်ခိုက်ပြောဆိုခဲ့ပါသည်။

တရားလိုရှေ့နေ ဒန် စတောမာ (Dam Stormer) က သူသည် ဥက္ကဋ္ဌဟောင်း ဂျွန် အမ်မလီ (John Imle) အပါအဝင် ယူနိုကယ် ဦးဆောင်အရာရှိများကို မျက်မြင်သက်သေအဖြစ်တင်သွင်းပြီး ပိုက်လိုင်းစီမံကိန်းတွင် ၎င်းတို့နေရာတကာထိန်းချုပ်လုပ်ဆောင်ခဲ့သည့်ရှုထောင့်ကို ထုတ်ဖော်ပြသရန် စီစဉ်ထားသည်ဟုဆိုပါသည်။ သူ၏ သက်သေအထောက်အထားများကို တင်းသွင်းရန် တပတ်အချိန်ယူမည်ဟုလည်း စတောမာကဆိုပါသည်။

တရားသူကြီး ကာနေးသည် ဇန်နဝါရီလလယ်လောက်တွင် ဆုံးဖြတ်ချက်ပေးမည်ဟု မျှော်လင့်ရပါသည်။

ယူနိုကယ်သည် အမေရိကန်ပြည် ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် ကမ္ဘာ့ရေနံကုမ္ပဏီကြီးဖြစ်ပြီး၊ ထိုင်းနိုင်ငံမှ (ပီတီတီ) စူးစမ်းရှာဖွေရေးနှင့် ထုတ်လုပ်ရေး၊ မြန်မာအစိုးရပိုင် မြန်မာရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် ပြင်သစ်ပိုင် တိုတယ် ကုမ္ပဏီတို့နှင့် အစုအစပ်လုပ်ကာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း ကုန်ကျသည့် ၁၉၉၈ ခုနှစ်တွင် အပြီးသတ်ခဲ့သော ပိုက်လိုင်းတည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုမှ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုကို တားမြစ်ခဲ့သော်လည်း၊ ယူနိုကယ်ကုမ္ပဏီသည် နှစ်ကာလများစွာစောပြီး ၎င်း၏ စီးပွားရေးလုပ်ငန်းကို စတင်ခဲ့သဖြင့် ပိတ်ဆို့အရေးယူမှုမှ ကင်းလွတ်သွားခဲ့ပါသည်။

ယူနိုကယ်သည် တခြားပြည်ထောင်စုတရားရုံးနှစ်ခုတွင် လူ့အခွင့်အရေးချိုးဖောက်မှုအတွက် အမေရိကန်တရားရုံးများတွင် တရားစွဲဆိုရန် ခွင့်ပြုထားသည့် နှစ်ပေါင်း ၂၀၀ သက်တမ်းရှိ (Alien Tort Claims Act ) ခေါ် ဥပဒေအရ ထိုရွာသားများကပင် တင်သွင်းသော အမှုကိုလည်း ရင်ဆိုင်နေရပါသည်။ (Reuters)

## မြန်မာအစိုးရက နိုင်ငံတော်ပုန်ကန်မှုဖြင့် မဂ္ဂဇင်းအယ်ဒီတာအပါအဝင် လူ ၉ ဦးအား သေဒဏ်ချမှတ်။

လွန်ခဲ့သော နိုဝင်ဘာလ ၂၈ ရက်၊ သောကြာနေ့တွင် အင်းစိန်ထောင်တွင်းအထူးတရားရုံးက First Eleven အားကစားမဂ္ဂဇင်းအယ်ဒီတာ ဇော်သက်ထွေး (၃၇ နှစ်) နှင့် တခြား လူ ၈ ယောက်တို့အား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် သေဒဏ်စီရင်ချက်ချလိုက်ပါသည်။ ၎င်းတို့အား လွန်ခဲ့သောနှစ်က အာဏာရှင်ဟောင်း ဗိုလ်ချုပ်နေဝင်း၏ ဆွေမျိုးသား

ချင်းများအား တရားစွဲဆိုသော ပုဒ်မ ၁၂၂/၁ ဖြင့် အပြစ်ထင်ရှားကြောင်းဖြင့် အပြစ်ဒဏ်ချမှတ်ခဲ့သည်ဟုသိရပါသည်။ တခြားသေဒဏ်ကျခံရသူရှစ်ဦးမှာ ရှေ့နေတဦးဖြစ်သူ အေးမြင့်၊ ဇော်ဇော်၊ ဇာနိုင်ထွန်း၊ နေဝင်း၊ ရွှေမန်း၊ သန်းထွန်း၊ မျိုးထွေးနှင့် နိုင်မင်းကြည်တို့ဖြစ်ပါသည်။ ဇာနိုင်ထွန်းသည် ၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် မြန်မာလေကြောင်းမှ လေယာဉ်တစင်းကို ပြန်ပေးဆွဲခဲ့သူတဦး၏ တူလေးဖြစ်ပါသည်။ ၎င်းတို့ ၉ ယောက်သည် တခြားဇူလိုင်လတွင်အဖမ်းခံရသော လူပေါင်း ၁၂ ထဲမှ ဖြစ်ပြီး ကျန်လူများ၏ကံကြမ္မာကိုမူ မသိရှိရသေးချေ။ ၎င်းတို့အား မြန်မာစစ်အစိုးရကို ဖုံးဖောက်ခွဲခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းတို့ဖြင့် ဖြုတ်ချရန်လုပ်ဆောင်မှုစွဲချက်များဖြင့် ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ တွင် မြန်မာ စစ်ထောက်လှမ်းရေးများကဖမ်းဆီးခဲ့ပါသည်။

ဇော်သက်ထွေး၏ဇနီးဖြစ်သူ မခိုင်ချိုက အေပီသတင်းဌာနကိုပြောပြရာတွင် သူမအား တရားရုံးသို့သွားရောက်ခွင့်မပေးကြောင်း၊ သူမက အယူခံဝင်မည်ဖြစ်ကြောင်း ဆိုပါသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်သူ ဇော်သက်ထွေးသည် ၁၉၉၀ ခုနှစ်များအစောပိုင်းတွင် လူ့ဘောင်သစ်ဒီမိုကရက်ပါတီအဖွဲ့ဝင်တဦးအဖြစ် လှုပ်ရှားမှုကြောင့် ထောင်ဒဏ် လေးနှစ်ကျခံခဲ့ရပြီး၊ ၎င်းအားစစ်ဆေးမေးမြန်းစဉ် ညှင်းပမ်းနှိပ်စက်ခြင်းခံခဲ့ရသည်ဟု သိရပါသည်။

၎င်းဖမ်းဆီးခံရခြင်းသည် မြန်မာဘောလုံးအဆင့်အတန်းကို မြှင့်တင်ပေးရန် အပြည်ပြည်ဆိုင်ရာမှ အလှူငွေ အမေရိကန်ဒေါ်လာ နှစ်သန်းကို အသုံးပြုခြင်းနှင့် ပတ်သက်၍ ၎င်း၏ First Eleven မဂ္ဂဇင်းက ဇူလိုင်လတွင် မေးခွန်းထုတ်တင်ပြခြင်းက အစဖော်ပေးသည်ဟု ယူဆရကြောင်း နယ်ခြားမဲ့ သတင်းသမားအဖွဲ့နှင့် မြန်မာနိုင်ငံ လွတ်လပ်သောသတင်းအေဂျင်စီတို့ကဆိုပါသည်။

မြန်မာစစ်အစိုးရက ဇော်သက်ထွေးအားဖမ်းဆီးမှုသည် ၎င်း၏ စာနယ်ဇင်းလုပ်ငန်းနှင့် ဆက်နွယ်မှုမရှိကြောင်းဖြင့် ဇူလိုင်လ ၂၄ ရက်နေ့တွင် ထိုအဖွဲ့နှစ်ဖွဲ့၏ စွပ်စွဲပြောဆိုချက်ကို ငြင်းဆိုခဲ့ပါသည်။ (AP December 3, 2003/RSF Asia 3, December, 2003)

## ယူနက်စ်ကိုနှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တို့က မြန်မာနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားများအား လွတ်ပေးစေလို။

ကုလသမဂ္ဂ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ (Unesco) က စက်တင်ဘာလ ၂၃ ရက် (အင်္ဂါနေ့) တွင် နိုင်ငံရေးအကျဉ်းသားနှစ်ဦးဖြစ်သူ လာအိုအစိုးရဝန်ကြီးဟောင်း (Latsami Kaamphoui) နှင့် မြန်မာနိုင်ငံမှ သုတေသနပညာရှင် ခင်ဇော်ဝင်းကို လွှတ်ပေးရန် ပန်ကြားခဲ့ပါသည်။

သွားဘက်ဆိုင်ရာဆရာဝန်လည်းဖြစ်၊ သုတေသနပညာရှင်လည်းဖြစ်သော ခင်ဇော်ဝင်း (အသက် ၅၂ နှစ်) သည် ၁၉၉၄ ခုနှစ်တွင် စင်္ကာပူနိုင်ငံသို့ နိုင်ငံရေးသိပ္ပံကိုပြန်

လည်သင်ယူရန်အသွား ရန်ကုန်လေဆိပ်တွင်အဖမ်းခံရပြီး ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခံခဲ့ရပါသည်။ သူအား ဒေါ်အောင်ဆန်းစုကြည်တည်ထောင်ခဲ့သော အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်ပါတ်သက်သည့် စာရွက်စာတမ်းများ ၎င်းနှင့်အတူ ယူဆောင်ခဲ့သည်ဟု စွပ်စွဲခဲ့ပါသည်။

ဂျာမနီနိုင်ငံ ဟန်းဘာဂ် (**Hamburg**) မှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကလည်း လွန်ခဲ့သောနှစ်က မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာဆန္ဒပြခြင်း၌ ပါဝင်ခဲ့သဖြင့် အကျဉ်းချခံနေရသော ဥပဒေကျောင်းသား သက်နောင်စိုးနှင့် ခင်မောင်ဝင်း တို့ကိုယ်စား ၎င်းတို့အားလွတ်ပေးရန် စည်းရုံးလှုံ့ဆော်မှု လုပ်ဆောင်နေပါသည်။ (The Nation 25/9/03 – 26/11/03)

## အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံမှ ဘဏ်နှစ်ခုအား အရေးယူ။

မြန်မာမေဖလားဝါဘဏ်နှင့် အာရှဓနဘဏ်တို့သည် မူးယစ်ကုန်ကူးသူများနှင့် ဆက်စပ်နေပြီး ငွေလျှော်ဖွတ်သည့် လုပ်ငန်းများကို အဓိကဆောင်ရွက်နေသည်ဟု အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဂျွန်စနိုးက အဆိုပါပုဂ္ဂလိက ဘဏ်နှစ်ခုသည် အမေရိကန်၏ ပုဒ်မ (၃၁၁) ၏ (**Patriot Act**) အရ ခွင့်မပြုသော ငွေမည်းမှ ငွေဖြူဖြစ်အောင် ဆောင်ရွက်နေခြင်းများရှိနေသဖြင့် ယင်းဘဏ်များ၏ ငွေလွှဲပြောင်းမှုများကို ပိတ်ပစ်ရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

စက်တင်ဘာလ ၁၁ ရက် တိုက်ခိုက်ခံရပြီးနောက်ပိုင်း ပြဋ္ဌာန်းခဲ့သော ဥပဒေအရ အရေးယူမှုပြုလုပ်ခံခြင်းအနက်မြန်မာပြည်သည် တတိယမြောက်ဖြစ်ပြီး ၎င်းအရက ယူကရိန်နှင့် ပစိဖိတ်ကျွန်းနိုင်ငံ နိုင်ရူတို့ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု၏ ပုဂ္ဂလိကပိုင်ဘဏ်နှစ်ခုအား ငွေလျှော်ဖွတ်သည့် လုပ်ငန်းအတွင်း ပါဝင်နေသည်ဟု ပြောဆိုမှုသည် မြန်မာပြည်အပေါ် ပထမဦးဆုံးအကြိမ်ဖြစ်ပြီး အောက်တိုဘာလအတွင်းက ဖွဲ့စည်းခဲ့သော ပဲရစ်အခြေစိုက် ဘဏ္ဍာရေးဆိုင်ရာ အထူးတပ်ဖွဲ့ဓ ဖြင့် ပူးတွဲကာ ယင်းတရားမဝင်လုပ်ငန်းကို တိုက်ဖျက်သွားမည်ဟုဆိုသည်။ အမေရိကန်ပြည်ထောင်စု၏ မြန်မာမေဖလားဝါးဘဏ်နှင့် အာရှဓနဘဏ်တို့အပေါ် ငွေမည်းများကို ငွေဖြူလုပ်နေသည့် အဓိကဌာနများဟု သတ်မှတ်ခဲ့ခြင်းအပေါ် မြန်မာစစ်အာဏာပိုင်များဘက်က ချက်ချင်းမတုံ့ပြန်ခဲ့ပေ။ **(November 20, 2003/ Amyinthit, Vol 4, No. (7))**

## စစ်ရာဇဝတ်မှုများအတွက် တေလာအား မည်သည့် နိုက်ဂျီးရီးယားလူမျိုးက အာမခံချက်မပေး

လိုက်ဘေးရီးယား၏ ပြည်ပြေးခေါင်းဆောင်ဟောင်း ချားလ်(စ်) တေလာ (**Charles Taylor**) သည် တနေ့တွင် စစ်ရာဇဝတ်မှုဖြင့် ၎င်း၏ နေရပ်ရင်း နိုင်ငံတွင်

တရားစွဲဆိုခြင်းကို ရင်ဆိုင်ရနိုင်သည်ဟု သူနိုင်ငံရေးခိုလှုံခွင့်ရထားသည့် နိုက်ဂျီးရီးယားနိုင်ငံ သမတ (Olusegun Obasanjo) က ဆိုပါသည်။

လိုက်ဘေးရီးယားရှိ UN အရာရှိများက ဆိုးဝါးသောစိတ်ဝေဒနာခံစားနေရ၍ တခြားသူများအပေါ် အကြမ်းဖက်မှုပြုလုပ်ခြင်းသူ (psychopath) ဟု တံဆိပ်ကပ်ခြင်းခံရသော တေလာသည် ၎င်းနိုင်ငံတွင်း ၁၄နှစ်ကြာ အကြမ်းဖက်မှုသံသရာနှင့် အိမ်နီးချင်းနိုင်ငံ ဆီရီးယား လီယွန်းတွင် လူတသန်း၏ လေးပုံတပုံ သတ်ဖြတ်ခံရခြင်းအတွက် အကြီးအကျယ်ပြစ်တင်ခံခဲ့ ရပါသည်။

နိုင်ဂျီးရီးယားသည် တေလာအား လိုက်ဘေးရီးယားတွင် လူများစွာအားသတ် ဖြတ်မှုအဆုံးသတ်စေရန် နည်းလမ်းတရပ်အနေဖြင့် နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့သော်လည်း သူ့အား တရားစွဲဆိုရန် တရားဝင်အမည်စာရင်းတင်သွင်းရန် သို့မဟုတ် ကုလသမဂ္ဂကျောထောက် နောက်ခံပြုသည့် ဆီရီယာလီယွန်းရှိ စစ်ရာဇဝတ်တရားရုံးသို့ လွှဲပေးရန်စသည့် ဖိအားများတိုး ၍ခံနေရပါသည်။ လူ့အခွင့်အရေးလှုပ်ရှားသူများက အပြည်ပြည်ဆိုင်ရာ တရားဝင် သဘောတူ ညီချက်များကို ကိုအသုံးပြု၍ အင်အားသုံးကာ သူအားတရားခံလွှဲပြောင်းပေးရန် ခြိမ်းခြောက် ထားခဲ့ပါသည်။

(Olusegun Obasanjo) က သူသည် တေလာကို တရားစွဲဆိုမည်မဟုတ် ကြောင်း၊ ဆီရီယားလီယွန်းတရားရုံးသို့လွှဲပြောင်းပေးမည်ဟု အရိပ်အမြွက်ပြောကြားခဲ့ပါသည်။ သို့သော် လိုက်ဘေးရီးယားလူမျိုးများက တေလာအား နောက်တချိန်တွင် တရားစွဲကောင်း စွဲဆိုလိမ့်မည်ဟု ဆိုပါသည်။

တေလာသည် အရပ်သားများ၏ ခြေ၊ လက်များကို ဖြတ်တောက်ပစ်ခြင်းဖြင့် နာမည် ဆိုးနှင့် ကျော်ကြားသည့် သူပုန်များထိန်းချုပ်ရာဒေသများမှ စိန်များကိုရယူကာ အပြန်အလှန် အနေဖြင့် လက်နက်ခဲယမ်းများထောက်ပံ့ပေးခြင်းဖြင့် ဆီရီယာလီယွန်း၏ ရက်စက်ကြမ်းကြုတ် သည့် ဆယ်စုနှစ်ကြာ ပြည်တွင်းစစ်ကို ပိုမိုရှည်ကြာအောင်၊ ပိုမိုဆိုးရွားအောင်ပြုလုပ်ခြင်းဖြင့် စွပ်စွဲခံနေရပါသည်။

ပြည်ပသို့ ဩဂုတ်လတွင် ၎င်းထွက်ပြေးသွားခြင်းက သူပုန်များ လိုက်ဘေးရီးယားမြို့ တော် မွန်ရိုဗီးယား (Monrovia) ၏ အစိတ်အပိုင်းများကို အင်အား ၁၅၀၀၀ရှိသည့် အင် အားတောင့်တင်းသည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်များနှင့် အစားထိုးရန်စီစဉ်ထားသည့် ထောင်ချီသော အနောက်အာဖရိကမှ ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့များထံ လွှဲပြောင်းပေး စေရန် လမ်းခင်းပေးခဲ့ပါသည်။ (The Nation 30/11/03)

## သမတဟောင်း တေလာ စစ်ရာဇဝတ်မှုစွဲချက်

ဆီရီယာလီယွန်းရှိ စစ်ရာဇဝတ်မှုအထူးတရားရုံးမှ တရားခံရှေ့နေများက သူတို့၏ လိုက်ဘေးရီးယားသမတဟောင်း ချားတေလာအား စွဲချက်တင်ခြင်းကို ဥပဒေကြောင်းဖြင့် ကန့်ကွက်ခြင်းကို အဆုံးသတ်လိုက်ပါသည်။

တရားခံရှေ့နေဖြစ်သူ (Teerence Terry) က တေလာအား တရားစွဲဆိုသည့်စာ ထုတ်ပြန်ချိန်တွင် တေလာသည် သမတဖြစ်နေသဖြင့် တရားရုံးအနေဖြင့် သူ့အား တရားစီရင် ပိုင်ခွင့်လိုအပ်နေကြောင်း ထိုပြင် ထိုတရားရုံးသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး အဖြစ် မသတ်မှတ်ထားကြောင်း အငြင်းအခုံပြုခဲ့ပါသည်။

ကုလသမဂ္ဂကျောထောက်နောက်ခံ တရားရုံးတွင် ဆီရီးယာလီယွန်း ပြင်ပရှိမည်သူ့ ကိုမျှ စွဲချက်တင်ပိုင်ခွင့်မရှိကြောင်း၊ တေလာအား ဖမ်းဆီးရန်ဝရမ်းကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုကြောင်းနှင့် လျှောက်လွှာအသစ်တစ်ခုဖွင့်ရန် အတွက် သူက ဖြည့်စွက်ပြောကြား ခဲ့သည်။

တရားလိုရှေ့နေ ခရစ်စတိုဖာ စတစ်ကာ (Christopher Sticker) ကထိုအချက် များနှင့်ဆန့်ကျင်ပြီး တရားရုံးသည် ချားတေလာအား လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှု (crimes against humanity) ဖြင့် ရုံးတင်စစ်ဆေးပိုင်ခွင့်ရှိသည့် အပြည်ပြည် ဆိုင်ရာ တရားရုံးဖြစ်သည်ဟု ဆိုပါသည်။

တကယ်တမ်းပြုလုပ်ရမည့်အချိန်ထက်စော၍ ပြုလုပ်သည်ဟုဆို၍ စွဲချက်အားပယ် ဖျက်ပေးရန် အယူခံမှာ မည်သို့မည်ပုံရှိသည်ဆိုသည်ကို ရှင်းပြပြီး စတစ်ကာ က အဖွဲ့ဝင်လေးဦး ပါသော အယူခံတရားသူကြီးအဖွဲ့အား တေလာသည် တရားရုံးသို့တခါမှ မလာရောက်သဖြင့် သတ်မှတ်ထားသည့်အဆင့်အတန်းမမှီကြောင်း၊ အကယ်၍ သူအနေနှင့် ကန့်ကွက်လိုပါက တရားရုံးတော်သို့ အရင်လာရောက်ရမည်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။ လာမည့်ရက်များ အတွင်း တရားရုံးထူထောင်ခြင်းကို ဝန်ကြီးဟောင်း ဟင်ဂါ နော်မန် (Hinga Norman) နှင့် စစ်အစိုးရခေါင်းဆောင်ဟောင်းနှစ်ဦးအပါအဝင် တခြားစွဲချက်တင်ခံရသည့်သူများ ဆန့် ကျင်ခြင်းကို ကာကွယ်ဖြေရှင်းမည့် အမှု သုံးခုကို တရားရုံးက ကြားနာမည်ဖြစ်သည်။

ဆီရီယာလီယွန်းတရားရုံးသည် လူပေါင်း ၁၃ ယောက်ကို စစ်ရာဇဝတ်မှုများဖြင့် စွဲချက်တင်ထားခဲ့ပြီး၊ လူ ၉ ယောက်ကို လောလောဆယ် ထိမ်းသိမ်းထားပြီးဖြစ်သည်။ တရားရုံး အရာရှိများက အဓိကလူထုတရားစီရင်ရေးကို လာမည့်နှစ်တွင်စတင်နိုင်မည်ဟု မျှော်လင့် ကြောင်း ဆိုပါသည်။ (The Nation 2/11/03)

## ခမာနီခေါင်းဟောင်ဟောင်းများ တရားစီရင်ရေးပိုမိုနီးကပ်လာ။

ကုလသမဂ္ဂနှင့် ကမ္ဘောဒီးယားအစိုးရတို့က ခမာနီခေါင်းဆောင်ဟောင်းများအား တရားစီရင်ရန်အတွက် မူ၊ ဘောင်များချမှတ်ပြီးပြီဖြစ်ကြောင်း၊ အစောဆုံး နောင်နှစ် ဧပြီလတွင် စတင်နိုင်လိမ်မည်ဟုဆိုပါသည်။

ကုသမဂ္ဂ၏ ခမာနီခုံရုံးထူထောင်ရေးအတွက် အကူအညီပေးရေး ညှိနှိုင်းဆောင်ရွက် ရေးမှူး ကာစတန် ဟာရဲလ် (Karsten Herrel) က ကမ္ဘောဒီးယားအစိုးရနှင့် ဝန်ထမ်းများ ခန့်အပ်ခြင်းကိစ္စများ၊ အချိန်ကာလသတ်မှတ်ခြင်းများ လုပ်ဆောင်ပြီးပြီဟုဆိုပါသည်၊

ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အန ဗွင် ဝထနာ (Ang Von Watta-

na) က ကမ္ဘောဒီးယားနှင့် ကုလသမဂ္ဂ အကဲဖြတ်အဖွဲ့များ ဤအရေးကိစ္စနှင့်ပါတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြသည်ဟုဆိုပါသည်။ သို့သော်လည်း တချို့အရေးကြီးသည့်ကိစ္စရပ်များချန်လုပ်ခဲ့ပြီး၊ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂ အထွေအထွေညီလာခံတွင် တင်သွင်းမည့် စာရွက်စာတမ်းများကို အပြီးသတ်ရန် ဆက်လက်ပြီး လက်တွဲလုပ်ကိုင်သွားရန် ၎င်းတို့သဘောတူညီခဲ့ကြသည်ဟု ၎င်းကဆိုပါသည်။

ဝထနာက ညီလာခံကအတည်ပြုပြီးပါက နှစ်လအတွင်း ခုံရုံးကိုစတင်မည်ဖြစ်ပြီး သက်တမ်းသုံးနှစ်ခန့်အထိကြာမည်ဟုဆိုပါသည်။

အသက်ရှင်ကျန်ရစ်နေသေးသည့် ခမာနီခေါင်းဆောင်များအား ၎င်းတို့၏ ၁၉၇၀ ခုနှစ်များအတွင်း သတ်ဖြတ်အုပ်ချုပ်မှုအောက်တွင် လူပေါင်း နှစ်သန်းခန့် သေဆုံးခဲ့ရခြင်းအတွက် အပြစ်ရှိကြောင်းဖြင့် တရားစွဲဆိုရန်အတွက် အပြည်ပြည်ဆိုင်ရာခုံရုံးတခုထူထောင်ရန် ကုလသမဂ္ဂနှင့် ကမ္ဘောဒီးယားတို့ ဇါန်လတွင်သဘောတူညီခဲ့ကြပါသည်။

သို့သော်လည်း တရားစီရင်ရေးနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးသည် ကမ္ဘောဒီယား ပါလီမန်ကအတည်ပြုရန်လိုအပ်နေသေးပါသည်။

အသက်ရှင်ကျန်ရစ်နေသေးသည့် ခမာနီခေါင်းဆောင်များစွာတို့သည် အသက်ကြီးရင့်လာပြီး၊ အားအင်ချည့်နဲ့လာသည်နှင့်အမျှ ကုသမဂ္ဂကလည်း ခုံရုံးထူထောင်ရေးအတွက် အချိန်တွေကုန်လွန်နေသည်ကို သိနေကာ လုပ်ဆောင်ရမည့်အရာများကို ကြိုတင်ပြင်ဆင်ခြင်းဖြင့် လုပ်ငန်းကို လျင်မြန်စွာလုပ်နိုင်ရန် အရေးကြီးသည်ဟု ဟာရဲလ် ကဆိုပါသည်။ သူက ဖေဖော်ဝါရီလအစောပိုင်းတွင် အမေရိကန်ဒေါ်လာ သန်း ၂၀ နှင့် ၅၅ သန်းကြား (ဘတ်သန်း၈၀၀ နှင့် ၂ ဒသမ ၂ သန်းကြား) ကုန်ကျမည်ဟု မျှော်လင့်ထားသည့် ခုံရုံးလည်ပတ်ရန်အတွက် ကုလသမဂ္ဂက အလှူရှင်နိုင်ငံများကို ပန်ကြားမှုအသစ်ပြုလုပ်မည်ဟုလည်း ဆိုပါသည်။

ပညာရှင်များမှ ၁၉၇၅ ခုနှစ် ဧပြီလ ၁၇ ရက်နှင့် ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၇ ရက် အကြား ပိုပေါ့ ၏ မော်ဝါဒီတို့ အုပ်ချုပ်မှု အောက်တွင် ကျူးလွန်ခဲ့သော လူမျိုးဖြုတ်သတ်ဖြတ်မှု **(genocide)** နှင့် လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သောရာဇဝတ်မှု **(crimes against humanity)** ဖြင့် စွပ်စွဲထားသော အနည်းဆုံး အသက်ရှင်ကျန်ရစ်လျက်ရှိသည့် ခမာနီခေါင်းဆောင် ၆ ဦးကို တရားစီရင်ရန် တရားရုံးသို့လာရောက်ရန် အမိန့်ထုတ်ပြန်ထားပြီး ဖြစ်သည်။

ပိုပေါ့ သစ္စာခံနှစ်ဦးဖြစ်သော စစ်ဘက်ဆိုင်ရာအကြီးအကဲဟောင်း တာမော့ **(Ta Mok)**နှင့် ဒက်ချ် **(Duch)** ဟုလည်းခေါ်သည့် ခန်ခဲ့အီယု **(Kang Kek Ieu)** တို့သည် ဖနွမ်းပင်အချုပ်ထဲတွင် တရားစီရင်ခြင်းကို ရင်ဆိုင်ရန် စောင့်ဆိုင်းနေပါသည်။

ဖနွမ်ပင်မြို့တွင် လွတ်လပ်စွာနေထိုင်လျက်ရှိသော ခမာနီနိုင်ငံခြားရေးဝန်ကြီး အိန်စရီ **(Ieng Sary)** နှင့် ဇနီး အိန် သီရစ်သ် **(Ieng Thirith)** အပါအဝင် တခြားလူများလည်း တရားရင်ဆိုင်နိုင်ရဖွယ်ရှိပါသည်။ **(The Nation 14/12/03) (AFP)**

## ခမာနီခေါင်းဆောင်ဟောင်းတဦး ဥပဒေရေးရာအကူအညီရရန်ကြိုးပမ်း။

အသက်ရှင်ကျန်ရစ်နေသော လူမျိုးဖြုတ်သတ်ဖြတ်ခဲ့သည့် ခမာနီအစိုးရခေါင်းဆောင်များထဲမှ တဦးအနေနှင့် တရားစီရင်ခံရခြင်းမတိုင်မီ ခမာနီသမတဟောင်း ခယူ ဆန်ဖန်း **(Khieu Samphan)** (၇၂ နှစ်) သည် ဥပဒေအကူအညီကို ကမ္ဘောဒီးယားအခွင့်အရေးများအတွက် လှုပ်ရှားသူအုပ်စုတခုထံမှရယူရန် ကြိုးပမ်းခဲ့ကြောင်း ထိုအုပ်စုမှ အရာရှိတဦးက မနေ့ကပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားလူမျိုး ကာကွယ်သူများ စီမံကိန်း **(Cambodian Defenders Project)** ၏ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ဆုက် ဆန် အွန်း **(Sok Sam Ouen)** က ဆန်ဖန်းသည် လွန်ခဲ့သော သုံးလခန့်တုန်းက ဥပဒေအကူအညီပေးရေးအဖွဲ့၏ ဖနွမ်ပင်ရုံးခန်းသို့လာရောက်ခဲ့သည်ဟုဆိုပါသည်။ ဆန်ဖန်းက ၎င်းအား သူ့တွင် ရှေ့နေတဦးရရှိရန် အခွင့်အရေးရှိမရှိနှင့် ထိုအဖွဲ့အစည်းက သူ့အား အကူအညီပေး နိုင် မနိုင် သိလိုကြောင်း မေးမြန်းခဲ့သည်ဟုဆိုပါသည်။

ဆုက် ဆန် အွန်းက အဘယ်ကြောင့် ဆန်ဖန်းအကူအညီတောင်းခံရသည်ကို မပြောကြားခဲ့သော်လည်း၊ ထိုတောင်းဆိုချက်သည် အသက်အရွယ်ရလာသည့် ကေဒါတဦးက မကြာခင်၎င်းတို့တရားစီရင်ခြင်းခံရမည်ကို သိနားလည်လာပုံရသည့် သင်္ကေတဖြစ်ပါသည်။ ထိုခမာနီအစိုးရလက်တွင် အဖေ၏အသက်ဆုံးရှုံးသွားခဲ့ရသော ဆုတ် ဆန် အွန်းက ခုံရုံးမထူထောင်ရသေးသဖြင့် လည်းကောင်း ပေါ်ထွန်းလာမည့် ခုံရုံးသည်မည်သို့မည်ပုံရှိမည်ကို မသိရသေးသဖြင့်လည်းကောင်း အဖွဲ့အစည်းအနေနှင့် ဆန်ဖန်းကို အကူအညီပေးရန် မဆုံးဖြတ်ရသေးကြောင်းဆိုပါသည်။

လွန်ခဲ့သော ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ တွင် ခယူး ဆန်ဖန်းနှင့် နူအွန် ချီယာ **(Nuon Chea)** တို့သည် အကယ်၍ ၎င်းတို့ကို တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုပါက အမှန်တရားနှင့်ပြန်လည်စည်းလုံးညီညွတ်ရေးကော်မရှင်ထံတွင် တွက်ဆိုချက်ပေးမည်ဟုပြောခဲ့ပါသည်။

သူ၏ ရှားရှားပါးပါး အင်တာဗျူးတခုတွင် ဆန်ဖန်းက တရားစီရင်စစ်ဆေးတဲ့အခါ လူတွေနားလည်ယုံကြည်နိုင်လိမ့်မည်မဟုတ်ကြောင်း၊ သူတို့အနေဖြင့် တရားခံရှေ့နေတဦးကို မငှားနိုင်သဖြင့် တရားမျှတသည့် တရားစီရင်ခြင်းကို ၎င်းတို့ရရှိမည်မဟုတ်ကြောင်း ဆိုပါသည်။ **(The Nation 19/12/03)**

## လူမျိုးဖြုတ်သတ်ဖြတ်မှုဖြစ်ကြောင်း ခမာနီခေါင်းဆောင်တဦး ပထမဦးဆုံးအကြိမ်ဝန်ခံ။

ခမာနီအစိုးရလက်ထက် နိုင်ငံအကြီးအကဲဟောင်း ခယူ ဆမ်ဖန်း **(Khieu Samphan)** က ၁၉၇၀ခုနှစ်များ၌ ၎င်းတို့၏အုပ်ချုပ်မှုအောက်တွင် လူမျိုးဖြုတ်သတ်ဖြတ်မှု

ဖြစ်ပွားခဲ့ကြောင်း မနေ့ကဝန်ခံလိုက်သော်လည်း ထိုကာလအတွင်း လူနှစ်သန်းထိ သေဆုံးခဲ့မှုအတွက်ကိုမူ သူ့တာဝန်မဟုတ်ကြောင်း ငြင်းဆိုခဲ့ပါသည်။

ထိုဝန်ခံချက်သည် ခမာနီထိပ်တန်းခေါင်းဆောင်တဦး၏ ပထမဦးဆုံးအကြိမ်မြောက်ဝန်ခံခြင်းဖြစ်သည်။ ခမာနီခေါင်းဆောင်များအဘယ့်ကြောင့် လူထုကို ဤကဲ့သို့သတ်ဖြတ်ရသလဲဆိုသည် သူယခုထိတိုင် စဉ်းစားအဖြေရှာနေဆဲဖြစ်သည်ဟုလဲဆိုပါသည်။ သို့သော်ထိုသွေးထွက်သံယိုမှုအတွက် တာဝန်ရှိသူများထဲမှာ သူမပါဝင်ကြောင်း အတင်းအကြပ်ဆိုပါသည်။ သူ့အနေနှင့် တခြားထိပ်ပိုင်းခမာနီခေါင်းဆောင်တစ်ဦးတစ်ယောက်နှင့်မျှကမ္ဘောဒီးယားပြည်သူများကို သတ်ဖြတ်၍ လျှို့ဝှက်စီစဉ်မှုလုံးဝမပြုခဲ့ကြောင်း၊ ထိုအစိုးရထဲတွင်သူသည် ခေါင်းဆောင်အမည်ခံမျှသာဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ (The Nation 31/12/03)

## ဖူဂျီမိုရီအတွက် ဖမ်းဝရမ်းအသစ်

ပီရူးတရားသူကြီးတဦးက သူသည် သမတဟောင်း အဲလ်ဘာတို ဖူဂျီမိုရီကို ဖမ်းဆီးရန် အပြည်ပြည်ဆိုင်ရာ ဝရမ်းအသစ်တခုကို ဗုဒ္ဓဟူးနေ့က ထုတ်ပြန်လိုက်ကြောင်း ပြောကြားခဲ့ပါသည်။ ယခုဝရမ်းသည် ဖူဂျီမိုရီ၏ အုပ်ချုပ်ရေးအဆုံးသတ်စေခဲ့သည့် အလွဲသုံးစားပြုမှုအတွက်သက်သေအထောက်အထားရှိကြောင်း အခိုင်အမာထုတ်ဖော်ပြောဆိုခဲ့သည့် စာနယ်ဇင်းသမားတဦးကို ညှင်းပမ်းနှိပ်စက်သည့်စွဲချက်နှင့်ဖြစ်သည်။ လွန်ခဲ့သော မတ်လတွင် အပြည်ပြည်ဆိုင်ရာကမ္ဘာ့ပုလိပ်အဖွဲ့က ၁၉၉၁ ခုနှစ်တွင် လူပေါင်း ၁၅ ဦးသေဆုံးခဲ့ရမှုအတွက် လက်ရှိဂျပန်နိုင်ငံတွင်နေထိုင်လျက်ရှိသော ဖူဂျီမိုရီအား ဖမ်းဝရမ်းကို ကမ္ဘာသိ ထုတ်ပြန်ခဲ့ပါသည်။ ပီရူးနိုင်ငံက ဂျပန်နိုင်ငံသို့ ဖူဂျီမိုရီအား လူသတ်မှု၊ ပြန်ပေးဆွဲမှု အပါအဝင်ရာဇဝတ်မှုစွဲချက်များဖြင့် ရင်ဆိုင်ရန် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုပြီးဖြစ်သည်။ (The Nation 12/12/03)

## အာဏာရှင်ဟောင်းက သူ့အားတောင်းပန်ရန်ဆို။

အမေရိကားတွင် ထုတ်လွှင့်ရန်စီစဉ်ထားသော တွေ့ဆုံမေးမြန်းခန်းတခုတွင် ချီလီနိုင်ငံ၏ ရက်စက်ကြမ်းကြုတ်သော အာဏာရှင်ဟောင်း၊ ထိန်းသိမ်းရခက်ပြီး ဥပဒေစည်းမျဉ်းကို မလိုက်နာသော ဩဂတ်စတို ပီနိုချေးက အပြစ်မဲ့သားကောင်ဖြစ်ခဲ့ရသူများထံ သူ့အားခွင့်လွှတ်ပါရန် မပန်ကြားပဲ၊ မည်သည့်သတ်ဖြတ်မှုကိုမှ သူအမိန့်ပေးခဲ့ခြင်းမရှိကြောင်း ငြင်းဆိုပြီး သူအားတောင်းပန်ရန်သာလိုလားကြောင်းပြောကြားထားခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် သွေးထွက်သံယိုမှုနှင့် စစ်တပ်နှင့်အာဏာသိမ်းပြီး ချီလီနိုင်ငံကို ၁၉၉၀ ခုနှစ်အထိ တင်းတင်းကြပ်ကြပ်အုပ်ချုပ်ခဲ့သူ ပီနိုချေးသည် မနေ့ကကျရောက်သော သူ၏ ၈၈ နှစ်မြောက်မွေးနေ့တွင် ခါတိုင်းလိုပင် သူလုပ်ဆောင်ခဲ့သောအရာများအတွက် အရှက်မရှိသည့်

ပုံစံဖြင့်ဆက်လက်တွေ့ရကြောင်း အဲလ် မာကျူရီယို (El Mercurio) သတင်းစာက ၎င်းတို့၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြခဲ့ပါသည်။

ပီနိုချေးသည် သူ့အစိုးရလက်ထက်တွင် ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှု ပေါင်း ၂၀၀ ကျော်ဖြင့် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခြင်းခံခဲ့ရသော်လည်း ချီလီတရားရုံးများက သူသည် ဦးနှောက်ထိခိုက်မှုသို့မဟုတ် ရောဂါကြောင့် စိတ်ပိုင်းဆိုင်ရာ ပုံမှန်မရှိသည့် ရောဂါခံစားနေရသဖြင့် တရားစီရင်ခြင်းကို ရင်ဆိုင်နိုင်သည့်စွမ်းရည်မရှိဟု ရှာဖွေတွေ့ရှိသဖြင့် တရားစီရင်မှုခံရခြင်းမှ လွတ်မြောက်သွားခဲ့သည်။ (The Nation 26/11/03)

## ကွန်ဂိုပါလီမန်က အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး ထူထောင်ရေးသဘောတူညီချက်စာချုပ်ကို အတည်ပြု။

အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး ထူထောင်ရေးသဘောတူညီချက်စာချုပ် (ICC Statute) ကို အတည်ပြုရန် ဥပဒေကြမ်းတခုကို ကွန်ဂိုပါလီမန်က နိုဝင်ဘာလ ၂၄ ရက်နေ့က မဲခွဲ၍ လက်ခံအတည်ပြုလိုက်ပါသည်။ ဤအချက်သည် ကွန်ဂိုနိုင်ငံမှ အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံးကို လက်ခံလိုက်သည့်လုပ်ဆောင်မှုဖြစ်ပါသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး၏ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရေး စာပိုဒ်များ ၎င်းတို့၏ ဥပဒေပြုရေးတွင် ပေါင်းစပ်ထည့်သွင်းရန် မဲပေးလက်ခံလိမ့်မည်ဖြစ်သည်။ (Panafrican News Agency (PANA) 26/10/2003)

## အမေရိကန် တရားရုံးချုပ်က အင်တာနက်မှ လိင်စိတ်လှုံ့ဆော်သည့်ညစ်ညမ်းပုံများအပေါ် စီရင်ချက်ချရန်ရှိ။

အမေရိကန် တရားရုံးချုပ်က အရွယ်မရောက်သေးသူများအား အင်တာနက် လိင်စိတ်လှုံ့ဆော်သည့်ညစ်ညမ်းပုံများ ကာကွယ်ရန်ရည်ရွယ်သည့် ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခြင်းဟုတ် မဟုတ် အောက်တိုဘာလ ၁၅ ရက် (အင်္ဂါနေ့)တွင် ဆုံးဖြတ်ချက်လိမ့်မည်ဟုဆိုပါသည်။ ကွန်က ရက်မှ အရွယ်မရောက်သေးသူများအား အင်တာနက်ပေါ်တွင် လိင်စိတ်လှုံ့ဆော်သည့် ညစ်ညမ်းပုံများမှ ကင်းဝေးစေရန် အင်တာနက်ကွန်ယက်အားထိန်းချုပ်ရန် ကြိုးပမ်းဆောင်ရွက်မှုပြုလုပ်ခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဆန့်ကျင်အံတုသည့်အမှုတခုတွင် အထက်ရုံးက တရားရေးဌာနမှ ထိုဥပဒေအားဆန့်ကျင်ကန့်ကွက်ပြီးတင်သွင်းသော အယူခံကို ကြားနာရန်လက်ခံခဲ့ပါသည်။

ကလေးသူငယ်များ အင်တာနက်ဆက်သွယ်မှုမှ ကာကွယ်သည့် ဥပဒေ (The Child Protection Act) တွင် အင်တာနက်စာမျက်နှာကို လုပ်ကိုင်လည်ပတ်နေသည့် သူများက ကလေးသူငယ်များအတွက် အန္တရာယ်ရှိသည်ဟုယူဆရသောအရာများကို

၎င်းတို့မမြင်စေရန် ထိုစာမျက်နှာများကိုကြည့်ရှုခွင့်မပြုမှီ ထိုစာမျက်နှာများကိုကြည့်ရှုသူများကို အကြွေးကဒ် (credit cards) ကိုအသုံးပြုစေ၍လည်းကောင်း၊ အရွယ်ရောက်ပြီးသူများသာ လက်ခံသည့်စနစ်ကိုပြုလုပ်ထားရန် လိုအပ်မည်ဖြစ်သည်။ အကယ်၍ ထိုဥပဒေကို ချိုးဖောက်ပါက ချိုးဖောက်သူသည် ထောင်ဒဏ် ခြောက်လအထိနှင့် ငွေဒဏ်ကျခံရမည်ဖြစ်သည်။ ၁၉၉၈ ခုနှစ် ဥပဒေသည် လုံးဝအသက်မဝင်ခဲ့ပေ။ အင်တာနက်မဂ္ဂဇင်းထုတ်လုပ်သူများ၊ စာအုပ်ရောင်းသူများနှင့် တခြားသူများပါဝင်သည့် (American Civil Liberties Union) အဖွဲ့က ထိုဥပဒေသည် ပထမအကြိမ်ပြင်ဆင်ချက်၏ကဏ္ဍကို ဆန့်ကျင်ဘက်ပြုသည်ဟုဆိုပြီး၊ တရားရုံးက အစိုးရအား ထိုဥပဒေတရားဝင်အသက်သွင်းခြင်းကို ပိတ်ပင်ခဲ့သည်။ ဤသည်မှာ ထိုဥပဒေနှင့်ပတ်သက်၍ အမေရိကန် တရားရုံးချုပ်မှ ဒုတိယအကြိမ်မြောက် သုံးသပ်ဆုံးဖြတ်ရခြင်းဖြစ်လိမ့်မည်ဖြစ်သည်။

သက္ကရာဇ် ၂၀၀၂ ခုနှစ်တွင် တရားသူကြီးများက ထိုအမှုကို ဖီလာဒဲလ်ဖီးယား (Philadelphia) ရှိ အမေရိကန် အယူခံတရားရုံးတစ်ခုသို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိစ္စများအား ဥပဒေ၏ အရေးကြီးဆုံးအစိတ်အပိုင်းဖြစ်သည်ဟု ဆုံးဖြတ်ခြင်းမရှိဘဲ ပြန်လည်လွှဲပြောင်းပို့ဆောင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် တရားရုံးချုပ်က ဆက်သွယ်ရေးဆိုင်ရာကျင့်ဝတ် ဥပဒေ (Communications Decency Act) ကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကဏ္ဍဖြင့် ဆုံးပါးစေခဲ့ပြီးနောက် ယခုအခါ ကွန်ကရက်က အရွယ်မရောက်သေးသူများ အင်တာနက် လိင်စိတ်လှုံ့ဆော်သည့်ညစ်ညမ်းပုံများရယူကြည့်ရှုခြင်းကို ရည်ရွယ်သည် နောက်ထပ် ဥပဒေတရပ်ကို ရေးဆွဲပြဋ္ဌာန်းလာခြင်းဖြစ်ပါသည်။ ( Reuters) (Asian Age October 15, 2003)

## ယူကရိန်းသမတ သုံးကြိမ်မြောက်ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့်ရ။

သက္ကရာဇ် ၂၀၀၄ ခုနှစ်တွင်ကျင်းပရန်စီစဉ်ထားသော ရွေးကောက်ပွဲတွင် တတိယသက်တမ်းအတွက် သမတ လီယိုနဒ် ကက်ချ်မာ (Leonid Kuchma) သည် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံနိုင်သည်ဟု ယူကရိန်းနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တရားရုံးက ဒီဇင်ဘာလ ၃၀ ရက်နေ့က စီရင်ချက်ချလိုက်ပါသည်။

၁၉၉၆ ခုနှစ် ဇွန်လတွင် မဲပေးအတည်ပြုခဲ့သော ယူကရိန်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သမတများ နှစ်ကြိမ်ဆက်တိုက် ဖြစ်ခွင့်ကို ကန့်သတ်တားမြစ်ထားပါသည်။

သို့သော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေစတင်အသက်ဝင်ပြီးမှ အရွေးခံရသူများနှင့်သာ သက်ဆိုင်စေရမည်ဟု ပြဋ္ဌာန်းချက်က ဆိုကြောင်း တရားရုံး၏ စီရင်ချက်ကို တရားသူကြီး ဗိုလိုဒီမာ ဗွန်ယွက် (Volodimyr Voznyuk) က သတင်းထောက်များကို ပြောကြားသွားခဲ့ပါသည်။ (The Nation 31/12/03) (Agence France-Presse)

## အာဖဂန်နစ္စတန် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူကြမ်း ထုတ်ပြန်။

ကာလရှည်ကြာစွာစောင့်မျှော်နေရသော အာဖဂန်နစ္စတန်၏ တာလီဘန်အုပ်ချုပ်မှု အပြီး ပထမဦးဆုံးဖွဲ့စည်းအုပ်ချုပ်ပုံအား နောက်လတွင်ကျင်းပမည့် လိုရာ ဂျီဂါ (Loya Jirga) ခေါ် ညီလာခံကြီးနှင့် နှောင်နှစ်ရွေးကောက်ပွဲမတိုင်မီ သမတ ဟာမဒ် ကာဇီ (Hamid Karzai) ထံ နိုဝင်ဘာလ ၃ ရက်နေ့ကတင်သွင်းခဲ့ပါသည်။

အခန်း ၁၂ ခန်း၊ ပုဒ်မပေါင်း ၁၆၀ ပါရှိသည့် ထိုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အာဖဂန်နစ္စတန်သည် အစ္စလာမ်နိုင်ငံဖြစ်ပြီး၊ တိုက်ရိုက်ရွေးကောက်တင်မြှောက်မည့် သမတနှင့် လွှတ်တော်နှစ်ရပ်ရှိပါရှိကြောင်းဖော်ပြထားပါသည်။

ထိုအခြေခံဥပဒေမူကြမ်းသည် အာဖဂန်နစ္စတန်၏ ၁၉၆၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုအခြေခံထားပြီး မဲခွဲအတည်ပြုရန် လာမည့်လ မြို့တော်ကာဘူးတွင် ကျင်းပမည့် အဖွဲ့ဝင် ၅၀၀ ပါသည့် ညီလာခံကြီးကို ကျင်းပပြီး မူကြမ်းအပေါ် ဆွေးနွေးငြင်းခုံပြီး အတည်ပြုရန် စောင့်ဆိုင်းနေရမည်ဖြစ်သည်။

သမတကာဇီရုံးမှ ထုတ်ပြန်သော တရားဝင်ဘာသာပြန်ထားခြင်းမဟုတ်သည့် မူကြမ်းအရ အစ္စလာမ်သည် နိုင်ငံတော်၏ အထွက်အမြတ်ဘာသာဖြစ်ကြောင်းသိရပါသည်။ မူကြမ်း၏ ပထမဦးဆုံးအခန်းတွင် မည်သည့်ဥပဒေမှ အစ္စလာမ်တို့၏ အထွတ်အမြတ်ဘာသာ နှင့် ဆန့်ကျင်ခြင်းမရှိစေရဟု ဖော်ပြထားသော်လည်း၊ အစ္စလာမ် ရှရီယာ ဥပဒေအား လိုက်နာလက်ခံကျင့်သုံးသည့်အချက်များ မပါရှိပေ။

ထို့ပြင် တခြားဘာသာများကို ကိုးကွယ်ယုံကြည်သူများသည် ဥပဒေပြဋ္ဌာန်းချက် အကန့်အသတ်အတွင်း လွတ်လပ်စွာ ဘာသာရေးအခမ်းအနားများကျင်းပနိုင်သည်ဟုလည်း ဖော်ပြထားပါသည်။

မူကြမ်းအား ဒုတိယ သမတနှင့်  ငါးနှစ်သက်တမ်းရှိပြီး၊ သမတတစ်ယောက်လျှင် အများဆုံး နှစ်ကြိမ်သက်တမ်းတာဝန်ထမ်းဆောင်နိုင်သော၊ သမတကို တိုက်ရိုက်ရွေးချယ် တင်မြှောက်သည့် သမတစနစ်ကိုရေးဆွဲထားပါသည်။

သမတသည် မွတ်ဆလင်ဖြစ်ရမည်ဖြစ်ပြီး၊ အာဖဂန်မိဘနှစ်ပါးမှမွေးဖွားသူ၊ အနည်းဆုံး အသက် ၄၀ ရှိပြီး၊ ရာဇဝတ်ပြစ်မှုဖြင့် အပြစ်ပေးခြင်း မခံရဖူးသူဖြစ်ရမည်ဟု ဆိုပါသည်။

(Wolesi Jirga) ခေါ် ပြည်သူ့လွှတ်တော် (House of People) နှင့် (Meshrano Jirga) ခေါ် ဝါရင့်ပုဂ္ဂိုလ်များလွှတ်တော် (House of Elders)ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိမည်ဖြစ်သည်။

သမတသည် အရေးအတွက်တိတိကျကျမဖော်ပြထားသော ဝန်ကြီးများကို ပြည်သူ့ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဦးဆောင်ခန့်အပ်မည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်အဖွဲ့ဝင်များကို  လျှို့ဝှက်မဲဆန္ဒဖြင့်  တိုက်ရိုက်ရွေးချယ် တင်မြှောက်မည်ဖြစ်သည်။ ဝါရင့်ပုဂ္ဂိုလ်များလွှတ်တော်၏ သုံးပုံတစ်ပုံကို ခန့်အပ်မည်ဖြစ်ပြီး၊

ကျန် သုံးပုံနှစ်ပုံကို ခရိုင်နှင့် ဒေသကောင်စီများမှ သွယ်ဝိုက်သောနည်းဖြင့် ရွေးချယ်မည်ဖြစ်သည်။

(Pashto) နှင့် (Dari) တို့အား နိုင်ငံတော်ဘာသာစကားအဖြစ်သတ်မှတ်ပြီး၊ အမျိုးသားသီချင်း (နိုင်ငံတော်သီချင်း) ကို (Pashto) လိုဆိုမည်ဖြစ်သည်။

သောကြာနေ့အား အများပြည်သူရုံးပိတ်ရက်အဖြစ်ကြေညာထားပြီး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း၊ စုရုံးခွင့်နှင့် နိုင်ငံရေးပါတီများထူထောင်ခြင်းကို ထိန်းသိမ်းထားရှိမည်ဟုဆိုပါသည်။ အခြေခံပညာရေးသည် အခမဲ့ဖြစ်သည်ကိုလည်းအာမခံထားပါသည်။

ထိုအခြေခံဥပဒေကြမ်းက အကြမ်းဖက်လှုပ်ရှားမှုပုံစံအားလုံးကိုလည်းကောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းကို ဥပဒေပြင်ပလုပ်ရပ်များအဖြစ်သတ်မှတ်ထားသည်။ တသီးပုဂ္ဂလိကနိုင်ငံခြားသားများ ပစ္စည်းဥစ္စာပိုင်ဆိုင်ခြင်းကို တားမြစ်ထားသည်။

ကော်မရှင်က ထိုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူကြမ်းသည် အာဖဂန်နစ္စတန်နိုင်ငံတဝှမ်းလုံး စည်းလုံးညီညွတ်ရေးကို အခြေခံမှ ရည်ရွယ်ရေးဆွဲထားကြောင်းဆိုပါသည်။

စက်တင်ဘာလ နှောင်းပိုင်းမှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအားအတည်ပြုရန်f (Loya Jirga) ကိုယ်စားလှယ် ၅၀၀ ရွေးချယ်ခြင်း လုပ်ငန်းကို ဆောင်ရွက်နေခဲ့ပါသည်။ ခရိုင်နှင့် ဒေသကိုယ်စားလှယ်များက ကိုယ်စားလှယ် ၃၄၄ ဦးကို ရွေးချယ်တင်မြှောက်ပြီး၊ တခြားကိုယ်စားလှယ် ၄၂ ဦးအား ဒုက္ခသည်များနှင့် လူနည်းစုဘာသာရေးအဖွဲ့များကို တသီးတခြားစီရွေးချယ်တင်မြှောက်မည်ဖြစ်သည်။ အမျိုးသမီးကိုယ်စားလှယ် ၆၂ ဦးကို အမျိုးသမီးအဖွဲ့အစည်းများက ရွေးချယ်မည်ဖြစ်ပြီး သမတ ကာဇီက ကျန် ကိုယ်စားလှယ် ၅၀ ကို ရွေးချယ်မည်ဖြစ်သည်။ (The Nation 4/11/03) (AFP)